# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကောင်းမှုပြုလျှင် မြတ်၏**

မကောင်းမှုကိုပြုလျှင် နောင်အခါတွင် ပူပန်ရသောကြောင့် မကောင်းမှုကို မပြုခြင်းသည် မြတ်၏။ ကောင်းမှုပြုလျှင် နောင်အခါတွင် မပူပန်ရ (ဝမ်းမြောက်ရ) သောကြောင့် ကောင်းမှုကိုပြုခြင်းသည် မြတ်၏။

(ဓမ္မပဒ-၃၁၄)


၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၉ ရက် | ၂၀၁၈ ခုနှစ်၊ ဇူလိုင် ၂၁ ရက်၊ စနေနေ့ | အတွဲ (၅၇)၊ အမှတ် (၂၉၂)


# သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ သတ္တရသမအစည်းအဝေး ပထမနေ့ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၀**

သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သတ္တရသမ အစည်းအဝေးပထမနေ့ကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဇန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာ ဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနန္ဒသာရက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။


*စာမျက်နှာ ၈ ကော်လံ ၁* ❁


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မကျီးကန်ကျေးရွာရှိ ဟိုတယ်ဝန်ဆောင်မှုနှင့် အချက်အပြုတ်ဆိုင်ရာ ပညာရပ်သင်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ၏ အချက်အပြုတ်ဆိုင်ရာပညာရပ် လက်တွေ့သင်ကြားနေမှုကို ကြည့်ရှုစဉ်။ သတင်းစဉ်

**ရန်ကုန် ဇူလိုင် ၂၀**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့မှ ကော့မှူးမြို့သို့ မော်တော်ယာဉ်များဖြင့် ထွက်ခွာပြီး မွန်းလွဲပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးမှူးရုံး၌ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကား ပြောကြားရာတွင် "လွှတ်တော် ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာအခန်းကဏ္ဍသည် တူညီမှုမရှိကြောင်း၊ ထိုသို့ မတူညီသော်လည်း ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ကြောင်း၊


*စာမျက်နှာ ၃ ကော်လံ ၁* ❒


**PPP အစီအစဉ်များမှတစ်ဆင့် ငြိမ်းချမ်းရေးကို မြှင့်တင်သော စီးပွားရေးအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ**


စာ » ၄


**ဗဟိုဘဏ်အနေနဲ့ မြန်မာကျပ်ငွေတန်ဖိုး တည်ငြိမ်စေရန် အတိုးနှုန်းမူဝါဒအပြင် သီးသန့်ငွေလိုအပ်ချက် သတ်မှတ်ခြင်းနဲ့ အပ်ငွေလေလံစနစ်တို့ကို ဆောင်ရွက်လျက်ရှိ**


စာ » ၇



Visit

The 5th International Processing & Packaging Exhibition for Myanmar ပဉ္စမအကြိမ်မြောက် နိုင်ငံတကာထုတ်လုပ်ခြင်းနှင့် ထုတ်ပိုးခြင်းဆိုင်ရာပြပွဲ

PROPAK MYANMAR

Including:
- Over 200 Exhibitors from 13 countries
- 6 International Pavilions from China, Italy, Japan, Singapore, Taiwan, Thailand
- Industry Conferences & Seminars

New Venue

13-15 September 2018

Yangon Convention Centre (YCC), Yangon

Located within Inya Lake Hotel compound on Kabar Aye Pagoda Rd.

Pre-register at www.propakmyanmar.com

Incorporating: DRINKTECH MYANMAR, INGREDIENTS MYANMAR, PLASPAK MYANMAR, PRINTECH MYANMAR

Contact Ya Mone at Tel: +95 1378 975 or Yamone.oo@ubm.com

Supported by: MFPEA, MIA, FoSTA Myanmar, AHK

Gold Sponsor by: GC

Organised by: UBM

မြန်မာ့အလင်း

# အားသစ်လောင်း နိုးထလာမည့် သတ္တုတွင်းကဏ္ဍ

လူထုအစိုးရသစ်သည် ယခင်ကခွင့်ပြုပေးခဲ့သော သတ္တုတွင်းလုပ်ကွက်များ အနေဖြင့် ပြဋ္ဌာန်းထားသည့် မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများ၊ ခွင့်ပြုမိန့် စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှု ရှိ/မရှိ အပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်မှု ရှိ/မရှိ စိစစ်သုံးသပ်နိုင်ရန် လုပ်ငန်းဆက်လက်ဆောင်ရွက်ခွင့်အား ၂၀၁၆ ခုနှစ်၊ ဇူလိုင်လမှစ၍ ယာယီရပ်ဆိုင်းခဲ့ပါသည်။ မြန်မာ့သတ္တုတွင်းနည်းဥပဒေသစ်ကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလက အတည်ပြုပြဋ္ဌာန်းပြီးဖြစ်၍ ယခုအခါ အဆိုပါရပ်နားထားသော သတ္တုလုပ်ကွက်လိုင်စင်များကို ပြန်လည်ချထားပေးရန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါသည်။ သက်ဆိုင်ရာလုပ်ငန်းရှင်များအနေဖြင့် ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့မှစတင်၍ အွန်လိုင်းမှတစ်ဆင့် မှတ်ပုံတင်လျှောက်ထားနိုင်တော့မည်ဖြစ်ပါသည်။

အတည်ပြုပြဋ္ဌာန်းလိုက်သော မြန်မာ့သတ္တုတွင်း နည်းဥပဒေအသစ်အရ သတ္တုတူးဖော်ရေးအတွက်သာမက သတ္တုတွင်းပိတ်သိမ်းရေးအတွက်ပါ စည်းမျဉ်းစည်းကမ်းတို့ကို သတ်မှတ်ပြဋ္ဌာန်းထားပါသည်။ ဤနည်းဥပဒေအသစ်အရ သတ္တုတွင်းပိတ်သိမ်းရေးကိစ္စရပ်အား ပတ်ဝန်းကျင် ထိန်းသိမ်းရေး သီးသန့်လုပ်ငန်း အစီအစဉ်တစ်ရပ်အဖြစ် သတ်မှတ်ထားပြီး သတ်မှတ်စည်းမျဉ်းစည်းကမ်းတို့ကို လိုက်နာမှုမရှိပါက အရေးယူရမည့် အစီအစဉ်များကိုပါ ပြဋ္ဌာန်းထားပါသည်။ ဤသည်မှာ သတ္တုတွင်းကဏ္ဍ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေသည့် သတ္တုတူးဖော်မှုအဖြစ်သို့ ဦးတည်စီမံဆောင်ရွက်ထားခြင်း ဖြစ်ပါသည်။

အဆိုပါ မြန်မာ့သတ္တုတွင်း နည်းဥပဒေအသစ်အရ နိုင်ငံခြားကုမ္ပဏီတို့အား သတ္တုလုပ်ကွက်အသစ်များ ချထားပေးမည်ဖြစ်သော်လည်း နိုင်ငံခြားကုမ္ပဏီများအနေဖြင့် အကြီးစားလုပ်ကွက်များ၌သာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရရှိမည်ဖြစ်ပါသည်။ သို့သော် ပြည်တွင်းကုမ္ပဏီများအနေဖြင့် လုပ်ကွက်ကြီး၊ လုပ်ကွက်လတ်၊ လုပ်ကွက်သေးမရွေး ဝင်ရောက်လုပ်ကိုင်ခွင့်ရရှိမည်ဖြစ်ပါသည်။ ဤဥပဒေသတ်မှတ်ပြဋ္ဌာန်းချက်သည် မြန်မာ့သတ္တုတွင်းကဏ္ဍ၌ ပြည်တွင်းကုမ္ပဏီတို့၏ ပါဝင်ဆောင်ရွက်ခွင့်ကို မြှင့်တင်အားပေးရန် ဖြစ်ပါသည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ အကြီးစားလုပ်ကွက်တို့၏ စုစုပေါင်း ဧရိယာသည် ဧက ငါးသိန်းဝန်းကျင်၊ အလတ်စားလုပ်ကွက်တို့၏ စုစုပေါင်းဧရိယာသည် ဧက ၂၅၀ ဝန်းကျင်၊ အသေးစားလုပ်ကွက်တို့၏ စုစုပေါင်းဧရိယာသည် ဧက ၂၀ ဝန်းကျင်ရှိပါသည်။ အဆိုပါ လုပ်ကွက်တို့ကို မြန်မာ့သတ္တုတွင်း နည်းဥပဒေသစ်နှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် သတ္တုတွင်းဦးစီးဌာန ရုံးချုပ်တို့က စိစစ်ချထားပေးမည့်အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရများကလည်း စိစစ်ချထားပေးသွားမည်ဖြစ်ပါသည်။ ယခုအခါ စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုတောင်ဒေသတွင် သတ္တုစမ်းသပ်ရှာဖွေနိုင်ရေးအတွက် **Wintho Resources Company Limited (WRCL)** နှင့် စာချုပ်ချုပ်ဆိုခဲ့ပြီးဖြစ်ပါသည်။ အလားတူ စာချုပ်ချုပ်ဆိုခွင့်ပြုချက်ရရန် နိုင်ငံခြားကုမ္ပဏီခုနစ်ခုကလည်း စောင့်ဆိုင်းလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ မျှားမကြာမီ မြန်မာ့သတ္တုတွင်းကဏ္ဍသည် အားသစ်လောင်း နိုးထလာတော့မည်ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

**စာပေမြင့်မှ လူမျိုးတင့်မည်**

# (၆၆)နှစ်မြောက် အီဂျစ်နိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

**(၆၆)နှစ်မြောက် အီဂျစ်နိုင်ငံ၏အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့်ဇနီး ဒေါ်ခင်ဌေးတို့ တက်ရောက်ကြသည်။**

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သီချင်းနှင့် အီဂျစ်နိုင်ငံ-နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်နိုင်ငံသံအမတ်ကြီး H.E. Mr. Khaled mohamed abdelrahaman abdelsalam နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။ (ဝဲပုံ)




ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ သံအမတ်ကြီးတို့သည် ညှော်ခံပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ညှော်ခံပွဲသို့တက်ရောက်လာကြသူများအား သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# သတင်းရေးသားထုတ်ပြန်ခြင်းသင်တန်း တက်ရောက်နေသည့် သင်တန်းသားများ နေပြည်တော်ရှိ မြန်မာ့ရုပ်မြင်သံကြားနှင့် သတင်းစာတိုက်များသို့ လာရောက်လေ့လာ

**နေပြည်တော် ဇူလိုင် ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်) ဒက္ခိဏသင်တန်းကျောင်း၌ ဖွင့်လှစ်လျက်ရှိသည့် သတင်းရေးသားထုတ်ပြန်ခြင်း သင်တန်းတက်ရောက်နေသည့် သင်တန်းသားများ ယနေ့မွန်းလွဲပိုင်းက နေပြည်တော် တပ်ကုန်းရှိ မြန်မာ့ရုပ်မြင်သံကြားနှင့် သတင်းစာတိုက်များတွင် လုပ်ငန်းများ ဆောင်ရွက်နေမှုများကို လာရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

ထိုသို့ လေ့လာရေးလာရောက်သည့် သင်တန်းသားများအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အင်ဂျင်နီယာမှူးကြီး ဦးနေမျိုးဝင်းက မြန်မာ့ရုပ်မြင်သံကြားနှင့် ရေဒီယို အသံလွှင့်အစီအစဉ်များ ထုတ်လွှင့်ဆောင်ရွက်နေမှုများ၊ နေပြည်တော်တွင် ရုပ်ရှင်ရိုက်ကွင်းနေရာအဖြစ် လာရောက်ရိုက်ကူးနိုင်ရေး သတင်းတင်ဆက်ပေးမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာ့အလင်းသတင်းစာတိုက်နှင့် ကြေးမုံသတင်းစာတိုက်တို့သို့ ရောက်ရှိရာ စာတည်းမှူးချုပ် ဦးအောင်နိုင်ဦးနှင့် ခေတ္တစာတည်းမှူးချုပ် ဦးဝင်းရွှေတို့က နေ့စဉ်သတင်းစာများ စီစဉ်ဆောင်ရွက်မှု လုပ်ငန်းအဆင့်ဆင့်၊ သတင်းများ စိစစ်ရွေးချယ်ဖော်ပြခြင်းလုပ်ငန်းများနှင့် နေ့စဉ်သတင်းစာ ထုတ်လုပ်ဖြန့်ချိနေမှုများကို ရှင်းလင်းပြောကြားပြီး သင်တန်းသားများက သိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပေးသည်။ **(ယာပုံ)**

အဆိုပါ သတင်းရေးသားထုတ်ပြန်ခြင်းသင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဦးစီးအရာရှိ ၃၆ ဦး တက်ရောက်လျက်ရှိရာ သတင်းစီးဆင်းမှု၊ သတင်းအရင်းအမြစ်များရှာဖွေခြင်း၊ သတင်းဖွဲ့စည်းတည်ဆောက်ပုံ၊ သတင်းရေးသားခြင်း၊ သတင်းဆောင်းပါးရေးသားခြင်း၊ သတင်းဖတ်ရှုသူ၏ အမြင်၊ သတင်းစာရှင်းလင်းပွဲကဏ္ဍ၊ သတင်းများ ထုတ်ပြန်ခြင်း၊ သတင်းမီဒီယာဥပဒေ၊ စာနယ်ဇင်းကျင့်ဝတ်၊ သတင်းဓာတ်ပုံပညာစသည့် ပညာရပ်များကို ရက်သတ္တ နှစ်ပတ်ကြာ စာတွေ့လက်တွေ့ ဆွေးနွေးသင်ကြားနေခြင်းဖြစ်ကြောင်း သိရသည်။

**ဖြိုးလေး(တာချီလိတ်)**



# ရေချိုငါးမျိုးစိတ်များပြန့်ပွားရေး ကန်သာယာကန်အတွင်းသို့ ငါးသားပေါက်ကောင်ရေ တစ်သိန်းလွှတ်ပေးခဲ့

**မုံရွာ ဇူလိုင် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန စည်ပင်သာယာရေး ကော်မတီနှင့် စစ်ကိုင်းတိုင်းဒေသကြီး ငါးမျှားဝါသနာရှင်အသင်းတို့ ပူးပေါင်းပြီး ဇူလိုင် ၂၀ ရက်က မုံရွာမြို့ ကန်သာယာကန်အတွင်းသို့ ငါးသားပေါက်များ လွှတ်ပေးခဲ့ကြောင်းသိရသည်။

ရေချိုငါးမျိုးစိတ်များ ပြန့်ပွားစေရန် တိုင်းဒေသကြီးအတွင်း ငါးစားသုံးမှု မြင့်တက်ရေးကို အထောက်အကူဖြစ်စေရန်၊ ရေချိုငါးမျိုးစိတ်ပြန်းတီးမှုကာကွယ်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ ဖြစ်စေရန်အတွက် ကန်သာယာကန်အတွင်းသို့ ငါးသား ပေါက်များ လွှတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

မုံရွာမြို့ ကန်သာယာကန်အတွင်းသို့ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် စစ်ကိုင်းတိုင်းဒေသကြီး ငါးမျှားဝါသနာ ရှင်အသင်းမှ အသင်းသားများက ငါးမြစ်ချင်း အကောင် ၄၀၀၀၀၊ ထိုင်း ငါးခုံးမ အကောင် ၃၀၀၀၀၊ တီလားပီးယား အကောင် ၃၀၀၀၀ စုစုပေါင်း အကောင်ရေ တစ်သိန်းကို လွှတ်ပေးခဲ့ကြောင်း သိရသည်။ **ဝင်းဦး(ဇေယျာတိုင်း)**

# မိုးညှင်း-မိုးကောင်းကြား ရထားသံလမ်းတံတားပြုပြင်ပြီးစီး၍ ရထားများ ပုံမှန်ပြေးဆွဲ

**မိုးကောင်း ဇူလိုင် ၂၀**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်အတွင်းရှိ မြစ်ကြီးနား-မန္တလေး ရထားလမ်းပိုင်း ကုန်းတန်းကြီးကျေးရွာတွင် ယနေ့ နံနက်ပိုင်းက မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေများတိုက်စားကာ ရထားသံလမ်းတံတား ပျက်စီးနေ၍ ရထားသွားလာမှု ခေတ္တရပ်ဆိုင်းထားရာမှ သံလမ်းတံတား ပြုပြင်ပြီးစီး၍ ရထားများ ပုံမှန်ပြန်လည်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။



အဆိုပါ ရထားသံလမ်းမိုင်တိုင်အမှတ် ၆၆၀/၁၄ နှင့် ၆၆၀/၁၅ ကြားရှိ ရထားတံတား အမှတ် ၆၃၆(A) Open Type တံတား၏ အုတ်ခုံနောက်ကျောမြေသားများ ရေတိုက်စားပြိုကျခဲ့၍ ရထားသွားလာမှု ခေတ္တရပ်ဆိုင်းထားရကာ မြန်မာ့မီးရထား သံလမ်းအင်ဂျင်နီယာဌာနမှ အငယ်တန်းအင်ဂျင်နီယာ ဦးရဲမင်းထွန်း ဦးဆောင်သည့် ရထားဝန်ထမ်းများ၊ ပင်းဘောရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မှတပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းပြုပြင်ခဲ့၍ မွန်းလွဲ ၂ နာရီတွင် ရထား သံလမ်းတံတားပြန်လည်ကောင်းမွန်ခဲ့ကာ အတက်/ အဆင်း ရထားများဖြစ်သည့် မိုးညှင်း-မြစ်ကြီးနား (RBE)ကားရထားနှင့် အမှတ်(၅၆) အစုန် အထူးအမြန်ရထားနှင့် အမှတ်(၅၅)အဆန် အထူးအမြန်ရထားများ ယင်းတံတားပေါ်မှ ပုံမှန်ပြန်လည်ခုတ်မောင်း ဖြတ်သန်းနိုင်ခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

❒ *ရှေ့ဖုံးမှ*

လွှတ်တော်ကိုယ်စားလှယ်များသည် အုပ်ချုပ်ရေးပိုင်းဆိုင်ရာနှင့် ပြည်သူများအကြားတွင် ပေါင်းကူးတံတားအဖြစ် ဆက်သွယ်ပေးရမည် ဖြစ်ပါကြောင်း၊ ကောင်းသည့် ကိစ္စရပ်များဆောင်ရွက်ရန် အခွင့်အလမ်းရှိသကဲ့သို့ တာဝန်ယူမှုမရှိပါကလည်း အုပ်ချုပ်ရေးပိုင်းဆိုင်ရာ နစ်နာမည်ဖြစ်ပါကြောင်း၊ အောက်ခြေတွင်ရှိသည့် ပြည်သူလူထုအခြေအနေနှင့် အမြင်များကို လွှတ်တော်ကိုယ်စားလှယ်များက တင်ပြမှုမရှိပါက အုပ်ချုပ်ရေးပိုင်းအနေဖြင့် ပြည့်ပြည့်ဝဝသိနိုင်မည် မဟုတ်၍ အပြန်အလှန်လေးစားမှု၊ နားလည်မှုနှင့် တာဝန်သိမှုတို့သည် အရေးကြီးပါကြောင်း၊ ထို့အတူ လွှတ်တော်ကိုယ်စားလှယ်များက တင်ပြသော်လည်း အုပ်ချုပ်ရေးပိုင်းဆိုင်ရာက အကောင်အထည်မဖော်ပါက အထစ်အငေါ့များ ဖြစ်လာနိုင်ပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုကို အလေးထားရမည်ဖြစ်ပါကြောင်း။

**အဘက်ဘက်က နစ်နာ**

မိမိအနေဖြင့် မြန်မာနိုင်ငံအနှံ့ရှိ ပြည်သူများနှင့် တွေ့ဆုံရာတွင် သောက်သုံးရေ မလုံလောက်သည့် နေရာများတွင် ရေအလုံအလောက်ရရှိရန် တောင်းဆိုသော်လည်း တူညီစွာ တောင်းဆိုကြသည့်အချက်မှာ လမ်းပန်းဆက်သွယ်ရေးပင် ဖြစ်ပါကြောင်း၊ ရာသီမရွေးသွားလာနိုင်သည့် (ရာသီစုံလမ်း) မရှိပါက ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးအပါအဝင် အဘက်ဘက်က နစ်နာပါကြောင်း။

**လမ်းပန်းဆက်သွယ်ရေးကောင်းမွန်**

ကော့မှူးရှိ လမ်းများသည် ကောင်းမွန်လျက်ရှိနေသည်ကို တွေ့ရကြောင်း၊ လမ်းများကို စံတစ်ခုအဖြစ် သတ်မှတ်ကာ လမ်းပိုင်းကို စနစ်တကျ စစ်ဆေးဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ လျှပ်စစ်မီးရရှိရေးနှင့် ပတ်သက်၍ ပြည့်ဝစွာ ဆောင်ရွက်ပေးနိုင်ခြင်း မရှိသော်လည်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စွာသွားလာနိုင်ရန် အဆင့်ဆင့်ဆောင်ရွက် စီစဉ်နိုင်ခဲ့ပါကြောင်း၊ မိမိအနေဖြင့် ကော့မှူးရှိ ပြည်သူများ၏ တောင်းဆိုချက်ဖြစ်သည့် ရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး ရရှိအောင် ဆောင်ရွက်ပေးခဲ့ပြီး လျှပ်စစ်မီးရရှိရေးနှင့် ပညာရေးအခြေအနေ ဆောင်ရွက်ထားမှုကို သိရှိလိုပါကြောင်း။

ပညာရေးအနေဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုသူများ အောင်ချက်မြင့်မားရေးအတွက် မြို့နယ်ပညာရေးဌာန အနေဖြင့် စိစစ်၍ ကောင်းမွန်အောင် ဆောင်ရွက်စေလိုပါကြောင်း၊ ကျူရှင်၊ ဂိုက်စနစ်များဖြင့် သင်ကြားမှုထက် အတန်းတွင် ပြည့်စုံစွာ သင်ကြားနိုင်သည့် စနစ်ဖြစ်အောင် ပြင်ဆင်ရမည်ဖြစ်ပါကြောင်း၊ မိဘများကိုယ်တိုင် ယခုကဲ့သို့ ကျူရှင်၊ ဂိုက်စသည်တို့ဖြင့် သင်ကြားပေးနေမှုသည် ပညာရေးအတွက် ကောင်းမွန်သည့် အလားအလာ မဟုတ်ပါကြောင်း၊ ကျူရှင်စနစ်အား ထောက်ခံသည့်သဘောသက်ရောက်နေပါကြောင်း၊ ထို့ကြောင့် အားလုံးဝိုင်းဝန်း၍ ပြောင်းလဲရမည်ဖြစ်ပါကြောင်း၊ ဆရာ၊ ဆရာမများသိက္ခာရှိရှိဖြင့် နေထိုင်နိုင်သည့်အထိ ဆောက်တည်ပေးနိုင်ရန်အတွက် ပြည်သူပြည်သားများ၏ အကူအညီလည်း လိုအပ်ပါကြောင်း၊ မည်သည့်အစိုးရမှ ပြည်သူပြည်သားများ၏ ပူးပေါင်းဆောင်ရွက်မှု မပါဝင်ဘဲနှင့် တိုးတက်နိုင်မည် မဟုတ်ပါကြောင်း။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကော့မှူးမြို့နယ် ဆင်ခြံကျေးရွာ အောင်ဇမ္ဗူပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေတုမာလာထံ သက်န်းနှင့် လှူဖွယ်ဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကော့မှူးမြို့နယ်၌ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**လေ့လာဆောင်ရွက်ပေး**

ကျန်းမာရေးအနေဖြင့် ကော့မှူးမြို့နယ် အပါအဝင် နိုင်ငံတစ်နိုင်ငံလုံးတွင်ရှိသည့် ကလေးငယ်များ၏ အာဟာရပြည့်ဝမှုသည် အားရစရာမရှိကြောင်း၊ အာဟာရပြည့်ဝစွာ မရရှိခြင်းကြောင့် ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးမှု နည်းပါးနေသည်ကို တွေ့ရကြောင်း၊ ကလေးငယ်များသည် အသက်နှစ်နှစ် ဝန်းကျင်မှစ၍ အာဟာရချို့တဲ့သည့် လက္ခဏာကိုတွေ့ရပါကြောင်း၊ ဉာဏ်ရည်ထိခိုက်မှု မရှိသော်လည်း ခန္ဓာကိုယ်ဖွံ့ဖြိုးရေးအတွက် ထိခိုက်မှုရှိပါကြောင်း၊ အာဟာရပြည့်ဝသည့် ဒေသထွက် အစားအစာများကို သိပ္ပံနည်းကျတွက်ချက်၍ အစာအာဟာရဖွံ့ဖြိုးစေရန် လေ့လာဆောင်ရွက်ပေးစေလိုပါကြောင်း၊

မိမိတို့အစိုးရအနေဖြင့် အထူးအလေးပေးသည်မှာ သန့်ရှင်းသည့် အစိုးရ၊ တာဝန်သိသည့် အစိုးရ၊ တာဝန်ယူသည့် အစိုးရ ဖြစ်ပါကြောင်း၊ တာဝန်သိသည့် အစိုးရသည် အဂတိလိုက်စားမှုကင်းရှင်းမှုမက ပြည်သူများအနေဖြင့် သံသယပင်မရှိအောင် နေနိုင်ရမည်ဖြစ်ပါကြောင်း။

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကော့မှူးမြို့နယ် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွှေ့လျားစာကြည့်တိုက်အတွင်း ကျောင်းသား ကျောင်းသူများ၏ စာပေလေ့လာမှုကို ကြည့်ရှုအားပေးစဉ်။ သတင်းစဉ်




ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွှေ့လျားစာကြည့်တိုက်ယာဉ်ကို တွေ့ရစဉ်။ သတင်းစဉ်





နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကော့မှူးမြို့နယ် မကျီးကန်ကျေးရွာ၌ ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းကဆောင်ရွက်နေသည့် ဓာတုကင်းလွတ်စပါးစိုက်ခင်းတွင် ရွှေဘိုပေါ်ဆန်းစပါးအမျိုးအစားများ ပျိုးထောင်စိုက်ပျိုးထားမှုကို ကြည့်ရှုအားပေးစဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

အစိုးရအဖွဲ့တွင် ဝန်ကြီး ၃၀ ပင် မပြည့်ကြောင်း၊ ပြည်သူများနှင့် ထိတွေ့နေသည့် အောက်ခြေရှိ အုပ်ချုပ်ရေးဆိုင်ရာ ဝန်ထမ်းအများအပြားရှိပါကြောင်း၊ အုပ်ချုပ်ရေးဆိုင်ရာ ဝန်ထမ်းများ သန့်ရှင်းပါမှ၊ ပြည်သူများအနေဖြင့် အဂတိလိုက်စားမှု သံသယမရှိပါမှ မိမိတို့နိုင်ငံသည် သိက္ခာရှိသည့် နိုင်ငံ၊ တိုးတက်သည့်နိုင်ငံဖြစ်မည် ဖြစ်ပါကြောင်း၊ အစိုးရအဖွဲ့တွင် ပါဝင်သူများအား အရေးယူရန် လွယ်ကူသော်လည်း အောက်ခြေတွင်ရှိသည့် များပြားလှသည့် အုပ်ချုပ်ရေးဆိုင်ရာ အရာရှိများ၊ ဝန်ထမ်းများကို အရေးယူရန်အတွက် လွယ်ကူလှမည် မဟုတ်ပါကြောင်း၊ ထို့ကြောင့် မိမိကိုယ်ကိုယ် ထိန်းသိမ်းဖို့ လိုပါကြောင်း။

**အားလုံးပူးပေါင်း ဆောင်ရွက်**

ပီတိစား၍ ဝသည်ဆိုသော စကားရပ်ကို မိမိအနေဖြင့် ယုံကြည်မှုမရှိဘဲ ဝန်ထမ်းများကို လုံလောက်သည့်လစာ၊ လုံလောက်သည့် အဆောင်အယောင်များပေးနိုင်ရန် စီစဉ်ပေးရမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများ၏ လိုအပ်ချက်ကို နေ့ချင်း၊ ညချင်း ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသော်လည်း တစ်ဆင့်ချင်း ဖြည့်ဆည်းသွားမည် ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ကော့မှူးမြို့နယ်ရှိ ပြည်သူများကို ပေးနိုင်သည့် ကတိတစ်ခုရှိပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် အမှန်တကယ် ပြည်သူကို စေတနာထား၍ လုပ်ဆောင်မည်ဆိုပါက မိမိတို့နိုင်ငံ မြန်ဆန်စွာ ဖွံ့ဖြိုးတိုးတက်မည် ဖြစ်ပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ပါက ဝန်ထမ်းများ၏ ဘဝသည်လည်း ဖွံ့ဖြိုးတိုးတက်မည်ဖြစ်၍ အားလုံးပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ကော့မှူးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျာမြတ်သူက မြို့နယ်၏ အကျယ်အဝန်းနှင့် လူဦးရေနေထိုင်မှု၊ မြေအသုံးချမှု၊ သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်မှုနှင့် ဆန်ဖူလုံမှု၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် လမ်းပန်းဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုတို့ကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

**ညှိနှိုင်းဆောင်ရွက်ပေး**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**ဆက်ကပ်လှူဒါန်း**

နံနက်ပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ဝင်များနှင့်အတူ ကော့မှူးမြို့နယ် ဆင်ခြံကျေးရွာ အောင်ဇမ္ဗူ ပရိယတ္တိစာသင်တိုက်ရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာသို့ ရောက်ရှိပြီး ကျောင်းတိုက်ပဓာနနာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေတုမာလာအား ဖူးမြော်ကြည်ညိုပြီး သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းကာ သီလခံယူဆောက်တည်၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေသည်။

**လိုအပ်သည်များမှာကြား**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာရှိ ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားနေမှုနှင့် တိုးတက်မှု၊ သင်ကြားပြသမှုအခြေအနေတို့နှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို ဆရာ ဆရာမများအား မေးမြန်းပြီး လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မကျီးကန်ကျေးရွာတွင် ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းက ဖွင့်လှစ်ထားသည့် ဟိုတယ်ဝန်ဆောင်မှုနှင့် အချက်အပြုတ်ဆိုင်ရာ ပညာရပ်သင်တန်းကျောင်း (HCTA) သို့ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ၏ စာတွေ့လက်တွေ့ သင်ကြားနေမှုများနှင့် သင်တန်းကျောင်း ပရိဝုဏ်အတွင်း စိုက်ပျိုးထားရှိသည့် ဓာတုကင်းလွတ်စိုက်ခင်းကို ကြည့်ရှုအားပေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

**ဆုံးမသြဝါဒစကား ပြောကြား**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံကာ ဆုံးမသြဝါဒစကား ပြောကြားသည်။

အဆိုပါ သင်တန်းကျောင်းကို ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၅ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး လူငယ်များ အလုပ်အကိုင်ရရှိရေးအတွက် ဟိုတယ်ဝန်ဆောင်မှုနှင့် အချက်အပြုတ်ဆိုင်ရာ ပညာရပ်များကို သင်ကြားပေးလျက်ရှိသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကော့မှူးမြို့ရှိ ပတုပ်အခြေခံပညာ မူလတန်းလွန်ကျောင်းသို့ရောက်ရှိပြီး ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွေ့လျားစာကြည့်တိုက်အတွင်း ကျောင်းသား ကျောင်းသူများ စာပေလေ့လာဖတ်ရှုနေမှုကို ကြည့်ရှုအားပေးကာ ဒေသခံများ၊ ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကော့မှူးမြို့နယ် မကျီးကန်ကျေးရွာ၌ ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းက ဆောင်ရွက်နေသည့် ၄ ဒသမ ၉၈ ဧကရှိ ဓာတုကင်းလွတ်စပါးစိုက်ခင်းသို့ ရောက်ရှိပြီး ရွှေဘိုပေါ်ဆန်းစပါးအမျိုးအစားများ ပျိုးထောင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

**သတင်းစဉ်**

# PPP အစီအစဉ်များမှတစ်ဆင့် ငြိမ်းချမ်းရေးကိုမြှင့်တင်သော စီးပွားရေးအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၀**

စီးပွားရေးနှင့် ငြိမ်းချမ်းရေးသည် ဆက်စပ်နေပြီး ငြိမ်းချမ်းရေးရှိမှ မိမိတို့ပြည်ထောင်စု ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ပြောကြားသည်။

ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၁၀) ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ကျင်းပသည့် Public Private Partnership - PPP အစီအစဉ်များမှတစ်ဆင့် ငြိမ်းချမ်းရေးကို မြှင့်တင်သော စီးပွားရေးအလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆွေးနွေးပွဲတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ဒုတိယဥက္ကဋ္ဌ ဦးခိုင်စိုးနိုင်အောင်၊ UMFCCI ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ထို့နောက် ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းကို အကျဉ်းချုပ်ပြောကြားပြီး B4P and PPP Arrangements ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားသည်။

ဆွေးနွေးပွဲအပြီး သီးခြားတွေ့ဆုံမေးမြန်းမှုတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန



ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် Public Private Partnership - PPP အစီအစဉ်များမှတစ်ဆင့် ငြိမ်းချမ်းရေးကိုမြှင့်တင်သော စီးပွားရေး အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က "မြန်မာနိုင်ငံက သယံဇာတပေါကြွယ်ဝတယ်။ သူများနိုင်ငံတွေနဲ့ နှိုင်းယှဉ်ရင် ရာသီဥတု ပထဝီအနေအထားကောင်းတယ်။ ဒါပေမယ့် ကျွန်တော်တို့ နိုင်ငံမှာ ပြီးခဲ့တဲ့ အချိန်တုန်းက စီမံအုပ်ချုပ်တဲ့ အခန်းကဏ္ဍလည်း လိုအပ်တယ်။ ပြီးတော့ အဲဒီစီမံအုပ်ချုပ်မှုကြောင့်သော်လည်းကောင်း သို့မဟုတ် တိုင်းရင်းသားတွေက ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ဖော်ဆောင်မှုကို အားမရတဲ့အတွက်ကြောင့် သော်လည်းကောင်း ပြည်တွင်းစစ်ဖြစ်တယ်။ ဒီငြိမ်းချမ်းရေးမရှိတဲ့အတွက် ပြည်တွင်းစစ်က နှစ်ပေါင်း ၇၀ နီးပါးလောက် ခရီးရောက်လာတယ်။ ငြိမ်းချမ်းရေးမရဘူး၊ ငြိမ်းချမ်းရေး အင်မတန် ခက်ခဲတယ်။ ငြိမ်းချမ်းရေးမရှိဘဲ ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ဖို့က မဖြစ်နိုင်ဘူး။ ငြိမ်းချမ်းရေးရှိသည့်တိုင် ကိုယ်ရဲ့ပြည်တွင်းမှာရှိနေတဲ့ လူသားအရင်းအမြစ် သယံဇာတကလည်း အများကြီးလိုအပ်တယ်။

"နောင်လာမယ့် လူသားအရင်းအမြစ်တွေမှာ ပညာဗဟုသုတလိုတယ်။ ပညာကို ခွဲခြားလိုက်ရင် အတတ်ပညာမျိုးစုံနဲ့ အသိပညာက နှစ်မျိုးရှိတယ်။ မှန်ကန်မြင့်မြတ်တဲ့ အသိပညာနဲ့ မှားယွင်းယုတ်ညံ့တဲ့အသိပညာဖြစ်ပါတယ်။ နောင်လာနောက်သား လူငယ်တွေမှာ မှားယွင်းယုတ်ညံ့တဲ့ အသိပညာမျိုးတွေ မပေါ်ပေါက်လာအောင် မှန်ကန်မြင့်မြတ်တဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ စိတ်ဓာတ်မျိုး မွေးမြူဖို့လိုပါတယ်။ ပြည်ထောင်စုကြီးထဲမှာ ဒီလိုစိတ်ထားမျိုးတွေ အရေးကြီးတယ်၊ အများကြီး လိုအပ်တယ်။ နောင်လာနောက်သားတွေမှာ အများအတွက်၊ တိုင်းပြည်အတွက် အနစ်နာခံ ကိုယ်ကျိုးစွန့်တဲ့ စိတ်ဓာတ်မျိုးတွေ ပေါ်ပေါက်အောင်၊ မှားယွင်းယုတ်ညံ့တဲ့ အသိမျိုးတွေ မပေါ်ပေါက်အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်မှသာ ပြည်ထောင်စုကြီး ငြိမ်းချမ်းမယ်၊ ဖွံ့ဖြိုးတိုးတက်မယ်။ သာယာတဲ့ နိုင်ငံကို ထူထောင်နိုင်မှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က "အဓိကကတော့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ နိုင်ငံရေးဆွေးနွေးပွဲတွေ လုပ်တယ်။ အထူးသဖြင့် တတိယအကြိမ် ပင်လုံပြီးသွားပြီ။ တစ်ဖက်က အဲဒီလို လုပ်တယ်။ ကျွန်တော်တို့ တတ်နိုင်တဲ့ဘက်က စီးပွားရေးလုပ်ငန်းရှင်များအနေနဲ့ ငြိမ်းချမ်းရေးကို ဘယ်လိုအထောက်အကူဖြစ်မလဲဆိုတာကို စဉ်းစားရမယ်။ စဉ်းစားတဲ့အခါမှာ NCA-S EAO အဖွဲ့ ၆ ဖွဲ့က NCA လက်မှတ်ထိုးပြီးသား။ *စာမျက်နှာ ၅ သို့*

# စစ်မှုထမ်းဟောင်းအိမ်ရာ တိုက်ခန်းများနှင့် မော်တာသုံးဘီးဝှီးချဲများ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၀**

စစ်မှုထမ်းဟောင်းအိမ်ရာ (ရန်ကုန်-၁/၂)မြို့သာယာနှင့် ကြက်ဖြူကန်တို့ရှိ တိုက်ခန်းများနှင့် E-Bike မော်တာသုံးဘီးဝှီးချဲများ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် မော်ဘီတပ်နယ်ရှိ တပ်နယ်ခန်းမ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များ နေထိုင်ရန်အတွက် လိုအပ်သည့် တိုက်ခန်းများနှင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရင်း ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊ စစ်သည်များ အသုံးပြုရန် လိုအပ်သည့် E-Bike မော်တာသုံးဘီးဝှီးချဲများအား ပေးအပ်သည့် အခမ်းအနားဖြစ်ကြောင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ နေရေး အဆင်ပြေစေရန်အတွက် စစ်မှုထမ်းဟောင်းအိမ်ရာများကို တတ်နိုင်သလောက် ဆောက်လုပ်ပြီး နေရာချထားပေးလျက်ရှိကြောင်း၊ အစိုးရအဆက်ဆက် စစ်မှုထမ်းဟောင်းများအတွက် ဆောင်ရွက်ပေးခဲ့သော်လည်း အခက်အခဲတချို့ကြောင့် လိုအပ်ချက်များလည်းရှိခဲ့ကြောင်း၊ ယခုအခါတွင်လည်း မိမိတို့အနေဖြင့် စစ်မှုထမ်းဟောင်းများအတွက် အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က E-Bike မော်တာသုံးဘီးဝှီးချဲများကိုပေးအပ်ရာ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်တစ်ဦးက လက်ခံရယူသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်းက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများကို လည်းကောင်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးက အဆင့်မြင့် စစ်မှုထမ်းဟောင်းအိမ်ရာ (ရန်ကုန်-၁/၂) နေထိုင်ခွင့်လက်မှတ်နှင့် အခန်းသော့များကို လည်းကောင်း၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက ရွှေဖီဦးအသင့်ဖျော်လက်ဖက်ရည်ထုပ်များကို လည်းကောင်း ပေးအပ်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားတက်ရောက်လာကြသည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်မှုထမ်းဟောင်းအိမ်ရာ (ရန်ကုန်-၁/၂)မြို့သာယာနှင့် ကြက်ဖြူကန်တို့ရှိ တိုက်ခန်းများနှင့် E-Bike မော်တာသုံးဘီးဝှီးချဲများ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** သတင်းစဉ်

*စာမျက်နှာ ၄ မှ*

နောက်ထပ်ထိုးပြီးသားအဖွဲ့တွေ အားလုံးက ကုမ္ပဏီတွေထောင်ပြီးတော့ စီးပွားရေးကို လုပ်ကြမယ်။ စီးပွားရေးကိုလုပ်ရင် ငြိမ်းချမ်းရေးအသီးအပွင့်တွေပေါ့။ သူတို့ ဒေသတွေမှာ ငြိမ်းချမ်းနေပြီ။ ပဋိပက္ခတွေ မရှိတော့ဘူး။ ပဋိပက္ခတွေမရှိတဲ့ ဒေသတွေမှာ စီးပွားရေးဖွံ့ဖြိုးအောင် ကျွန်တော်တို့ တိုက်တွန်းတာပေါ့။ ကုမ္ပဏီတွေထောင်တဲ့ပုံစံ၊ စနစ်တကျပီပီပြင်ပြင်ထောင်ဖို့လိုတယ်။ ထောင်တဲ့ ကုမ္ပဏီတွေကလည်း တကယ်ကိုတာဝန်ကျေတဲ့ ကုမ္ပဏီတွေဖြစ်အောင် ကျွန်တော်တို့ ဆောင်ရွက်ဖို့ ရှိပါတယ်။ ကုမ္ပဏီထောင်ပြီး သူတို့ဒေသမှာ အသင့်တော်ဆုံးဖြစ်တဲ့ ဆောက်လုပ်ရေးပဲဖြစ်ဖြစ်၊ မွေးမြူရေးပဲဖြစ်ဖြစ်၊ ကျန်းမာရေးဖြစ်ဖြစ်၊ အားကစားပဲဖြစ်ဖြစ် သူတို့ဒေသနဲ့ ပတ်သက်တဲ့ လုပ်ငန်းတွေကို ကျွန်တော်တို့ ဖန်တီးပေးရမှာပေါ့။ အဲဒါ ကျွန်တော်တို့ရဲ့တာဝန်ပေါ့။ သူတို့နဲ့ တစ်ပိုင်တစ်နိုင်ဖြစ်မယ့်ဟာမျိုးပဲ ဖြစ်ရမှာပါ။ အလုပ်အကိုင်အခွင့်အလမ်းများများပေးနိုင်တဲ့ ကုမ္ပဏီတွေရှိမှရမှာပေါ့။ လက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ မိသားစုတွေ စား၊ ဝတ်၊ နေရေး ပြေလည်အောင် လုပ်ဆောင်ပေးရမှာ ဖြစ်ပါတယ်။

"ငြိမ်းချမ်းရေးအတွက် စီးပွားရေး ဘယ်လိုပါဝင်နိုင်မလဲဆိုတဲ့ အခြေခံထားပြီး စီးပွားရေးနဲ့ နိုင်ငံတော်အစိုးရနဲ့ ပေါင်းစပ်တဲ့အခါမှာ PPP လို့ ခေါ်တဲ့ ပုဂ္ဂလိက အများပိုင်ပူးပေါင်းဆောင်ရွက်မှုပုံစံကို ဖော်ပြတာပေါ့။ နိုင်ငံတစ်နိုင်ငံ ငြိမ်းချမ်းဖို့ဆိုရင် ဖွံ့ဖြိုးမှုရမယ်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးဖို့ဆိုရင် ငြိမ်းချမ်းမှု ရမယ်ဆိုတာကို လက်ခံထားပါတယ်။ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဟာ အစကတည်းက အပြန်အလှန် အားပြုနေတယ်။ မငြိမ်းချမ်းလို့ မဖွံ့ဖြိုး၊ မဖွံ့ဖြိုးလို့ မငြိမ်းချမ်း၊ ဒါကြောင့် ပဋိပက္ခဖြစ်ပွားရင် ဖွံ့ဖြိုးမှုကို နှောင့်နှေးတယ်။ ဖွံ့ဖြိုးမှုနှောင့်နှေးတော့ ပဋိပက္ခကိုပိုပြီးတော့ ကြီးထွားစေတယ်။ ဒါကိုဖြတ်နိုင်ဖို့က တစ်ခုတည်း ငြိမ်းချမ်းအောင်လုပ်မယ်။ ငြိမ်းချမ်းအောင်လုပ်မယ်ဆိုရင် ဖွံ့ဖြိုးလာမယ်။ ဖွံ့ဖြိုးအောင်လုပ်မယ်ဆိုရင် ငြိမ်းချမ်းလာမယ်။ ဒါကြောင့် ဆရာတို့အနေနဲ့ နိုင်ငံရေး ရှုထောင့်က ကြည့်ရင် နိုင်ငံရေးပြေလည်အောင် အခု ပင်လုံ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေလုပ်တယ်။ ဒါနဲ့ တွဲဖက်ပြီး လုပ်ရမှာက စီးပွားရေး အဆင်ပြေအောင် လုပ်ရမှာ ဖြစ်ပါတယ်။ ဆရာတို့ ငြိမ်းချမ်းရေးကော်မရှင်အနေနဲ့ စီးပွားရေးအဆင်ပြေအောင် B4P ဆောင်ရွက်နေတာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။



**ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက် ဆွေးနွေးစဉ်။**

PPP အစီအစဉ်များမှတစ်ဆင့် ငြိမ်းချမ်းရေးကို မြှင့်တင်သော စီးပွားရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဒုတိယဥက္ကဋ္ဌ ခွန်မြင့်ထွန်းက "ကျွန်တော်တို့ ခြောက်ဖွဲ့ကြားမှာတော့ စီးပွားရေးလုပ်ငန်းတွေ ပူးပေါင်းဆောင်ရွက်ဖို့ သဘောထားချမှတ်ထားပါတယ်။ အဲဒီ သဘောထားချမှတ်ထားပြီး လက်တွေ့ကျကျ ဆောင်ရွက်တဲ့အခါမှာ ဘယ်လိုနည်းနဲ့ ဘယ်လို ဆောင်ရွက်သင့်တယ်ဆိုတာကို သိချင်တဲ့အတွက် ဒီလို Workshop ကို လုပ်တာဖြစ်ပါတယ်။ ကျွန်တော်တို့ အဓိကဆောင်ရွက်ဖို့ကတော့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အကောင်အထည်ဖော်စဉ်ကာလမှာ မိမိအဖွဲ့ရပ်တည်ရေး၊ ကျန်တဲ့မိသားစုတွေရဲ့ စား၊ ဝတ်၊ နေရေး ရှေ့ဆက်ဆောင်ရွက်ဖို့ စီးပွားရေးလုပ်ငန်းတွေ လုပ်ဖို့ဆိုတာကို ပြောတာဖြစ်ပါတယ်။ လုပ်ငန်းတွေဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ ထားရှိတာကတော့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးဖြစ်ပါတယ်။ ဒီမိုကရေစီ ဖက်ဒရယ် ထူထောင်ရေးဆိုတာကတော့ အဓိကလုပ်ငန်းစဉ်ကြီး ၃ ရပ်ရှိတယ်။ ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်၊ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုဖြစ်စဉ် အဲဒီဖြစ်စဉ်ကြီး ၃ ရပ်စလုံးက သဟဇာတရှိရှိနဲ့ အကောင်အထည်ဖော်ဆောင်ရွက်မှ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းလာမှာဖြစ်ပါတယ်။ နိုင်ငံရေးဆွေးနွေးမှုများနဲ့အတူ လျှောက်လှမ်းနေတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ကျွန်တော်တို့ ရပ်တည်ရေးဆိုင်ရာကိစ္စတွေလည်း ကိုယ့်ဘာသာကိုယ်ထူထောင်ပြီးတော့မှ ရှေ့ဆက်ဆောင်ရွက်နိုင်ရေးအတွက် ပြီးတော့ ကျွန်တော်တို့ ဒေသအလိုက် လူထုတွေနဲ့အတူ ပါဝင်ဆောင်ရွက်နိုင်ဖို့ ကျွန်တော်တို့ ပြင်ဆင်ကြတာ ဖြစ်ပါတယ်။ အခု တက်ရောက်လာတဲ့အဖွဲ့ခြောက်ဖွဲ့ကတော့ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)၊ ချင်းအမျိုးသားတပ်ဦး (CNF)၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)နှင့်(KNU/ KNLA) (PC) ဖြစ်ပါတယ်။ လုပ်ငန်းတွေကို ဆောင်ရွက်ဖို့ ပြင်ဆင်လေ့လာနေတုန်း ဖြစ်ပါတယ်" ဟု ပြောကြားသည်။

ယနေ့ ကျင်းပသည့် ဆွေးနွေးပွဲတွင် အများပိုင်ကုမ္ပဏီများ ဖွဲ့စည်းတည်ထောင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းအတွက် DICA ၏ အခန်းကဏ္ဍခေါင်းစဉ်ကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်ကျော်က ဆွေးနွေးပြောကြားပြီး ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်က အနှစ်ချုပ် သုံးသပ်ဆွေးနွေးခဲ့သည်။ **သတင်းစဉ်**

## သွေးလွန်တုပ်ကွေးကာကွယ်ရေး အသိပေးဆွေးနွေး ၁၅ နှစ်အထက်ဖြစ်ပွားမှုနှုန်း တာချီလိတ်၌ ပိုများနေ

**တာချီလိတ် ဇူလိုင် ၂၀**

တာချီလိတ်ခရိုင်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုအခြေအနေသည် သုံးနှစ်တာကာလအတွင်း သိသာစွာမြင့်မားလာပြီး ၂၀၁၈ ခုနှစ်အတွင်း ဖြစ်ပွားမှုသည် ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် တာချီလိတ်ခရိုင်က ၉၀ ရာခိုင်နှုန်းအထိရှိနေကြောင်း၊ ၂၀၁၇ ခုနှစ်က မိုင်းတုံမြို့နယ်တွင် ဖြစ်ပွားမှုထက် ယခု ၂၀၁၈ ခုနှစ်တွင် တာချီလိတ်ဒေသဖြစ်စဉ်သည် သုံးဆခန့်ပိုမိုမြင့်မားနေကြောင်း၊ အထူးသဖြင့် တာချီလိတ်မြို့နယ် မယ်ယန်းကျေးရွာဘက်တွင် ဖြစ်ပွားမှု ပိုမိုများပြားနေသည့်အတွက် စနစ်တကျ စီမံချက်များရေးဆွဲကာ ဆောင်ရွက်လျက်ရှိနေပါကြောင်း ဇူလိုင် ၂၀ ရက်က တာချီလိတ်မြို့ ခုတင် ၁၀၀ ဆံ့ ခရိုင်ပြည်သူ့ဆေးရုံကြီး၌ ပြုလုပ်သည့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အသိပေးဆွေးနွေးပွဲတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဇော်လင်းက ပြောကြားသည်။

ဆွေးနွေးပွဲတွင် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းဝင်များ စိတ်ပါဝင်စားစွာ တက်ရောက်ဆွေးနွေးကြပြီး ဒေါက်တာဇော်လင်းက တာချီလိတ်၊ မိုင်းတုံနှင့် ကျိုင်းတုံဒေသများတွင် ရောဂါဖြစ်ပွားမှုနှင့် ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု အခြေအနေများကို ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာကျော်စွာမြင့်က လတ်တလောအနေဖြင့် တာချီလိတ်ခရိုင်ဆေးရုံကြီးတွင် သွေးလွန်တုပ်ကွေး ဝေဒနာရှင် ကလေးလူနာ ၇၀၊ လူကြီး ၃၂ ဦးထိရှိနေကာ ကလေးလူနာ ၂၀ ဦးမှာ အထူးစောင့်ကြည့်ရသည့်အခြေအနေတွင် ရှိနေပါကြောင်း၊ လာမည့် ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း ရောဂါဖြစ်ပွားမှုမှာ ပိုမိုမြင့်တက်လာနိုင်သည့်အခြေအနေတွင် ရှိနေပါကြောင်း၊ သွေးလွန်တုပ်ကွေးကာကွယ်မှု လုပ်ငန်းစဉ်ဖြစ်သည့်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်အတူ ပြည်သူတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း ဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသူများ၏ ဆွေးနွေးမေးမြန်းချက်များအား ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဇော်လင်း၊ တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဇော်လင်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြကာ တာချီလိတ်မြို့နယ် ကျန်းမာရေးကြီးကြပ်မှုကော်မတီဝင် ဦးကြည်မြင့်-ဒေါ်နန်းခမ်းတို့ မိသားစုက လှူဒါန်းသည့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ တာချီလိတ်မြို့နယ် ကျန်းမာရေးကြီးကြပ်မှုကော်မတီဝင် ဦးအောင်ဖြိုးရှိန်က လှူဒါန်းသည့် အလှူငွေများကို ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာရွှေဝင်းက လက်ခံရယူသည်။

၂၀၁၇ ခုနှစ်က တာချီလိတ်ခရိုင်တွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုကြောင့် ဆေးရုံတက်ရောက်ကုသခဲ့သူ ၉၂ ဦးသာရှိခဲ့သော်လည်း ယခု ၂၀၁၈ ခုနှစ်တွင်မူ ဇူလိုင် ၂၀ ရက်အထိ ဆေးရုံတက်ရောက်ကုသမှုခံယူရသူ ၂၁၆ ဦးအထိ ရှိနေကြောင်း၊ ထူးခြားချက်မှာ သွေးလွန်တုပ်ကွေးရောဂါသည် ၉ နှစ်မှ ၁၂ နှစ်ကြား ကလေးငယ်များတွင် ဖြစ်ပွားမှုများသည့်ရောဂါဖြစ်သော်လည်း တာချီလိတ်ဒေသတွင်မူ အသက် ၁၅ နှစ်အထက် ဖြစ်ပွားမှုနှုန်းပိုများနေကြောင်း သိရသည်။

**မောင်ယဉ်ကျေး**

# ပုပ္ပားဒေသ၏ မပြီးသေးသော အတိတ်ပန်းချီ

သန်းထွန်း (မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း)

မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းရှိ မြင်းခြံလွင်ပြင်၌ လွန်ခဲ့သည့် နှစ်ပေါင်း ၁၅ သန်းခန့် မိုင်အိုဆင်းယုဂ် နောက်ပိုင်းကာလတွင် မြန်မာ့ကျက်သရေဆောင် ပုပ္ပားမီးတောင်ကြီး ပေါ်ထွက်လာခဲ့သည်ဟုယူရသည်။ သာမန်အားဖြင့် ပူပြင်းခြောက်သွေ့သော မြင်းခြံလွင်ပြင်၏ ဗဟိုတွင် အေးမြသော ရာသီဥတုနှင့် ရှုမငြီးဖွယ် လှပတင့်တယ်သော ပုပ္ပားတောင်အား မြန်မာနိုင်ငံ၏ အလှပဆုံးရှုခင်းများထဲတွင် တစ်ခုအပါအဝင်အဖြစ် ဂုဏ်ယူဝင့်ကြွားဖွယ် တွေ့ရှိနိုင်ပေသည်။

ပုပ္ပားဆိုသည်မှာ ပါဠိဘာသာ ပုပ္ဖ(ပန်း)ဟူသော ဝေါဟာရမှ ဆင်းသက်လာပြီး တောင်တစ်ဝိုက်တွင် ပန်းမျိုးစုံ ဖူးပွင့်ဝေဆာလျက်ရှိသောကြောင့် ပုပ္ပား အမည်တွင်သည်ဟု အဆိုရှိပေသည်။ ပုပ္ပားဒေသသည် မြန်မာနိုင်ငံအလယ်ဗဟိုတွင် တည်ရှိနေသဖြင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည့်အတွက် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်နေသည့် ဒေသဖြစ်သည့်အပြင် မြန်မာ့ဂုဏ်ဆောင် ရှေးဟောင်းမြို့တော်ပုဂံမြို့ဟောင်းနှင့် ၂၉ မိုင်ခန့်သာ ကွာဝေးသဖြင့် နိုင်ငံခြားခရီးသွားဒေသတစ်ခုအဖြစ် ရပ်တည်လျက်ရှိပေသည်။ မြန်မာလူမျိုးတို့၏ ရိုးရာစဉ်ဆက် ကိုးကွယ်ခဲ့ကြသည့် ၃၇ မင်းနတ်များ ပျော်စံရာ ပုပ္ပားတောင်ကလပ်သည် မြန်မာနိုင်ငံတိုင်းရင်းသားပေါင်းစုံဖြင့် တစ်နှစ်ပတ်လုံးစည်ကားသိုက်မြိုက်လျက်ရှိသည့် ဒေသလည်းဖြစ်သည်။

ပုပ္ပားတောင်ဒေသသည် ရှေးမြန်မာမင်းများလက်ထက်ကပင် အထင်ကရကျော်ကြားခဲ့သည့် ဒေသဖြစ်သည်။ သမိုင်းအထောက်အထားများအရ အေဒီ ၁၆၇ ခုနှစ်တွင် ပျူစောထီးမင်းသည် ပုပ္ပားသို့ဆင်တော်စီး၍ ရောက်ရှိခဲ့ကြောင်း၊ အေဒီ ၃၅၂ ခုနှစ်တွင် ပုဂံသေဉ်လည်ကြောင်မင်းက ဦးတင့်တယ်နတ် မောင်နှမအတွက် နတ်ကွန်းတည်ဆောက်၍ နေထိုင်ခွင့်ပေးခဲ့ကြောင်း အေဒီ ၆၁၃ ခုနှစ်တွင် ပုပ္ပားအရပ်အား စောရဟန်းမင်းပုဂံထီးနန်းကို သိမ်းပိုက်ရရှိခဲ့ကြောင်း၊ အေဒီ ၁၀၄၄ ခုနှစ်တွင် အနော်ရထာမင်းလောင်းလျာက ပုဂံဘုရင် စုက္ကတေးအား ပြန်လည်တိုက်ခိုက်ရန် ပုပ္ပား၌အခြေပြု၍ လူသူလက်နက်များ စုဆောင်းခဲ့ကြောင်း အေဒီ ၁၂၄၉ ခုနှစ်တွင် ပုဂံဥဇနာမင်းက ပုပ္ပားအရပ်သူတစ်ဦးအား မိဖုရားစောအမည်ဖြင့် မိဖုရားတင်မြှောက်ခဲ့သည်ဟု သိရှိရသည်။ **(တင်နိုင်တိုး၊ ၂၀၀၄)**

## ပုပ္ပားဒေသ၏ ဘူမိဗေဒ

ပုပ္ပားတောင်သည် မြန်မာနိုင်ငံ၏ ဗဟိုမီးတောင်ရပ်ဝန်းတွင် ကျရောက်လျက်ရှိပြီး ပဲခူးရိုးမ၏ မြောက်ဘက်အစွန်ဆုံးနေရာတွင် တည်ရှိပါသည်။ အဓိကမီးတောင်ကြီးသည် မိုင်အိုဆင်းနှင့် ပလိုင်အိုဆင်း အနည်ကျကျောက်များဖြစ်သည့် ဧရာဝတီနှင့် ပဲခူးကျောက်စဉ်စုများပေါ်တွင် တည်ရှိသည်။ ပုပ္ပားမီးတောင်သည် ဘဆော့နှင့် အင်ဒီဆိုက်ကျောက်များဖြင့် ဖွဲ့စည်းထားပြီး မီးတောင်ရပ်ဝန်းအကျယ်မှာ ၂၁၅ စတုရန်းကီလိုမီတာခန့်ရှိပါသည်။

ပုပ္ပားမီးတောင်၏ ဝန်းကျင်ဒေသတွင် မီးတောင်ကျောက်များအပြင် အင်ကြင်းကျောက်မျိုးစုံနှင့် ကျောရိုးရှိသတ္တဝါတို့၏ ကျောက်ဖြစ်ရုပ်ကြွင်းများပါဝင်သော ဧရာဝတီကျောက်စဉ်စုအား တွေ့ရှိရသည်။ ဧရာဝတီကျောက်စဉ်စုသည် မြောက်ပိုင်းမြစ်ကြီးနားခရိုင်မှစ၍ ဧရာဝတီမြစ်၏ ဝဲယာနှစ်ဖက်တို့တွင် ပို့ချထားပြီး တောင်ပိုင်းရန်ကုန်တိုင်းဒေသကြီးမှ ဖြတ်၍ နဂရီအငူထိ တွေ့ရှိရပါသည်။ ဧရာဝတီကျောက်စဉ်စုတွင် သဲကျောက်၊ ရွှံ့ကျောက်၊ သဲကြွယ်စရစ်ဖြုံကျောက်များနှင့် သလင်းကျောက်များ ပါဝင်ပါသည်။ ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်များ အထူးစိတ်ဝင်စားသည့် ကျောရိုးရှိသတ္တဝါများ၏ ကျောက်ဖြစ်ရုပ်ကြွင်းများတွင် အထူးသဖြင့် ကြံ့၊ ဆင်၊ ကျွဲ၊ နွား၊ သမင်၊ မိကျောင်းစသည့် ကျောက်ဖြစ်ရုပ်ကြွင်း အမြောက်အမြား တွေ့ရှိရသည်။ ဧရာဝတီကျောက်စဉ်စုတွင် တွေ့ရှိရသော ကျောရိုးသတ္တဝါများ၏ ကျောက်ဖြစ်ရုပ်ကြွင်းများနှင့် အိန္ဒိယနိုင်ငံ ဇီဝါလစ်ဒေသရှိ ကျောရိုးရှိသတ္တဝါများ၏ ကျောက်ဖြစ်ရုပ်ကြွင်းတို့အလားသဏ္ဌာန်တူညီကြပြီး ဧရာဝတီကျောက်စဉ်စု၏ သက်တမ်းမှာ ပွန်တီယံ (Pontian) သက်တမ်းမှ ပလိုင်အိုဆင်း (Pliocene) သက်တမ်းအထိ ရှိပါသည်။ ယင်းဒေသတို့ရှိ နို့တိုက်သတ္တဝါများသည် လွင်ပြင်များ၊ သစ်ပင် သစ်တောများနှင့် တောင်တန်းဒေသများတွင် ကျက်စားခဲ့ကြသည်ဟု သုံးသပ်ကြပါသည်။

## Miocene (သမိုင်းမတင်မီ မိုင်အိုဆင်းခေတ်)

မိုင်အိုဆင်းခေတ်တွင်(တောင်အမေရိကနှင့် ဩစတြေးလျမပါ) သမိုင်း မစတင်မီ ဘူမိသက်တမ်း တစ်လျှောက်ရှိ သတ္တဝါများနှင့် သစ်ပင်တို့သည် ယနေ့ခေတ်သတ္တဝါများ၊ သစ်ပင်များနှင့် လွန်စွာတူညီနေကြောင်းတွေ့ရသည်။ မိုင်အိုဆင်းခေတ်သည် နီယိုဂျင်းခေတ် (လွန်ခဲ့သည့်နှစ် သန်း ၂၃ မှ ၂ ဒသမ ၅ သန်းထိ)တွင် ပထမပိုင်းဖြစ်ပြီး သက်တမ်းတို ပလိုင်အိုဆင်းကာလ (လွန်ခဲ့သည့် နှစ် ၅ သန်း မှ ၂ ဒသမ ၆ သန်းခန့်သည်) နောက်မှ ဆက်တိုက်ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ယင်းခေတ်နှစ်ခေတ်လုံးသည် နှစ်သန်းပေါင်း ၆၅ မှ ယနေ့ထိ စင်နိုဇိတ်ကာလတွင် ပါဝင်သည်။ မိုင်အိုဆင်းခေတ်တွင် ကမ္ဘာ့တိုက်ကြီးများ လက်ရှိအနေအထားအတိုင်း ဖြစ်ပေါ်စေခဲ့ပြီး ယနေ့ခေတ် သစ်ပင်များနှင့် သက်ရှိသတ္တဝါများ တိုးတက်ဖွံ့ဖြိုးမှုများ ဖြစ်စေသည့် ကာလလည်းဖြစ်သည်။ မိုင်အိုဆင်းကာလတွင် ကမ္ဘာလုံးဆိုင်ရာ ပူနွေးမှုဖြစ်ခဲ့သောကြောင့် သစ်ပင်နှင့် တိရစ္ဆာန်များအတွက် ထူးခြားသည့်ကာလဖြစ်ခဲ့သည်။ မိုင်အိုဆင်းအလယ်ခေတ် ရာသီဥတုသည် ယနေ့ခေတ် အပူချိန်ထက် ၄ မှ ၅ ဒီဂရီ ဆဲလ်စီးရပ် (၇ မှ ၉ ဒီဂရီဖာရင်ဟိုက်) ခန့်သာမြင့်သည့် သမပိုင်းရာသီဥတုကို ဖန်တီးပေးခဲ့သည်။ ယင်းခေတ်အတွင်း ကမ္ဘာမြေလွှာထုချပ်များ ထိပ်တိုက်တွေ့ဆုံမှုကြောင့် အင်ဒီးစ်၊ စီယာရာနဘားဒါးနှင့် အခြားတောင်တန်းကြီးများဖြစ်ပေါ်ချိန်ဟု ယူဆရသည်။

မိုင်အိုဆင်းကာလသည် မြင်းများ၊ သမိုင်းမတင်မီက ခွေးများ၊ ကုလားအုတ်များ၊ သမင်များစသည့် နို့တိုက်သတ္တဝါများထွန်းကားရာ ကာလဖြစ်သည်။ မိုင်အိုဆင်းကာလသည် လူနှင့်လူဝံမျိုးနွယ်တို့အတွက် ရွှေခေတ်များဟု တင်စားကြသည်။ သမိုင်းခေတ်မတိုင်မီက လူသားမျိုးနွယ်တို့သည် အာဖရိကနှင့်ယူရေးရှားတို့တွင် နေထိုင်ကြပြီး အသွင်ကူးပြောင်းဆဲမျိုးနွယ် (Ggartopithecus)၊ (Dryopithecus)နှင့် (Sivapithecus)တို့ ပါဝင်သည်။ မိုင်အိုဆင်းကာလ မြောက်ဝံ(Ape)နှင့် ရှေးဟောင်းလူမျိုးနွယ်(Hominids)များ လူဦးရေထူထပ်စွာ နေထိုင်ခဲ့ကြသော်လည်း သုတေသနပညာရှင်များ ယနေ့ထိ ခွဲခြားနိုင်ခြင်းမရှိသေးပေ။ ယင်းခေတ်တွင် အရွယ်ကြီးသော ငှက်ကြီးများ နေထိုင်ကျက်စားခဲ့ကြသည်။ တောင်အာဖရိကတွင် တောင်ပံအရှည် ၂၅ ပေနှင့် ကိုယ်အလေးချိန်ပေါင် ၂၀၀ ကျော် ငှက်ကြီးများဖြစ်သည်။ မြွေ၊ လိပ်၊ ဖွတ်၊ မိကျောင်းစသည့် သတ္တဝါများ နေထိုင်ခဲ့ကြသည်။ မြက်ခင်းများ ကောင်းစွာပေါက်ရောက်သဖြင့် မြင်းအုပ်များ၊ သမင်အုပ်များ တွေ့ရသော်လည်း အော်လီရိုဆင်းနောက်ပိုင်းတွင် မာကျောသောမြက်များ ပေါက်ရောက်ခဲ့သဖြင့် ယင်းတို့နှစ်သက်သော အစားအစာအာဟာရများ မပြည့်စုံတော့သည့်အတွက် နို့တိုက်သတ္တဝါကြီးများ ပျောက်ကွယ်ခဲ့ရသည်။

## ရာသီဥတုနှင့် ပထဝီဝင်

မိုင်အိုဆင်းကာလအတွင်း ကမ္ဘာ့ရာသီဥတုမှာ အေးခဲနေသည့် ကာလဖြစ်သည်။ ကမ္ဘာ့တိုက်ကြီးများသည် မြေထဲပင်လယ်ကိုဖြတ်၍ သီးခြားစီခွဲထွက်ပြီး နှစ်သန်းပေါင်းများစွာ ခြောက်သွေ့နေခဲ့သည်။ အာဖရိကနှင့် ယူရေးရှားအား ထိရောက်စွာ ဆက်စပ်ပေးခဲ့ပြီး တောင်အာဖရိကတိုက်ကြီးများအဖြစ် ခွဲခြားခံခဲ့ရသည်။ မိုင်အိုဆင်းကာလ၏ အရေးအပါဆုံး ဘူမိဗေဒဖြစ်စဉ်မှာ အိန္ဒိယတိုက်နှင့် ယူရေးရှားတိုက်တို့ တဖြည်းဖြည်း ထိပ်တိုက်တွေ့ဆုံနေကြပြီး ယင်းတို့တွန်းတိုက်မှုကြောင့် ဟိမဝန္တာတောင်တန်းကြီး ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ ကမ္ဘာ့မြေလွှာထုချပ်များ ရွေ့လျားမှုကြောင့် တောင်တန်းများဖြစ်ပေါ်လာရာမှ လေကြောင်းလည်ပတ်မှုမှန်ကန်ခြင်း မရှိတော့ဘဲ ကမ္ဘာ၏မြေမျက်နှာပြင် ခြောက်သွေ့လာခြင်း၊ သစ်တောများ နည်းပါးလာခြင်း၊ သဲကန္တာရလွင်ပြင်နှင့် Tundra လွင်ပြင်များ တိုးပွားလာခြင်းစသည့် သာဓကများကို ယနေ့ခေတ်တွင် တွေ့ရှိရသည့် ကျောက်ဖြစ်ရုပ်ကြွင်းများတွင် အထင်အရှားတွေ့ရှိနိုင်သည်။ သစ်တော သစ်ပင်များအား အမှီပြု နေထိုင်ကျက်စားခဲ့ကြသည့် သတ္တဝါတို့သည် သစ်တော သစ်ပင်နှင့် မိုးများ၊ သစ်တောများ ပြုန်းတီးမှုကြောင့် ပျောက်ကွယ်သွားရခြင်းဖြစ်သည်။ မိုင်အိုဆင်း အေးခဲကာလနောက်ပိုင်း ခြောက်သွေ့ခြင်း၊ အေးခဲခြင်းများ ဖြစ်ပေါ်မှုကြောင့် လည်းကောင်း၊ အာရှနှင့် အာဖရိကကြား ကုန်းမြေတံတား ဖြစ်ပေါ်လာမှုကြောင့်လည်းကောင်း တိုက်ကြီးအသီးသီးမှ များစွာသောသတ္တဝါမျိုးစုံတို့နှင့် သဘာဝပေါက်ပင်များ ကူးလူးဆက်ဆံနိုင်ခဲ့ခြင်းဖြစ်သည်။

> **“ပညာရှင်အချို့၏ ယူဆချက်အရ ကျောက်ဖြစ်ရုပ်ကြွင်း သစ်ပင်တို့၏ အသက်သည် ကျောက်ဖြစ်ရုပ်ကြွင်း သတ္တဝါများထက် အသက်ကြီးရင့်သည်ဟု ယူဆကြသော်လည်း ပုပ္ပားတောင်၏ အနောက်ဘက်နှင့် အနောက်တောင်ဘက်တွင် ယနေ့တွေ့ရှိလေ့လာချက်အရ ဧရာဝတီကျောက်လွှာတစ်စုတည်းအတွင်း တစ်နေရာတည်း၌ ကျောက်ဖြစ်ရုပ်ကြွင်းသစ်ပင်ကြီးများနှင့် သတ္တဝါများ၏ ကျောက်ဖြစ်ရုပ်ကြွင်းများနှင့်အတူ တွေ့ရှိရသဖြင့် ယင်းတို့သည် တစ်ပြိုင်တည်း တစ်ချိန်တည်း ပျက်သုဉ်းခဲ့ရသည်ဟု ယူဆရပေသည်”**

## Steglophodon (ရှေးဟောင်းဆင်စတက်ကလိုဖိုဒွန်)

ကမ္ဘာပေါ်ရှိ ဆင်များအား ပညာရှင်များမှ မျိုးရိုးတူ၊ မျိုးကွဲ၊ ဖွံ့ဖြိုးတိုးတက်မှု၊ ပြုမူနေထိုင်မှုနှင့် ခန္ဓာဗေဒစသည်တို့ကို အခြေခံ၍ အိန္ဒိယတိုက်တွင် အောက်ပါအတိုင်း ဆင်အုပ်စု လေးမျိုးခွဲခြားထားသည်။

(၁) E. planiforns

(၂) E. hysudricus

(၃) E. namadius နှင့်

(၄) E. maximus တို့ ဖြစ်ပါသည်။

ယင်းတို့အနက် နောက်ဆုံးအုပ်စုဖြစ်သည့် E. maximus အုပ်စုသည်သာ သက်ရှိထင်ရှားရှိနေပေသည်။

ပါကစ္စတန်၊ အိန္ဒိယနိုင်ငံ စိဂါလစ်ဒေသနှင့် မြန်မာနိုင်ငံတို့ရှိ ဆင်အုပ်စုတို့အား အထူးလေ့လာကြသည်။ ၁၉၂၅ ခုနှစ်တွင် ဝါဒီယာဆိုသူနှင့် ၁၉၈၅ ခုနှစ်တွင် ဂန်ဂျီဆိုသူတို့သည် အိန္ဒိယနိုင်ငံက ဂျမူးပြည်နယ် ဂျတိရွာအနီး တွေ့ရှိရသော စတက်ဂိုဒွန် အမျိုးအစား ရှေးဟောင်းဆင်များ၏ သွားရိုးများကို တွေ့ရှိလေ့လာခဲ့သည်။ ပရိုဘိုဆီဒိယံ အုပ်စုဝင်ဆင်များ၏ ကျောက်ဖြစ်ရုပ်ကြွင်းများစွာ တွေ့ရှိရပြီး အိန္ဒိယနိုင်ငံ ဘူမိဗေဒလေ့လာရေးဌာနက ထိန်းသိမ်းထားပြီး ၂၀၀၂ ခုနှစ်တွင် ကတ်တလောက် အမှတ် ၅ ဖြင့် ဖော်ပြထားသည်။



အင်းကြင်းကျောက်ဖြစ်ရုပ်ကြွင်း

ကမ္ဘာပေါ်တွင် ဒိုင်နိုဆောများ ပျောက်ကွယ်သွားပြီး နောက်နှစ်ပေါင်း ငါးသန်းခန့် အကြာတွင် အာဖရိကတိုက်၊ ဥရောပနှင့် အာရှတိုက်တို့တွင် တိုက်ကြီးများ မကွဲကွာမီက ဆင်၊ ကြံ့၊ သမင်၊ ဝက်၊ မျောက်၊ ရှဉ့်၊ လိပ်၊ မိကျောင်း၊ ငါး စသည့် သတ္တဝါတို့ သစ်တောထူထပ်ရာဒေသတို့တွင် ပျော်မြူးကျက်စားလျက်ရှိသည်။ အာရပ် ပြည်ထောင်စု မလီဆာဒေသတွင် အစွယ် လေးချောင်းပါပြီး ပခုံးအမြင့် ၄ မီတာ (၁၃ ဒသမ ၁ ပေ) ရှိ ရှေးဟောင်း ဆင် (Stegotetrabelodon) များ၏ ခြေရာများကို ၁၃ ဒသမ ၂ ဧကရှိ လွင်ပြင်အတွင်း လမ်းအရှည် ၂၆၀ မီတာခန့် တွေ့ရှိခဲ့ရသည်။ ယင်းစတက်ဂိုတက်ထရာဘေလာဒွန် တောဆင်ရိုင်းကြီးများသည် နှစ်သန်းပေါင်း ၁၁ ဒသမ ၁ မှ ၅ဒသမ ၃ သန်းအတွင်း နေထိုင်ကျက်စားခဲ့ပြီး ယခုအခါ မျိုးသုဉ်း ပျောက်ကွယ်သွားပြီးဖြစ်သည်။

အာဖရိကနှင့် ဥရောပမှ ရွှေ့လျားလာကြသည့် ရှေးဟောင်းဆင် (Steglophodon) ဆင်ရိုင်းကြီးများသည် အိန္ဒိယမှတစ်ဆင့် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ အထိ ရောက်ရှိနေထိုင်ကျက်စားခဲ့ကြောင်း သုတေသနပညာရှင်များ၏ လေ့လာမှုအရ သိရှိရသည်။ မြန်မာနိုင်ငံတွင် မိုင်အိုဆင်းသက်တမ်းရှိ အသက်အငယ်ဆုံး အနည်ကျကျောက်ဖြစ်သည့် ဧရာဝတီကျောက်စဉ်စုတွင် မြင့်မားသော သစ်ပင် သစ်တောများ ကုန်းနေသတ္တဝါများဖြစ်သည့် ဆင်၊ ကြံ့၊ ဝက်၊ မိကျောင်း၊ လိပ် စသည့်တို့၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို အများဆုံးတွေ့ရှိရသည်။ ၁၈၂၇ ခုနှစ်တွင် ဗြိတိသျှလူမျိုး ကရောဖတ်ဆိုသူသည် အင်ကြင်း၊ သစ်ရာ၊ မန်ကျည်းစသည့် သစ်ပင်မျိုးစုံ၏ ကျောက်ဖြစ်ရုပ်ကြွင်းများ မြန်မာပြည်ရှိ ဧရာဝတီကျောက်စဉ်စုတွင် တွေ့ရှိရကြောင်း မှတ်တမ်းတင်ခဲ့ပြီး ၁၈၆၇ ခုနှစ်တွင် ဗြိတိသျှအမျိုးသမီး ဘူမိဗေဒပညာရှင် မစ္စဟိုလ်ဒင်က ဧရာဝတီကျောက်စဉ်စု (သဲကျောက်)တွင် Hapeaodorata နှင့် Shorea သစ်ပင်ကျောက်ဖြစ် ရုပ်ကြွင်းများ တွေ့ရှိခဲ့ကြောင်း မှတ်တမ်းတင်ခဲ့သည်။

## ပုပ္ပားတောင် အမိကမ္ဘာစခန်းသာ

၂၀၁၇ ခုနှစ် အစောပိုင်းကာလမှစတင်၍ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း၊ သစ်တောဦးစီးဌာန၊ ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဌာန၊ ပုပ္ပားချစ်သူများအသင်းနှင့်ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဌာနတို့ ပူးပေါင်းလျက် ပုပ္ပားတောင် အမိကမ္ဘာစခန်းသာ (Mount Popa Geopark) ဖြစ်မြောက်ရေး အတွက် အရေးပါသော အမိကမ္ဘာစခန်းသာပြကွက်များ သုတေသနပြုလေ့လာ ဖော်ထုတ်လျက်ရှိပါသည်။ ပုပ္ပားတောင်သည် သက်နုမီးတောင်ဖြစ်သည့်အတွက် မီးတောင်ဘူမိဗေဒဆိုင်ရာ အချက်အလက်များအား ကိုလိုနီခေတ်ကာလမှ ယနေ့ ခေတ်တိုင် ဘူမိဗေဒပညာရှင်များ၏ ကွင်းဆင်းလေ့လာမှုများဖြင့် အတန်အသင့် လေ့လာဆန်းစစ်ပြီးဖြစ်ပါသည်။

ပုပ္ပားတောင်၏ အနောက်တောင်၊ အနောက်နှင့် အနောက်မြောက်ဘက်ရှိ ကိုးကွေ့ကြိုးဝိုင်းနှင့် ဒေါင်လည် ကာကွယ်တောတို့အတွင်း ကျောက်ဖြစ်နေသည့် သစ်တောဟောင်းကြီး (Petrified Forest)နှင့် ယင်းသစ်တောကြီးအတွင်း ကျက်စားနေခဲ့ကြသည် ဆင်၊ သမင်၊ ကျွဲ၊ နွား၊ မိကျောင်းနှင့် လိပ်စသည့်သတ္တဝါတို့၏ မေးရိုး၊ သွား၊ အစွယ် ကျောက်ဖြစ်ရုပ်ကြွင်းများ၏အကြောင်းကိုမူ လေ့လာမှတ်တမ်းတင်မှုများ မတွေ့ရှိရသေးပေ။

စာမျက်နှာ ၇ သို့

# ဗဟိုဘဏ်အနေနဲ့ မြန်မာကျပ်ငွေတန်ဖိုးတည်ငြိမ်စေရန် အတိုးနှုန်းမူဝါဒအပြင် သီးသန့်ငွေလိုအပ်ချက် သတ်မှတ်ခြင်းနဲ့ အပ်ငွေလေလံစနစ်တို့ကို ဆောင်ရွက်လျက်ရှိ

**မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေနှင့် လိုက်လျောညီထွေရှိပြီး တည်ငြိမ်မှုရှိသည့် နိုင်ငံခြားငွေလဲလှယ်နှုန်းဖြစ်ရန်မှာ နိုင်ငံအတွက် အရေးပါသည့် ကဏ္ဍတစ်ခုမှ ပါဝင်လျက်ရှိပါသည်။ ထို့ကြောင့် လတ်တလော နိုင်ငံခြားငွေလဲလှယ်နှုန်းအခြေအနေများ၊ နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်စေရန် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငွေကြေးမူဝါဒရေးရာနှင့် ဘဏ်လုပ်ငန်းဥပဒေစည်းမျဉ်းဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်မိုးမိုးနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။**

**မေး ။ ။ပထမဦးဆုံးအနေနဲ့ လက်ရှိနိုင်ငံခြားငွေလဲလှယ်နှုန်းအခြေအနေကို သိပါရစေ။**

ဖြေ ။ ။အမေရိကန်ဒေါ်လာနဲ့ လဲလှယ်ရာမှာ မြန်မာကျပ်ငွေတန်ဖိုးဟာ ၂၀၁၈ ခုနှစ် ဇွန်လလယ်ကစပြီး ကျဆင်းလာခဲ့ပါတယ်။ အခြားငွေကြေးအများစုရဲ့ တန်ဖိုးတွေလည်း ကျဆင်းလာခဲ့ပါတယ်။

၂၀၁၈ ခုနှစ် ဇွန် ၁၂ ရက်နဲ့ နှိုင်းယှဉ်ရင် ၂၀၁၈ ခုနှစ် ဇူလိုင် ၁၂ ရက်မှာ အမေရိကန် တစ်ဒေါ်လာ လဲလှယ်မှုအနေနဲ့ မြန်မာကျပ်ငွေဟာ ၃ ဒသမ ၇၀ ရာခိုင်နှုန်း၊ ယွမ်ငွေဟာ ၄ ဒသမ ၁၈ ရာခိုင်နှုန်း၊ ကိုရီးယားဝမ်ဟာ ၄ ဒသမ ၅၉ ရာခိုင်နှုန်းနဲ့ ထိုင်းဘတ်ဟာ ၃ ဒသမ ၇၈ ရာခိုင်နှုန်း အသီးသီး တန်ဖိုးကျဆင်းခဲ့ပါတယ်။ ငွေကြေးအလိုက် တန်ဖိုးကျဆင်းမှု ရာခိုင်နှုန်းကတော့ ဇယားပါအတိုင်း ဖြစ်ပါတယ်။



ဒေါ်တင်မိုးမိုး(ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငွေကြေးမူဝါဒရေးရာနှင့် ဘဏ်လုပ်ငန်းဥပဒေစည်းမျဉ်းဌာန)

**အမေရိကန်တစ်ဒေါ်လာနှင့် ငွေကြေးအချို့၏ လဲလှယ်နှုန်း**

| ငွေကြေး | ၁၂-၆-၂၀၁၈ | ၁၂-၇-၂၀၁၈ | တန်ဖိုးကျဆင်းမှု Depreciation (%) |
|---|---|---|---|
| မြန်မာကျပ် | ၁၃၅၄ | ၁၄၀၆ | ၃.၇၀ |
| ယူရို | ၀.၈၅၁၂ | ၀.၈၅၆၅ | ၀.၆၂ |
| စင်ကာပူဒေါ်လာ | ၁.၃၃၆၉ | ၁.၃၆၄၈ | ၂.၀၄ |
| ပေါင်စတာလင် | ၀.၇၄၉၀ | ၀.၇၅၇၇ | ၁.၁၅ |
| ဂျပန်ယန်း | ၁၁၀.၄၂၅ | ၁၁၂.၀၈၅ | ၁.၄၈ |
| ယွမ် | ၆.၄၀၁၈ | ၆.၆၈၁၂ | ၄.၁၈ |
| ကိုရီးယားဝမ် | ၁၀၇၇.၅၅ | ၁၁၂၉.၄ | ၄.၅၉ |
| မလေးရှားရင်းဂစ် | ၃.၉၉၀၅ | ၄.၀၄၅၅ | ၁.၃၆ |
| ထိုင်းဘတ် | ၃၂.၀၇ | ၃၃.၃၃ | ၃.၇၈ |

**ဇာစ်မြစ်။ ။မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

အပေါ် အခွန် အပြန်အလှန် ကောက်ခံမှုကြောင့် ကမ္ဘာ့ပို့ကုန်တန်ဖိုး ကျဆင်းတယ်။ အခြားဆက်စပ်နေတဲ့ နိုင်ငံတွေရဲ့ ပို့ကုန်ကိုပါ ထိခိုက်စေခြင်းနဲ့ အမေရိကန်နိုင်ငံရဲ့ စီးပွားရေးအခြေအနေ ပြန်လည်ကောင်းမွန်လာခြင်းကြောင့် အတိုးနှုန်း တဖြည်းဖြည်း မြှင့်တင်လာခြင်းနဲ့အတူ နောက်ထပ်လည်း ထပ်မံမြှင့်တင်ဖွယ်ရှိခြင်းစတဲ့ ပြည်ပအကြောင်းအရာတွေ (External Factors) နဲ့ အခြားပြည်တွင်းစီးပွားရေး အခြေအနေတွေကြောင့် ဖြစ်ပါတယ်။

**မေး ။ ။နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်စေဖို့ ဆောင်ရွက်မှုနည်းလမ်းတွေကို ပြောပြပေးစေလိုပါတယ်။**

ဖြေ ။ ။နိုင်ငံရဲ့ စီးပွားရေး အခြေအနေနဲ့ လိုက်လျောညီထွေရှိပြီး တည်ငြိမ်တဲ့ နိုင်ငံခြားငွေ လဲလှယ်နှုန်းဖြစ်ဖို့ အရေးကြီးပါတယ်။ ဒီလိုငွေလဲလှယ်နှုန်းဖြစ်စေဖို့ ထိန်းကျောင်းရာမှာ နိုင်ငံရဲ့ နောက်ခံစီးပွားရေး အခြေအနေအပေါ် များစွာမူတည်နေပါတယ်။ နိုင်ငံရဲ့ စီးပွားရေး တိုးတက်မှုအလားအလာကောင်းခြင်း၊ နိုင်ငံခြားသုံး သီးသန့်အရန်ငွေ (International Reserves) လုံလောက်စွာရှိခြင်း၊ သာမန်စာရင်းပိုငွေဖြစ်ပေါ်ခြင်း သို့မဟုတ်ပါက လိုငွေ ခေတ္တခဏသာဖြစ်ပေါ်ခြင်း၊ ပြည်ပကြွေးမြီမမြင့်မားခြင်း စတဲ့ အခြေအနေကောင်းတွေရှိတဲ့ နိုင်ငံတွေ ဥပမာအနေနဲ့ စင်ကာပူ၊ မလေးရှား၊ ကိုရီးယား၊ ထိုင်းနိုင်ငံတွေလို ကိုယ့်နိုင်ငံရဲ့ ငွေကြေးတန်ဖိုးကျဆင်းမှု လျော့နည်းအောင် ပြန်လည် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံရဲ့ အခြေအနေကိုသုံးသပ်ရင် IMF က မြန်မာနိုင်ငံရဲ့စီးပွားရေးတိုးတက်မှုဟာ ၂၀၁၈-၁၉ ခုနှစ်မှာ (၆ ဒသမ ၈ ရာခိုင်နှုန်း) တိုးတက်မယ်လို့ ခန့်မှန်းထားတဲ့အတွက် စီးပွားရေး တိုးတက်မှုအလားအလာကောင်းတယ်လို့ ဆိုနိုင်ပါတယ်။ မြန်မာနိုင်ငံဟာ ဒေသတွင်းနိုင်ငံတွေနဲ့ နှိုင်းယှဉ်ရင် ပြည်ပကြွေးမြီများတယ်လို့ မဆိုနိုင်ပါဘူး။ ဒါပေမယ့် မြန်မာနိုင်ငံရဲ့ကုန်သွယ်မှု အခြေအနေကို ကြည့်မယ်ဆိုရင် ပို့ကုန်ဟာ သွင်းကုန်ထက်နည်းနေပြီး လိုငွေဆက်တိုက်ဖြစ်ပေါ်လျက်ရှိတာကို တွေ့ရပါတယ်။

နိုင်ငံအနေနဲ့ နိုင်ငံခြားသီးသန့်ရန်ပုံငွေ (International Reserves) အကန့်အသတ်နဲ့ ရှိနေချိန်မှာ နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်စေဖို့အတွက် အခြားနည်းလမ်းတွေကို ထည့်သွင်းစဉ်းစားရင် ပိုမိုကောင်းမွန်မယ်လို့ယူဆပါတယ်။

ဗဟိုစာရင်းအင်းအဖွဲ့က ထုတ်ပြန်တဲ့ ကိန်းဂဏန်းတွေအရ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ မြန်မာနိုင်ငံရဲ့ စုစုပေါင်းသွင်းကုန်ပမာဏ (ယာယီ)မှာ အမေရိကန်ဒေါ်လာသန်းပေါင်း (၁၇၂၁၁) နဲ့ ခန့်မှန်း စုစုပေါင်းပို့ကုန်ပမာဏ (ယာယီ) မှာ အမေရိကန်ဒေါ်လာသန်းပေါင်း (၁၁၉၅၂) ဖြစ်ပါတယ်။ ကုန်သွယ်မှုလိုငွေကတော့ အမေရိကန်ဒေါ်လာသန်းပေါင်း (၅၂၅၉) ဖြစ်ပါတယ်။ စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ စားသောက်ကုန်တွေ၊ အဖျော်ယမကာနဲ့ ဆက်စပ်ပစ္စည်းတွေ၊ တွင်းထွက်ထုတ်ကုန်တွေ (Mineral Products)၊ စက်နဲ့ စက်ပစ္စည်းတွေ၊ လျှပ်စစ်ပစ္စည်းတွေ၊ အသံဖမ်းစက်တွေ၊ အသံလွှင့်စက်တွေ၊ ရုပ်မြင်သံကြား ထုတ်လွှင့်မှုဆိုင်ရာပစ္စည်းတွေ၊ ယာဉ်၊ လေယာဉ်၊ လှေ၊ သင်္ဘော၊ ရေယာဉ်နဲ့ သယ်ယူပို့ဆောင်ရေးဆိုင်ရာ ဆက်စပ်ပစ္စည်းတွေအထိ ၄၈ ဒသမ ၇ ရာခိုင်နှုန်း ပါဝင်ပါတယ်။ ကုန်စည်အမျိုးအစားအလိုက် သွင်းကုန်နဲ့ပို့ကုန်အခြေအနေကတော့ ဇယားပါအတိုင်း ဖြစ်ပါတယ်။

**မေး ။ ။ယခုလိုငွေကြေးတန်ဖိုးတွေ ကျဆင်းရတဲ့ အကြောင်းရင်းကို သိရှိလိုပါတယ်။**

ဖြေ ။ ။သီအိုရီအရပြောရရင်တော့ ကာလတိုနိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲမှုဟာ နိုင်ငံရဲ့စီးပွားရေးတိုးတက်မှုနှုန်း၊ ငွေကြေးဖောင်းပွမှုနှုန်း၊ အတိုးနှုန်း၊ သာမန်စာရင်း လက်ကျန်၊ မတည်ငွေစာရင်းလက်ကျန်၊ ဈေးကစားမှုတွေ၊ ကမ္ဘာ့ကုန်စည်ဈေးနှုန်းပြောင်းလဲမှုတွေနဲ့ ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံတွေရဲ့မူဝါဒပြောင်းလဲမှုတွေဟာ ပြည်တွင်းစီးပွားရေးအပေါ် သက်ရောက်မှုတွေရှိပါတယ်။

ကာလရှည် နိုင်ငံခြားငွေလဲလှယ်နှုန်း ပြောင်းလဲမှုဟာ နိုင်ငံရဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအဆင့်၊ ပို့ကုန်ယှဉ်ပြိုင်နိုင်မှု၊ ပြည်ပကြွေးမြီပမာဏ၊ အစိုးရဘတ်ဂျက် လိုငွေ၊ အရင်းအနှီးစီးဆင်းမှုနဲ့ ပြည်တွင်းပြည်ပ ဈေးနှုန်းတွေအပေါ်မှာ မူတည်ပါတယ်။ ဒါ့ပြင် နိုင်ငံရေး အခြေအနေတည်ငြိမ်မှုနဲ့ သဘာဝဘေးအန္တရာယ်တွေ ကြုံတွေ့ရမှု အပေါ်မှာလည်း မူတည်ပါတယ်။

အခုလိုမျိုး အမေရိကန်တစ်ဒေါ်လာကို မြန်မာကျပ်ငွေအပါအဝင် အခြားငွေကြေး တန်ဖိုးတွေ ကျဆင်းခြင်းဟာ ကမ္ဘာ့စီးပွားရေးအင်အားကြီး နိုင်ငံဖြစ်တဲ့ အမေရိကန်ပြည်ထောင်စုအနေနဲ့ တရုတ်နိုင်ငံနဲ့ ကုန်သွယ်ရာမှာ ကုန်သွယ်မှု လိုငွေကြာရှည်စွာ ဖြစ်ပေါ်နေတာကြောင့် ဒီကုန်သွယ်ရေး မညီမျှမှုအပေါ် ဖြေရှင်းရာမှာ သွင်းကုန်တွေ

**ကုန်စည်အမျိုးအစားအလိုက် သွင်းကုန်နှင့် ပို့ကုန်များ(၂၀၁၆-၂၀၁၇ ခုနှစ်)**

(အမေရိကန်ဒေါ်လာသန်းပေါင်း)

| စဉ် | ကုန်စည်အမျိုးအစား | သွင်းကုန် (ယာယီ) | ပို့ကုန် (ယာယီ) |
|---|---|---|---|
| ၁။ | တိရစ္ဆာန်၊ သို့မဟုတ်၊ ဟင်းသီးဟင်းရွက်အဆီများနှင့် ဆက်စပ်ပစ္စည်းများ | ၆၃၅.၄၆ | ၁.၂၁ |
| ၂။ | စားသောက်ကုန်များ၊ အဖျော်ယမကာနှင့် ဆက်စပ်ပစ္စည်းများ | ၁၆၄၆.၈၉ | ၃၁.၀၄ |
| ၃။ | တွင်းထွက်ထုတ်ကုန်များ | ၂၅၁၆.၉၄ | ၁၇၇၇.၀၇ |
| ၄။ | ဓာတုပစ္စည်းများနှင့် ဆက်စပ်ထုတ်ကုန်များ | ၉၉၇.၂၉ | ၆.၄၇ |
| ၅။ | ပလတ်စတစ်ပစ္စည်းများနှင့် ရော်ဘာပစ္စည်းများ | ၆၆၀.၇၀ | ၈၈.၁၂ |
| ၆။ | သစ်သားနှင့် ဆက်စပ်ပစ္စည်းများ | ၃၆.၈၂ | ၂၄၁.၀၄ |
| ၇။ | စက္ကူ၊ သို့မဟုတ်၊ စက္ကူချပ်နှင့် ဆက်စပ်ပစ္စည်းများ | ၂၃၂.၃၉ | ၂.၉၉ |
| ၈။ | အထည်အလိပ်နှင့် ဆက်စပ်ပစ္စည်းများ | ၉၂၆.၉၄ | ၁၉၄၈.၄၅ |
| ၉။ | ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ (Stone,Cement.Glass,etc) | ၂၃၅.၈၄ | ၂.၀၂ |
| ၁၀။ | စက်နှင့်စက်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ အသံဖမ်းစက်များ၊ အသံလွှင့်စက်များ၊ ရုပ်မြင်သံကြားထုတ်လွှင့်မှုဆိုင်ရာပစ္စည်းများ | ၂၃၅၀.၃၅ | ၅၅.၁၄ |
| ၁၁။ | (ယာဉ်၊ လေယာဉ်၊ လှေ၊ သင်္ဘော၊ ရေယာဉ်)သယ်ယူပို့ဆောင်ရေးဆိုင်ရာ ဆက်စပ်ပစ္စည်းများ | ၁၈၆၇.၆၉ | ၉.၈၁ |

**ဇာစ်မြစ်။ ။Myanmar Statistical Year book 2017**

**မေး ။ ။နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်ရေးအတွက် ဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်မှု အခြေအနေကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

ဖြေ ။ ။လက်ရှိနိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်စေဖို့အတွက် ပို့ကုန်တိုးမြှင့်ခြင်း (Export Promotion)နဲ့ လတ်တလောအရေးပါတဲ့ သွင်းကုန်ကို ဦးစားပေးခြင်း (Import Prioritization) နဲ့ ကုန်သွယ်မှုလိုငွေ လျှော့ချရေး၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူတွေအတွက် ပိုမိုကောင်းမွန်တဲ့ စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်နိုင်ဖို့ ပတ်ဝန်းကျင်ဖန်တီးပေးပြီးတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတိုးတက်ရေး၊ သွင်းကုန်အစားထိုးတိုးတက်စေရေး (Import Substitution) တို့အတွက် လိုက်လျောညီထွေမှုရှိတဲ့ ဘဏ္ဍာရေးမူဝါဒ၊ ငွေကြေးမူဝါဒနဲ့ ကုန်သွယ်ရေးမူဝါဒတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့ပူးပေါင်းပြီး အစိုးရငွေတိုက် စာချုပ်နဲ့ အစိုးရငွေတိုက် လက်မှတ်တွေကို ဈေးပြိုင်လေလံစနစ်နဲ့ ရောင်းချတာတွေကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ မြန်မာကျပ်ငွေတန်ဖိုး တည်ငြိမ်စေဖို့အတွက် ငွေကြေးမူဝါဒကို အကောင်အထည်ဖော်တဲ့အခါ အတိုးနှုန်းမူဝါဒအပြင် သီးသန့်ငွေ လိုအပ်ချက်သတ်မှတ်ခြင်းနဲ့ အပ်ငွေလေလံစနစ် (Deposit Auction) တို့ကို ပေါင်းစပ်ကျင့်သုံးနိုင်ဖို့ စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့နဲ့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

**မေးမြန်း-ရှင်မင်း၊ ဓာတ်ပုံ-ရွှေကိုလေး**

*စာမျက်နှာ ၆ မှ*

ပုပ္ပားတောင် အမိကမ္ဘာစခန်းသာ (Mount Popa Geopark) ဧရိယာ အနောက်ပိုင်း သံဖိုရွာဝန်းကျင်နှင့်ဂျမ်းလှီးရွာ အနောက်ဘက် ချိုင့်ဝှမ်းတို့အတွင်း အမိကမ္ဘာ စခန်းသာဖြစ်မြောက်ရေး ကွင်းဆင်းအဖွဲ့၏ ကွင်းဆင်းလေ့လာမှုအရ မိုင်အိုပလိုင်အိုဆင်းခေတ် ကျောက်ဖြစ်သစ်တောကြီးနှင့် ယင်းခေတ် သစ်တောကြီးများအတွင်း ကျက်စားနေထိုင်ခဲ့သော သတ္တဝါတို့၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို ရောဝတီကျောက်စဉ်စုအတွင်း တစ်နေရာတည်းတွင် ထင်ရှားစွာတွေ့ရှိရပါသည်။

ယနေ့ခေတ် ပုပ္ပားဒေသ၏ ရာသီဥတု၊ သဘာဝပတ်ဝန်းကျင်နှင့် ပေါက်ပင်များအပြင် ဇီဝမျိုးကွဲ တိရစ္ဆာန်များနှင့် များစွာကွာခြားလှသည့် အတိတ်နှစ်ပေါင်း ၂၃ သန်း မှ ၁ ဒသမ ၅ သန်းကာလအကြား မိုင်အိုပလိုင်အိုဆင်းခေတ်တွင် ပူအိုက်စွတ်စိုသည့် သမပိုင်းရာသီဥတုအတွင်း အမြင့် ၇၈ ပေ မှ ၁၂၅ ပေ အထိရှိပြီး လုံးပတ်ခြောက်ပေကျော်အထိရှိသော သစ်ပင်ကြီးများ၊ စိမ်းလန်းစိုပြည်သော မြက်ခင်းလွင်ပြင်များနှင့် တသွင်သွင်စီးဆင်းလျက်ရှိသော မြစ်ချောင်းများ၊ တောင်တန်းများ၏ နောက်ခံတွင် ကြီးမားသည့် ခန္ဓာကိုယ်ရှိ ကြံ့များ၊ ရှေးဟောင်းဆင် (စတက်ဂလိုဖိုဒွန်)များ၊ မြင်းများ၊ ကျွဲ၊ နွားအုပ်စုဝင် သတ္တဝါများဖြစ်သည့် သမင်၊ စိုင်၊ ဆတ်များ စသည့်အပြင် တွားသွားသတ္တဝါများဖြစ်သည့် မိကျောင်းများ၊ လိပ်များနှင့် ငါးများ ပျော်ရွှင်မြူးထူးကျက်စားနေကြပုံ အတိတ်ပန်းချီကို စိတ်ကူးပုံဖော်ကြည့်သည့်အခါ ယနေ့ခေတ် ပုပ္ပားဒေသမြင်ကွင်းနှင့် များစွာကွာခြားလျက်ရှိကြောင်း လွမ်းမောဖွယ်တွေ့ရှိရပေသည်။ ပညာရှင်အချို့၏ ယူဆချက်အရ ကျောက်ဖြစ်ရုပ်ကြွင်းသစ်ပင်တို့၏ အသက်သည် ကျောက်ဖြစ်ရုပ်ကြွင်းသတ္တဝါများထက် အသက်ကြီးရင့်သည်ဟု ယူဆကြသော်လည်း ပုပ္ပားတောင်၏ အနောက်ဘက်နှင့် အနောက်တောင်ဘက်တွင် ယနေ့တွေ့ရှိလေ့လာချက်အရ ရောဝတီကျောက်လွှာတစ်စုတည်းအတွင်း တစ်နေရာတည်း၌ ကျောက်ဖြစ်ရုပ်ကြွင်းသစ်ပင်ကြီးများနှင့် သတ္တဝါများ၏ ကျောက်ဖြစ်ရုပ်ကြွင်းများနှင့်အတူ တွေ့ရှိရသဖြင့် ယင်းတို့သည် တစ်ပြိုင်တည်း တစ်ချိန်တည်း ပျက်သုဉ်းခဲ့ရသည်ဟု ယူဆရပေသည်။ ယင်းခေတ်များအတွင်း အနောက်ရိုးမတောင်တန်းကြီးပေါ်ထွက်လာခြင်း မရှိသေးသဖြင့် မိုးရေချိန်မြင့်မားသော သမပိုင်းရာသီဥတုဖြစ်သဖြင့် သစ်ပင်ကြီးများ ပေါက်ရောက်ခဲ့ခြင်းဖြစ်ပြီး အနောက်ရိုးမတောင်တန်းကြီး ထွက်ပေါ်လာသည့် နောက်ပိုင်းတွင် ပုပ္ပားဒေသအပါအဝင် မြန်မာပြည်အလယ်ပိုင်းသည် မိုးကွယ်အရပ်အဖြစ် ပြောင်းလဲသွားရာမှ ကြီးမားသော သစ်ပင်သစ်တောများ ရှင်သန်နိုင်ခြင်း မရှိတော့ဘဲ မှီတင်းနေထိုင်လျက်ရှိသည့် သတ္တဝါကြီးငယ်တို့အတွက် စားကျက်များလည်း ရှားပါးလာမှုကြောင့် သေကျေပျက်စီးခဲ့ကြပြီး ယနေ့ခေတ် အပူပိုင်းမိုးနည်းရပ်ဝန်းအဖြစ် တွေ့ရှိရခြင်းဖြစ်သည်။

သို့အတွက် ပုပ္ပားတောင်ဝန်းကျင်ဒေသတွင် ယနေ့တွေ့ရှိရသော အင်ကြင်းကျောက်ခေါ် ထန်းပင်အပါအဝင် သစ်ပင်မျိုးစုံ၏ ကျောက်ဖြစ်ရုပ်ကြွင်းများနှင့် ကျောရိုးရှိ သတ္တဝါတို့၏ ကျောက်ဖြစ် ရုပ်ကြွင်းများ ယင်းအတိတ်ကာလ၏ ရာသီဥတု အတိတ်ပထဝီ၊ အတိတ်ဂေဟစနစ်တို့အား အသေးစိတ်လေ့လာခြင်းဖြင့် ပုပ္ပားဒေသ၏ အတိတ်ကာလမှ ယနေ့ခေတ်နှင့် များစွာခြားနားသည့် ပန်းချီကားတစ်ချပ်ကို စိတ်ကူးဖြင့် ပုံဖော်ကြည့်ရန်နှင့် အမိကမ္ဘာမြေနှင့် လူသားများ၊ တိရစ္ဆာန်များနှင့် သစ်ပင် သစ်တောများ နှစ်သန်းပေါင်းများစွာ ခေတ်အဆက်ဆက်မည်သို့ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ ရှင်သန်နေထိုင်ခဲ့ကြသည့် အတိတ်ပန်းချီကားချပ်ကို အနုစိတ်ရေးဆွဲရန်မှာ ယနေ့ခေတ် မျိုးဆက်သစ် သုတေသနပညာရှင်တို့၏ တာဝန်ဖြစ်သည်ဟုဆိုလျှင် အများစုမှ လက်ခံနိုင်ကောင်းပါ၏။ ။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

**နေပြည်တော် ဇူလိုင် ၂၀ -** မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၄ ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**



သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇) ပါးစုံညီ သတ္တရသမအစည်းအဝေး ပထမနေ့ကျင်းပစဉ်။ သတင်းစဉ်

❀ ***ရှေ့ဖုံးမှ***

ရှေးဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး ထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီးက အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာကို မြွက်ကြားတော်မူသည်။

**(သာရဏီယ ဩဝါဒကထာကို စာမျက်နှာ ၉ တွင် ဖော်ပြထားပါသည်)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် ရှေးရှေးသော သာသနာ့ထိပ်ခေါင်တင် မထေရ်မြတ်ကြီးများက အပင်ပန်းခံကာ ခဲယဉ်းစွာ တည်ထောင်လာခဲ့သည့် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်သည် ယခုအခါ ကာလကြာမြင့်စွာ ပြုပြင်မှုနည်းပါးသည့် အဆောက်အအုံကြီးပမာ တစ်နှစ်ထက်တစ်နှစ် လျော့ရိလျော့ရဲ ယိုယွင်းမှုများ ရှိလာသည်ဟု ကြားသိရပါကြောင်း၊ ဥပမာအားဖြင့် အမြို့မြို့အနယ်နယ်တွင် ရဟန်းသာမဏေများကို ဆုံးမခြင်း၊ အုပ်ထိန်းခြင်းကိစ္စများကို ဆောင်ရွက်ရာ၌ အခက်အခဲများ ကြုံတွေ့လာသည်ကို လည်းကောင်း၊ ဝိဝါဒမှုခင်းများ၊ အနုဝါဒမှုခင်းများကို ဆုံးဖြတ်ဆောင်ရွက်ရာတွင် လုပ်ငန်းမကျွမ်းကျင်မှုကြောင့် အခက်အခဲများ ကြုံတွေ့နေရခြင်းများကို လည်းကောင်း၊ ဝိနိစ္ဆယအဖွဲ့အချို့၏ လွဲမှားစွာဆောင်ရွက်မှုကြောင့် အမှုသည်များက လူစုလူဝေးဖြင့် ဆန္ဒပြမှုများ ပြုလုပ်လာသည်ကို လည်းကောင်း၊ လုပ်ငန်းမကျွမ်းကျင်မှုကြောင့် မူလပျက်ဖြစ်ကာ အမှုသည်များမှာ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် အားယုတ်စေခြင်းများ ဖြစ်နေသည်ကို လည်းကောင်း ကြားသိနေရပါကြောင်း။

**စိတ်ပါဝင်စားမှု နည်းပါးလျက်ရှိ**

အချို့သော မြို့နယ်၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် သံဃနာယကအဖွဲ့အချို့သည် သံဃာ့အဖွဲ့အစည်း၊ အခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံညီအစည်းအဝေး ကျင်းပဆောင်ရွက်မှု နည်းပါးလာခြင်းကြောင့် အဖွဲ့ဝင်အများစုသည် သံဃာ့အဖွဲ့အစည်းလုပ်ငန်းများအပေါ် စိတ်ပါဝင်စားမှု နည်းပါးလျက်ရှိနေပါကြောင်း၊ ရဟန်းအချို့သည် သံဃနာယက အဖွဲ့အစည်းအတွင်း ဝင်ရောက်စိုးမိုးဆောင်ရွက်လျက်ရှိကြပြီး သံဃာ့အဖွဲ့အစည်းဝင် ရွေးချယ်မှုများ၊ သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်း၊ အဂတိမကင်းသော ဆောင်ရွက်ခြင်းတို့ ပြုလုပ်လျက်ရှိနေကြောင်းကိုလည်း အခြေခံဒေသရှိ ဆရာတော်ကြီးများ၏ မိန့်ကြားချက်အရ ကြားသိနေရပါကြောင်း။

**နိုင်ငံတော်အဆင့်အထိရောက်**

ထိုကဲ့သို့ အောက်ခြေအဆင့်ဆင့်က ချို့ယွင်းချက်၊ အားနည်းချက်များ ရှိနေခြင်းကြောင့် မြို့နယ်အဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်တွင် ပြီးစီးရမည့်မှုခင်းများ နိုင်ငံတော်အဆင့်အထိရောက်ရှိပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ ညှိနှိုင်းရက်များကို သုံးရက်မှ လေးရက်အထိ တိုးမြှင့်လျက် ဆုံးဖြတ်ဆောင်ရွက်နေရသည်ကို ဆရာတော်ကြီးများလည်း သိရှိပြီးဖြစ်ပါကြောင်း။

ဆက်လက်၍ ပွင့်လင်းမြင်သာစွာ လျှောက်ထားရပါလျှင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေးကြီးသည်ပင်လျှင် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် ရှေးရှေးသော ဒီဃဒဿီဆရာတော်ကြီးများက အရှည်မြော်တွေး၍ ချမှတ်ခဲ့သော မူဝါဒ၏အနှစ်သာရပိုင်းအထိ ရောက်ရှိဆောင်ရွက်



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။

ရန်အတွက် လိုအပ်လျက်ရှိနေသည်ကို နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ မိန့်ကြားချက်အရ ကြားသိနေရပါကြောင်း။

ထို့ကြောင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ အစည်းအဝေးများကို ဆောင်ရွက်ရာ၌ အသွင်သဏ္ဍာန်ပိုင်းသာမက အနှစ်သာရပိုင်းပါ ရောက်ရှိအောင် ဆောင်ရွက်နိုင်ရေးအတွက် ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးကို အောင်မြင်စွာ ဆောင်ရွက်တော်မူခဲ့သော ရှေးရှေးသော ကျေးဇူးရှင်ဆရာတော်ကြီးများ၏ဂုဏ်ကို အာရုံပြုလျက် ရိုသေလေးမြတ်စွာ လျှောက်ထားအပ်ပါကြောင်း။

**တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်သင့်**

အောက်ခြေသံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ ချို့ယွင်းချက်၊ အားနည်းချက်၊ လိုအပ်ချက်များကို ဖြေရှင်းနိုင်ရန်အတွက် လည်းကောင်း၊ သံဃနာယကအဖွဲ့အစည်း အချင်းချင်း ယခုထက် ပိုမိုရင်းနှီးကျွမ်းဝင်မှုရှိစေရေးအတွက် လည်းကောင်း၊ အထက်အောက်သံဃာ့အဖွဲ့အစည်း အချင်းချင်းနှင့် သံဃာထုတစ်ရပ်လုံး ကျစ်လျစ်ခိုင်မာစွာဖြင့် သာသနာတော်အကျိုးဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ရန်အတွက် လည်းကောင်း၊ အထက်အောက်တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်သင့်ကြောင်းကို ၂၀-၂-၂၀၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇) ပါးစုံညီ သောဠသမအစည်းအဝေးတွင် မိန့်ကြားခဲ့သော ဥက္ကဋ္ဌ ဆရာတော်ကြီး၏ ဩဝါဒကထာအတိုင်း အထက်အောက်ညှိနှိုင်းပွဲများကို အကောင်အထည်ဖော် ဆောင်ရွက်သင့်သည်ကိုလည်း ထပ်လောင်းလျှောက်ထားလိုပါကြောင်း။

နိုင်ငံတော်အတွင်း ရဟန်းသာမဏေအချို့တို့၏ ရဟန်းသိက္ခာ၊ သာမဏေသိက္ခာနှင့် မလျော်ညီ သမဏသာရုပ္ပမဖြစ်သည့် မှုခင်းများကို ယခင်က အသေးအဖွဲမှုခင်းများအနေဖြင့်သာ တွေ့မြင်ကြားသိနေရသော်လည်း ယခုအခါ ကျူးကျော်ကျောင်းဆောက်လုပ်နေထိုင်မှု၊ ကျူးကျော်ကျောင်းမှ ထွက်ခွာပေးရေး သံဃနာယကအဖွဲ့များက ဩဝါဒပြုရာတွင် မလိုက်နာသည့်အပြင် အုပ်စုဖွဲ့တုံ့ပြန်မှု၊ မာတုဂါမများနှင့် မသင့်မလျော် နေထိုင်မှု၊ သက်ငယ်မုဒိမ်း ကျူးလွန်မှု၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များကို ကိုယ်တိုင်မောင်းနှင်ပြီး ယာဉ်တိုက်မှု ကျူးလွန်မှု၊ မူးယစ်ဆေးဝါး ရောင်းဝယ်မှု စသည့် မကြားဝံ့မနာသာသော ကြီးမားသည့် ပြစ်မှုများကိုပင် ကျူးလွန်ကျော်နင်းလာသည်ကို ကြားသိနေရပါကြောင်း။

**အမြင်ဆိုးရွားစွာ တွေ့မြင်နေ**

ယနေ့အချိန်အခါတွင် သမဏသာရုပ္ပမဖြစ်သော မှုခင်းများကို အင်တာနက်နှင့် သတင်းမီဒီယာ စာမျက်နှာများပေါ်တွင် အမြင်ဆိုးရွားစွာ တွေ့မြင်နေရပါကြောင်း၊ သမဏသာရုပ္ပမဖြစ်သော မှုခင်းများကို ဆောလျင်စွာ နှိမ်နင်းဖြေရှင်းနိုင်ရေးအတွက် မြို့နယ်သံဃနာယကအဖွဲ့နှင့် တိုင်းဒေသကြီး/ပြည်နယ်သံဃနာယကအဖွဲ့တို့အား အပြီးအပြတ် တာဝန်ပေးအပ်ထားသော်လည်း သမဏသာရုပ္ပမဖြစ်သော ကိစ္စရပ်များသည် ငြိမ်းအေးမသွားဘဲ အမှိုက်ကစ ပြာသာဒ်မီးလောင် ဆိုသကဲ့သို့ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး၏ ပုံရိပ်ကို အရုပ်ဆိုးအကျည်းတန်စွာ ထိခိုက်လျက်ရှိနေပါကြောင်း။

သက်ဆိုင်ရာ သံဃနာယကအဖွဲ့များအနေဖြင့် သမဏသာရုပ္ပမဖြစ်သော ကိစ္စရပ်များ လျော့နည်းပပျောက်ရေးအတွက် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ၊ မြို့နယ်၊ တိုင်းဒေသကြီး၊ ပြည်နယ် သာသနာတော်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (သံဃာ့စည်းကမ်းထိန်းသိမ်းရေးအဖွဲ့) များသည် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့၊ ခရိုင်ရဲတပ်ဖွဲ့၊ မြို့နယ်သာသနာရေးမှူးရုံး၊ ခရိုင်သာသနာရေးမှူးရုံး၊ မြို့နယ်တရားရေးအဖွဲ့၊ ခရိုင်တရားရေးအဖွဲ့၊ မြို့နယ်ဥပဒေရုံး၊ ခရိုင်ဥပဒေရုံး စသည့် အခြေခံဒေသအုပ်ချုပ်ရေးအဖွဲ့များနှင့် ညှိနှိုင်းပေါင်းစပ်၍ ကွင်းဆင်းအရေးယူခြင်းတို့ကို စီမံဆောင်ရွက်သင့်ပါကြောင်း။

**အရေးယူခြင်းတို့ စီမံဆောင်ရွက်သင့်**

သမဏသာရုပ္ပမှုခင်းများ အများဆုံးဖြစ်ပွားလေ့ရှိသော လူစည်ကားရာ နေရာများဖြစ်သည့် ဈေးများ၊ အဝေးပြေးကားဂိတ်များ၊ လေ့ဆိပ်၊ သင်္ဘောဆိပ်များ၊ လက်ဖက်ရည်ဆိုင်များ၊ စားသောက်ဆိုင်များ စသည့် နေရာများသို့ လှည့်လည်ကြည့်ရှုစစ်ဆေး၍ သမဏသာရုပ္ပ မဖြစ်သည့် အမှုများ ဆောင်ရွက်နေသော ပုဂ္ဂိုလ်များအား မြို့နယ်သံဃနာယကအဖွဲ့က သံဃာ့အခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားလွှာများနှင့်အညီ ဩဝါဒပြုခြင်း၊ အရေးယူခြင်းတို့ကို စီမံဆောင်ရွက်သင့်ပါကြောင်း။

ထို့အပြင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်သံဃနာယကအဖွဲ့ ဆရာတော်ကြီးများအနေဖြင့်လည်း သမဏသာရုပ္ပမဖြစ်သော မှုခင်းများ လျော့နည်းပပျောက်စေရေးအတွက် ကြပ်ကြပ်မတ်မတ် ဆောင်ရွက်တော်မူကြပါရန် သက်ဆိုင်ရာဒေသ အောက်ခြေသံဃာ့အဖွဲ့အစည်းအဆင့်ဆင့်သို့ ဩဝါဒကထာများ ပေးသင့်ပါကြောင်း။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇) ပါးစုံညီ ဒသမ အစည်းအဝေးဆုံးဖြတ်ချက်အရ သံဃနာယကနှင့် ဝိနည်းဓိုရ်သင်တန်းများကို ဗဟိုအဆင့် ဖွင့်လှစ်ခဲ့ပြီးဖြစ်သည့်အပြင် တိုင်းဒေသကြီး/ပြည်နယ်အဆင့် မြို့နယ်ပေါင်း ၄၀ မြို့နယ်တွင် မြို့နယ်အဆင့်ဖွင့်လှစ်ပြီးဖြစ်၍ ကျန်ရှိသည့်မြို့နယ်များတွင် ဆက်လက်ဖွင့်လှစ်နိုင်ရန်လည်း သာသနာရေးဦးစီးဌာနက စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

**ပိုမိုမှန်ကန်လာပါမည်ဟု ယုံကြည်**

ထိုကဲ့သို့ သံဃနာယကနှင့် ဝိနည်းဓိုရ်သင်တန်းများ ဖွင့်လှစ်ပေးခြင်းအားဖြင့် သံဃာ့အဖွဲ့အစည်းဝင် ဆရာတော်များအနေဖြင့် သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာကိစ္စရပ်များ ဆောင်ရွက်တော်မူကြရာတွင် ကျွမ်းကျင်နှံ့စပ်မှု ရှိလာမည့်အပြင် ဆုံးဖြတ်ချက်များသည်လည်း ပိုမိုမှန်ကန်လာပါမည်ဟု ယုံကြည်ပါကြောင်း။

**အမြောက်အမြား ပေါ်ထွန်း**

ပညာရေးရာကိစ္စရပ်များတွင် ပရိယတ္တိစာမေးပွဲဆိုင်ရာ မေးခွန်းပေါက်ကြားမှု မဖြစ်စေရေး၊ အဖြေလွှာစစ်ဆေးခြင်းနှင့် အောင်စာရင်း ထုတ်ပြန်ခြင်းတို့ကို စနစ်တကျဖြင့် အမြန်ဆုံးပြီးမြောက်စေရေးတို့ကို အထူးအလေးထား စီမံဆောင်ရွက်ခဲ့ပါကြောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ပရိယတ္တိစာမေးပွဲများကို နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၏ ဩဝါဒတော်များနှင့်အညီ ဆောင်ရွက်လျက်ရှိသည့်နည်းတူ သာသနာပြုစိတ်ဓာတ် ကြီးမြင့်ကြသည့် ပရိယတ္တိဝန်ဆောင်ဆရာတော်များ၊ လူပုဂ္ဂိုလ်များက သာမဏေကျော်စာမေးပွဲများကို နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဒေသ ၁၅ ခုတို့တွင် ကျင်းပလျက်ရှိပြီး သာမဏေကျော်အမြောက်အမြားလည်း ပေါ်ထွန်းလျက်ရှိကြောင်း ကြားမြင်သိရှိရသောကြောင့် သာသနာတော်အတွက် ဝမ်းမြောက်ကြည်နူးမိပါကြောင်း။

ပရိယတ္တိသည် သာသနာတော်၏ ရေသောက်မြစ်ဖြစ်သည်နှင့်အညီ သန့်သန့်ရှင်းရှင်း မှန်မှန်ကန်ကန်ဖြင့် တိုးတက်စည်ပင်ပြန့်ပွားရန်မှာ အလွန်အရေးကြီးသော အချက်တစ်ရပ်ဖြစ်သည်ကိုလည်း လျှောက်ထားလိုပါကြောင်း။

နိဂုံးချုပ်အားဖြင့် ယခုကဲ့သို့ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် (၄၇) ပါးစုံညီ အစည်းအဝေးကို လေးလလျှင်တစ်ကြိမ် ကျင်းပသည့်အခါတိုင်း သံဃာ့ကိစ္စသံဃာဆောင်ရွက်ဟူသော မူဝါဒချမှတ်လျက် ဆရာတော်အရှင်သူမြတ်တို့သည် စိတ်ပါဝင်စားစွာဖြင့် ဝေဖန်ဆွေးနွေးခြင်း၊ အကြံဉာဏ်ပေးခြင်း၊ အဆုံးအဖြတ်ပေးခြင်း စသည်တို့ဖြင့်လည်းကောင်း၊ မိမိတို့ဒေသသို့ ပြန်လည်ရောက်ရှိတော်မူကြသည့်အခါ၌ မိမိတို့ဒေသရှိ ရပ်/ကျေး၊ မြို့နယ်၊ တိုင်းဒေသကြီး/ပြည်နယ် သံဃနာယကအဖွဲ့ဝင် ဆရာတော်များနှင့် တွေ့ဆုံဆွေးနွေး အစည်းအဝေးများ ကျင်းပပြုလုပ်ခြင်းအားဖြင့် လည်းကောင်း သာသနာတော်ကြီး သန့်ရှင်းနိုင်သမျှ သန့်ရှင်းအောင်၊ သံဃာတော်များ ပရိယတ်၊ ပဋိပတ်တရားများကို တည်ငြိမ်အေးချမ်းစွာဖြင့် အားထုတ်နိုင်အောင်၊ ဒါယကာ၊ ဒါယိကာမများကိုလည်း သာသနာရေး၊ ဘာသာရေး အသိဉာဏ် တိုးတက်မြင့်မား၍ သာသနာတော်အစစ်အမှန်ကို ကြည်ညိုတတ်၊ ဆည်းကပ်တတ်၊ အားပေးချီးမြှောက်တတ်အောင် ပြုပေးတော်မူကြပါရန်နှင့် လုံ့လမယုတ် အားထုတ်ကြိုးပမ်း စွမ်းအားရှိသမျှ သာသနာပြုနိုင်ကြပါစေဟု လျှောက်ထားသည်။

***စာမျက်နှာ ၉ သို့***

# သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်က သာသနာတော်သန့်ရှင်းရေးအတွက် တာဝန်တစ်ရပ်အနေဖြင့် မှတ်ယူ၍ အလေးဂရုပြုဆောင်ရွက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇) ပါးစုံညီ သတ္တရသမ**
**အစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော အဘိဓဇမဟာရဋ္ဌဂုရု ၊ အဘိဓဇ**
**အဂ္ဂမဟာသဒ္ဓမ္မဇောတိက ၊ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော်**
**ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်၏**
**အစည်းအဝေးဖွင့် သာရဏီယ သြဝါဒကထာ**
**၁၃၈၀ ပြည့်နှစ် ၊ ဒုတိယဝါဆိုလဆန်း ၈ ရက်**
**၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်၊ သောကြာနေ့**

သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ သတ္တရသမ အစည်းအဝေးသို့ သာသနာတော်အရေးကို အလေးပေးကာ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော် အရှင်သူမြတ်တို့ဘုရား-

ဆရာတော်အရှင်မြတ်တို့ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ကျန်းမာခြင်းနှင့် ပြည့်စုံတော်မူကြ၍ ရှင်တော်မြတ်ဘုရား၏ သာသနာတော်မြတ်ကြီးကို စည်ပင်ပြန့်ပွားသည်ထက် စည်ပင်ပြန့်ပွားအောင်၊ တိုးတက်သည်ထက်တိုးတက်အောင်၊ ဝိတဏ္ဍာဘေး ကင်းဝေးသည်ထက် ကင်းဝေးအောင် ရွက်ဆောင်တော်မူနိုင်ကြပါစေဟု အာသီသပတ္ထနာပြုလျက် နှုတ်ခွန်းဆက်သပါသည်ဘုရား။

ဆရာတော်အရှင်သူမြတ်တို့ဘုရား - နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ မူလအခြေခံသည် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် အဖွဲ့ကြီးဖြစ်ပါသည်။ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီး၏ မူလအခြေခံသည် သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ် ဆရာတော်များဖြစ်ကြပါသည်။ သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ် ဆရာတော်များ၏ မူလအခြေခံသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ငါးသိန်းကျော်သော သံဃာတော်အပေါင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ ဆောင်ရွက်ချက် သာသနာရေးကိစ္စဟူသမျှသည် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီး၏ ကျေနပ်နှစ်သက် လက်ခံနိုင်သော ဆောင်ရွက်ချက်များဖြစ်ရပါမည်။ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီးက ကျေနပ်နှစ်သက် လက်ခံနိုင်သော ဆောင်ရွက်ချက်များဖြစ်လျှင် သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ် ဆရာတော်များ ကျေနပ်နှစ်သက် လက်ခံနိုင်သော ဆောင်ရွက်ချက်များဖြစ်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တစ်ဝန်းလုံးရှိ ငါးသိန်းကျော်သော သံဃာတော်အပေါင်းတို့ ကျေနပ်နှစ်သက် လက်ခံနိုင်သော ဆောင်ရွက်ချက်များ ဖြစ်ပါတော့သည်ဘုရား။

သို့ဖြစ်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် မိမိတို့အဖွဲ့ကြီး၏ ဆောင်ရွက်ချက် သာသနာရေးကိစ္စဟူသမျှကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် တစ်ဝန်းလုံးရှိ ငါးသိန်းကျော်သော သံဃာတော်အပေါင်းတို့ ကျေနပ်နှစ်သက်လက်ခံနိုင်သော ဆောင်ရွက်ချက်များ ဖြစ်ရလေအောင် အရေးကြီးသော သာသနာရေးကိစ္စများကို ဆောင်ရွက်ရာ၌ မိမိတို့အဖွဲ့ကြီး၏ မူလအခြေခံဖြစ်သော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များနှင့် အကျေအလည် ဆွေးနွေးတိုင်ပင်ညှိနှိုင်း၍ ဆောင်ရွက်သင့်ပါသည်။ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ အကြံပြုတင်ပြချက်များကိုလည်း အလေးဂရုပြုကာ ဆွေးနွေးညှိနှိုင်းတိုင်ပင်၍ ဆောင်ရွက်သင့်ပါသည်ဘုရား။

ဆရာတော် အရှင်မြတ်တို့ဘုရား တပည့်တော်တို့ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်မှ သမဏသာရုပ္ပ မဖြစ်သော ကိစ္စရပ်များ မပေါ်ပေါက်စေရေးအတွက် ညွှန်ကြားလွှာများဖြင့် အကြိမ်ကြိမ်ထုတ်ပြန်၍ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များက မိမိတို့ဒေသအတွင်း တိုင်းဒေသကြီး/ပြည်နယ်နှင့် မြို့နယ်များရှိ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်နှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများကို တွေ့ဆုံသြဝါဒပေးပြီး ပူးပေါင်းကာ တင်းတင်းကြပ်ကြပ်၊ ပီပီပြင်ပြင် အရေးယူဆောင်ရွက်ရန်လည်း အကြိမ်ကြိမ်ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်ဘုရား။ ထိုသို့ ဆောင်ရွက်ခဲ့သော်လည်း ရဟန်းသာမဏေများအနေဖြင့် ကိုယ်တိုင်မော်တော်ယာဉ်များ မောင်းနှင်ခြင်း၊ မော်တော်ဆိုင်ကယ်စီးခြင်းများကို ဆက်လက်ကျူးလွန်နေသည့်အတွက် ယာဉ်တိုက်မှု၊ လူသေဆုံးမှုများအထိ ဖြစ်ပေါ်လျက်ရှိနေပါသည်ဘုရား။ ယခုအခါတွင် ထိုကဲ့သို့ သမဏသာရုပ္ပ မဖြစ်သည့် မှုခင်းများ ဖြစ်ရုံသာမက ဒုဋ္ဌုလ္လ၊ ပဋိကုဋ္ဌာ ရုန့်ရင်းကြမ်းတမ်း စက်ဆုပ်ဖွယ်သော ပြစ်မှုများအထိ ဖြစ်ပေါ်နေသည်ကို စိတ်မချမ်းမြေ့ဖွယ် ကြားသိနေရပါသည်ဘုရား။ ယင်းသို့သောကိစ္စရပ်များအတွက် ရှေးရှေးသော သူတော်ကောင်း သာသနာပြု မထေရ်မြတ်များ၏ ကျေးဇူးဂုဏ်ကို အာရုံပြုလျက် ဖြေရှင်းဆောင်ရွက်ပေးရန် လိုအပ်နေပါသည်ဘုရား။ "သံဃာ့ကိစ္စ သံဃာဆောင်ရွက်" မှုအရ တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့်အတူ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်က သာသနာတော် သန့်ရှင်းရေးအတွက် တာဝန်တစ်ရပ်အနေဖြင့် မှတ်ယူ၍ အလေး ဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ပါသည်ဘုရား။

ထို့အပြင် ကျူးကျော်ကျောင်းများ ဆောက်လုပ်ခြင်းကိစ္စ၊ ဂိုဏ်းတစ်ပါးက တားမြစ်ထားစဉ် အခြားဂိုဏ်းတစ်ပါးက ကျောင်းသစ်ဆောက်လုပ်ခြင်းကိစ္စ၊ ဝိနိစ္ဆယ အမှုရှုံးပြီး အမှုဖြစ်ပွားရာ ရပ်ကွက်ဒေသအတွင်း ကျောင်းသစ်ခွဲ၍ ဆောက်လုပ်ခြင်း ကိစ္စများသည် ဒေသအတွင်းရှိ ဒါယကာ ဒါယိကာမများ၊ ရဟန်းတော်များအချင်းချင်း စိတ်ဝမ်းကွဲပြားခြင်း၊ ပဋိပက္ခအသွင်ဖြစ်ခြင်း၊ စည်းလုံးညီညွတ်မှုပြိုကွဲခြင်း တို့ကြောင့်



ကျောင်းဆောက်လုပ်ခြင်းကိစ္စနှင့်ပတ်သက်ပြီး သံဃနာယကလက်စွဲ၊ ညွှန်ကြားလွှာများနှင့်အညီ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်အနေဖြင့် အလေးအနက်ထားဆောင်ရွက်ကြရန်လည်း လျှောက်ထားလိုပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် အတိုင်းတိုင်းအပြည်ပြည်ကပင် လေးလေးစားစား အသိအမှတ်ပြုခြင်းကိုခံရသည့် မျက်မှောက်ခေတ် သာသနာတော်တွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်အတွက် အားအထားရဆုံး အဆင့်မြင့်ဆုံး နောက်ဆုံးခံတပ်သဖွယ်ဖြစ်သော သံဃာ့အဖွဲ့အစည်းကြီးဖြစ်သည်ကို ဆရာတော်ဘုရားများ သိရှိတော်မူကြပြီး ဖြစ်ပါသည်ဘုရား။

ယင်းသို့သော သံဃာ့အဖွဲ့အစည်းကြီး၌ ပါဝင်လျက် တာဝန်ထမ်းဆောင်တော်မူကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ကို ဇာတကပါဠိတော် စေလျက် သီလဝန္တ လဇ္ဇီပေသလ သိက္ခာကာမ ဓမ္မဂရုဖြစ်သော ရှင်ကောင်း ရဟန်းကောင်းတို့၏ အနွယ်အစဉ်၌ မိမိတို့ပါဝင်အောင် အစဉ်မပြတ် သတိချပ်တော်မူနိုင်ကြပါစေရန် လျှောက်ထားအပ်ပါသည်ဘုရား။

ဂမ္ဘီရပဉ္ဟံ မနသာ ဘိစိန္တယံ၊
နာစ္စာဟိတံ ကမ္မကရောတိ ဗုဒ္ဓိ။
ကာလာဂတံ အတ္ထပဒံ န ရိဉ္စတိ၊

တထာဝိဓံ ပညဝန္တံ ဝဒန္တိ(ဇာ၊ဋ္ဌ၊ ပဉ္စမတွဲ -၁၅၅)-ဟူသော ဒေသနာတော်နှင့်လျော်စွာလည်း အရာရာတွင် ခေါင်းဝင်ကိုယ်ဆံ့ ဉာဏ်ကွန်ရက်ဖြန့်ပြီးလျှင် ဝန်နှင့်အား၊ မြားနှင့်လေး ကျေးဇူးရှိမဲ့ ပြဲပြဲလင်းလင်း ထိုးထွင်းသိမြင် ဆင်ခြင်နိုင်သော ဉာဏ်ပညာဖြင့် သာသနာတော်အရေးကိစ္စဟူသမျှ၌ စေ့စေ့ငုငု ကြည့်ရှုမြော်မြင်နိုင်ကြသည့် ရဟန်းပညာရှင်တို့အဖြစ်ဖြင့် ဂုဏ်ယူနိုင်လောက်အောင် မြဲမြဲကြပ်ကြပ် သတိချပ်တော်မူကြရန် လျှောက်ထားလိုပါသည် ဘုရား။

ယော ဝေ ကတညူ ကတဝေဒိ ဓီရော၊
ကလျာဏမိတ္တော ဒဋ္ဌဘတ္တိ စ ဟောတိ။
ဒုခိတဿ သက္ကစ္စ ကရောတိ ကိစ္စံ၊

တထာဝိဓံ သပ္ပုရိသံ ဝဒန္တိ(ဇာ၊ဋ္ဌ၊ပဉ္စမတွဲ -၁၅၅)- ဟူသော ဒေသနာတော်နှင့်အညီ ကျေးဇူးသိတတ် ကျေးဇူးဆပ်၍ မိတ်မြတ်ဆွေကောင်း အပေါင်းဆံ့ထ ဒုက္ခရောက်သူ ကူညီဖေးမ သပ္ပုရိသ ကျင့်စဉ်ကြီးကိုလည်း အစဉ်ကြီးပွား ထွန်းကားစေတော်မူကြပါ ဘုရား။

ဧတေဟိ သဗ္ဗေဟိ ဂုဏေဟုပေတော၊
သဒ္ဓေါ မုဒူ သံဝိဘာဂီ ဝဒညူ။
သင်္ဂါဟကံ သခိလံ သဏှဝါစံ၊

**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် မိမိတို့အဖွဲ့ကြီး၏ ဆောင်ရွက်ချက် သာသနာရေးကိစ္စဟူသမျှကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် တစ်ဝန်းလုံးရှိ ငါးသိန်းကျော်သော သံဃာတော်အပေါင်းတို့ ကျေနပ်နှစ်သက်လက်ခံနိုင်သော ဆောင်ရွက်ချက်များ ဖြစ်ရလေအောင် အရေးကြီးသော သာသနာရေးကိစ္စများကို ဆောင်ရွက်ရာ၌ မိမိတို့အဖွဲ့ကြီး၏ မူလအခြေခံဖြစ်သော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များနှင့် အကျေအလည် ဆွေးနွေးတိုင်ပင်ညှိနှိုင်း၍ ဆောင်ရွက်သင့်**

စတ္တာလီသနိပါတ်၊ သရဘင်္ဂဇာတ်လာ ဂါထာတော်များကို ကောက်နုတ်၍ အကျဉ်းချုပ် လျှောက်ထားလိုပါသည်ဘုရား။

ကောဓံ ဝဓိတွာ န ကဒါစိ သောစတိ၊
မက္ခပ္ပဟာနံ ဣသယော ဝဏ္ဏယန္တိ။
သဗ္ဗေသံ ဝုတ္တံ ဖရုသံ ခမေထ၊

တေံ ခန္တိံ ဥတ္တမမာဟု သန္တော(ဇာ၊ဋ္ဌ၊ ပဉ္စမတွဲ -၁၄၈) ဟူသော သရဘင်္ဂဇာတ်တော်လာ ဒေသနာဖြင့် ကြမ်းကြမ်းကြုတ်ကြုတ် အယုတ်တမာပြောဆိုလာသော မည်သည့်ပုဂ္ဂိုလ်ကိုသော်မှ ကောဓအမျက်မထွက်စေဘဲ သည်းခံမှုခန္တီဂုဏ်တည်း ဟူသော လက်နက်သည် ကမ္ဘာလောက၌ ဖြစ်ပေါ်လာသည့် လက်နက်ဆန်း၊ လက်နက်ကောင်း ဟူသမျှတို့ထက် အဆအရာအထောင်မက လွန်ကဲမွန်မြတ်သည့် သူတော်ကောင်းလက်နက်ကြီး ဖြစ်ကြောင်းကို ပြဆိုထားပါသည်ဘုရား။

န ဟေတမတ္ထံ မဟာတီပိ သေနာ၊
သရာဇိကာ ယုဇ္ဈမာနာ လဘေထ။
ယံ ခန္တိမာ သပ္ပုရိသော လဘေထ၊

ခန္တီ ဗလဿူ ပသမန္တိ ဝေရာ(ဇာ၊ဋ္ဌ၊ပဉ္စမတွဲ-၁၅၁) - ဟူသော ဒေသနာတော်အရ ဘုရားတပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များသည် ပုဂ္ဂိုလ်အမျိုးမျိုးနှင့် ဆက်ဆံလျက် ပြဿနာအမျိုးမျိုးတို့ကို ဖြေရှင်းနေကြရသဖြင့် အားလုံး၏ အလိုကျချည်း ဖြစ်နိုင်မည်မဟုတ်ပါ။ အလိုမကျသော ပုဂ္ဂိုလ်အချို့က အပြစ်ဖို့သည့်စကားပြောဆိုလာသော်လည်း မည်သူ့အားမျှ ကောဓအမျက် မထွက်စေဘဲ သာသနာ့ဝန်ထမ်း ရဟန်းလောက၌ သပ္ပုရိသဂိုဏ်းဝင် အရှင်ကောင်း အရှင်မြတ်များပီပီ အကျွဘနီ စစ်ကြီးချိ၍ တိုက်ခိုက်လာသော်လည်း မရနိုင်သည့် အကျိုးထူးကို ရစေနိုင်သော လက်နက်ကောင်းခန္တီဂုဏ်နှင့် ပြည့်စုံတော်မူကြစေရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်ဘုရား။

ကာယေန ဝါစာယ စ ယောဓ သညာတော၊
မနသာ စ ကိဉ္စိ န ကရောတိ ပါပံ။
န အတ္တဟေတူ အလိကံ ဘဏာတိ၊

တထာဝိဓံ သီလဝန္တံ ဝဒန္တိ (ဇာ၊ ဋ္ဌ၊ပဉ္စမတွဲ -၁၅၄)-ဟူသော ဒေသနာနှင့်အညီ ကိုယ်နှုတ်စောင့်စည်းမှု၊ စိတ်ကိုထိန်းသိမ်းမှုဟူသော စတုပါရိသုဒ္ဓိ သီလနှင့်ပြည့်စုံ

တထာဝိဓံ နော သိရိ နော ဇဟာတိ (ဇာ၊ဋ္ဌ၊ပဉ္စမတွဲ-၁၅၅)-ဟူသော ဒေသနာတော်အရ လောကသားတို့ လိုလားအပ်သည့် ခြွေရံသင်းပင်း ပေါများခြင်း ကျေးဇူးသတင်းကျော်စောခြင်း၊ လောကအလယ်ဂုဏ်မငယ်ဘဲ တင့်တယ်ဖွယ်ရာရှိခြင်းဟူသော လောကအမြုတေ ကျက်သရေဂုဏ် အလုံးစုံသည် ပြဆိုခဲ့ပြီးသော ကျေးဇူးဂုဏ်တို့နှင့်ပြည့်စုံသည်ဖြစ်၍ သဒ္ဓါ၊ မုဒု၊ သံဝိဘာဂီ စသည့် အဖုံဖုံ ဂုဏ်ဆီပြည့်ဝ သပ္ပုရိသ လက္ခဏာ ရှိသူတို့အပေါ်၌သာ စွဲမှီတည်နေနိုင်သောကြောင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ ကျက်သရေတန်ခိုး၊ သာသနာတော်မြတ်ကြီး၏ ကျက်သရေတန်ခိုးတိုးပွားခြင်း၏ အကြောင်းလက္ခဏာများကို မိမိတို့ သန္တာန်ဝယ် အခြေခံထားရှိကြစေရန် လျှောက်ထားလိုပါသည်ဘုရား။

ထိုလျှောက်ထားခဲ့ပြီးသော အကြောင်းများကို ထောက်ထားရှုမြင်တော်မူကြ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ရဟန်းရှင်လူ ပြည်သူပြည်သားတို့၏ အားကိုးအားထားပြုရာဖြစ်ရုံသာမက အတိုင်းတိုင်းအပြည်ပြည်ကပင် လေးလေးစားစားအသိအမှတ်ပြုခြင်းကို ခံယူရသည့် မျက်မှောက်ခေတ်သာသနာတော်အတွက် အားအထားရဆုံး၊ အဆင့်အမြင့်ဆုံး သံဃာ့အဖွဲ့အစည်းကြီးတွင် ပါဝင်တော်မူကြသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့သည် သရဘင်္ဂဇာတ်တော်လာ ခန္တီတရား လက်ကိုင်ထားခြင်း၊ ဓမ္မဂရုဖြစ်သော ရှင်ကောင်း၊ ရဟန်းကောင်းတို့၏ အနွယ်အစဉ်၌ ပါဝင်စေခြင်း၊ သာသနာတော်အရေးကိစ္စဟူသမျှ၌ စေ့စေ့ငုငု ကြည့်ရှုမြော်မြင်နိုင်ကြသည့် ပညာရှင်ဖြစ်ခြင်း၊ ဒုက္ခရောက်သူတို့ကို ကူညီဖေးမသည့် သပ္ပုရိသ ကျင့်စဉ်ကို ကျင့်သုံးနိုင်ခြင်းဟူသော ဂုဏ်အင်္ဂါရပ်တို့နှင့် ပြည့်စုံအောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်တော်မူကြလျက် ရှင်တော်မြတ်ဘုရား၏ သာသနာတော်မြတ်ကြီးကို သန့်ရှင်းတည်တံ့ပြန့်ပွားတိုးတက်အောင် ဆောင်ရွက်တော်မူကြပါဟု တိုက်တွန်းလိုပါသည်ဘုရား။

သမဏသာရုပ္ပ မဖြစ်မှုမှသည် ပါရာဇိက ကျသည်အထိ ကြီးလေးသော ပြစ်မှုများ ဘုရားသာသနာနှင့်မအပ်သည့် လုပ်ဆောင်မှု အစုစုတို့ကို အနည်းငယ်မျှသော သံဃာများ ပြုလုပ်လာခြင်းသည် "ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်" မည့်အရေးကို သိမြင်တော်မူကြပြီး သာသနာတော်အတွက် ကြီးစွာသော သတိတရား လက်ကိုင်ထား၍ ဆောင်ရွက်ကြရန် တိုက်တွန်းရင်း သာရဏီယ သြဝါဒကထာကို နိဂုံးကမ္ပတ် အဆုံးသတ်အပ်ပါသည် ဆရာတော်အရှင်မြတ်တို့ဘုရား။ ။

*စာမျက်နှာ ၈ မှ*

ယင်းနောက် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ပထမအဖွဲ့ခွဲ) ၏ ပဥ္စမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ၏ ကိုယ်စား တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒက တင်သွင်းလျှောက်ထားသည်။

**တင်သွင်းလျှောက်ထား**

ထို့နောက် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ပထမအဖွဲ့ခွဲ)၏ ပဥ္စမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို အဖွဲ့ဝင် ဆရာတော်ကြီးများက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားသည်။

ယင်းနောက် ဝိနိစ္ဆယဆိုင်ရာကိစ္စများ၊ သာသနာ့ရေးရာကိစ္စများ၊ ပညာရေးဆိုင်ရာ ကိစ္စများကို တင်ပြလျှောက်ထားရာ တာဝန်ကျအဖွဲ့ခွဲ ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးတော်မူကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားသည်။

**ဆက်ကပ်လှူဒါန်း**

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား အရုဏ်ဆွမ်းကို ဦးသီဟကိုကိုနှင့် ဇနီး ဒေါ်အုံးအုံးစိန် မိသားစုနှင့် ဦးကျော်ဝင်းဟန်နှင့် ဇနီး ဒေါ်ခင်မျိုးနိုင် မိသားစုတို့က လည်းကောင်း၊ နေ့ဆွမ်းကို မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်(ငြိမ်း)နှင့် ဇနီး ဒေါက်တာ ဒေါ်တင်လင်းမြင့် မိသားစုတို့က လည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**

# မြန်မာ့ဂန္ထဝင်အတွဲ(၁၀၀) စာစဉ် မြန်မြန်ဆန်ဆန် ထုတ်ဝေဖြန့်ချိနိုင်ရေးဆွေးနွေး

ရန်ကုန် ဇူလိုင် ၂၀

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့စာပေဗိမာန်တွင် ကျင်းပသည့် မြန်မာ့ဂန္ထဝင် အတွဲ(၁၀၀) စာစဉ် ထုတ်ဝေနိုင်ရေး အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးသည်။**

အစည်းအဝေးသို့ မြန်မာ့ဂန္ထဝင် အတွဲ(၁၀၀)စာစဉ် ထုတ်ဝေရေးကော်မတီနာယက၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးတင်လှိုင် ( လယ်တွင်းသားစောချစ်)နှင့် ကော်မတီအဖွဲ့ဝင်များ၊ စာပေပညာရှင်များ၊ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် မြန်မာ့ဂန္ထဝင် အတွဲ(၁၀၀)စာစဉ်ကို ဝတ္ထုရှည်၊ ဝတ္ထုတို၊ ကဗျာ၊ ပြဇာတ်နှင့် အက်ဆေးများဖြင့် စုဖွဲ့ရေး၊ ထွက်ရှိပြီး စာအုပ်၊ စာစောင်များအနက်မှ စာကောင်းပေမွန်များကို ကော်မတီဝင်များက စုပေါင်းရွေးချယ်ရေး၊ ဝတ္ထုရှည် ပထမတွဲတွင် ဂျိမ်း(စ်)လှကျော်၏ “မောင်ရင်မောင် မမယ်မ”၊ ဝန်စာရေး ဦးကြီး၏ “ချဉ်ပေါင်ရွက်သည် မောင်မှိုင်းနှင့် မအေးခင်၏ ချစ်ရိုးအမှန်” တို့ဖြင့်လည်းကောင်း၊ ဝတ္ထုရှည် ဒုတိယတွဲတွင် ဦးလတ်၏ “ရွှေပြည်စိုး” ၊ ဆရာကြီးရွှေဥဒေါင်း၏ “ရတနာပုံ” တို့ဖြင့်လည်းကောင်း စုဖွဲ့ထုတ်ဝေရေး၊ ၎င်းဝတ္ထုရှည် အတွဲ(၁)နှင့် အတွဲ(၂)တို့ကို လာမည့် စက်တင်ဘာလအတွင်းနှင့် အတွဲ(၃)ကို အောက်တိုဘာလကုန်ခန့်တွင် ထုတ်ဝေနိုင်ရေး၊ မြန်မာ့ဂန္ထဝင် အတွဲ(၁၀၀)စာစဉ် စာအုပ်ဒီဇိုင်းနှင့် အပြင်အဆင်များ ကောင်းမွန်စေရေးတို့ကို တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့စွယ်စုံကျမ်း ပြင်ဆင်ဖြည့်စွက်ထုတ်ဝေနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် “ပထမ မူကြမ်း”အပေါ် ဖြန့်ဝေစိစစ်နိုင်ရေးအတွက် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးမှာကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာ့ဂန္ထဝင် အတွဲ(၁၀၀) စာစဉ် ထုတ်ဝေနိုင်ရေး အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးစဉ်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမတွင် “မြန်မာရေးရာ”လေ့လာရေးအဖွဲ့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ မိမိလုပ်ငန်းတာဝန်အပေါ် ဂုဏ်ယူတတ်စေရေးနှင့် စိတ်အားထက်သန်စွာဖြင့် ကြိုးပမ်းလုပ်ဆောင်ရေး မှာကြားခဲ့သည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း Global New Light of Myanmar သတင်းစာတိုက်မှ တာဝန်ရှိသူများ၊ စာတည်းအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ

**ရန်ကုန် ဇူလိုင် ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ Global New Light of Myanmar သတင်းစာတိုက်၌ သတင်းစာတိုက်မှ တာဝန်ရှိသူများ၊ စာတည်းအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ **(ဓါတ်ပုံ)**

ရှေးဦးစွာ Global New Light of Myanmar သတင်းစာတိုက်မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ဆွေးနွေးမှာကြား**

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက သတင်းစာအရည်အသွေးတိုးတက်ရေး၊ အမှားကင်းစင်ရေး၊ လုပ်ငန်းလိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် သတင်းစာတိုက်မှ တာဝန်ရှိသူများ၊ စာတည်းအဖွဲ့နှင့် ဝန်ထမ်းများက လုပ်ငန်းလိုအပ်ချက်များကို တင်ပြကြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေး ဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

ယင်းနားလည်မှု စာချွန်လွှာကို အဆိုပြုလုပ်ငန်းအစီအစဉ်နှင့်အညီ ၃ လ နှင့် ၆ လ အစီအမံများရေးဆွဲပြီး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ယင်းလုပ်ငန်းအစီအစဉ်တွင် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ လူ့အသိုက်အဝန်းများအကြား ရေရှည်တည်တံ့သည့် လူမှု-စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေး၊ ပညာရေး အစရှိသည့်ကဏ္ဍများနှင့် သဟဇာတရှိစေမည့် အခြေခံများကို ပံ့ပိုးကူညီသွားမည့် အစီအစဉ်များ ပါဝင်မည်ဖြစ်သည်။

မြန်မာဘက်အနေဖြင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၊ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာဗျူရို၊ ညွှန်ကြားရေးမှူး Mr. Indrika Ratwatte ၏ ဇူလိုင်လဆန်းက လာရောက်သည့်ခရီးစဉ်နှင့် ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၊ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် လက်ထောက်အုပ်ချုပ်ရေးမှူး Mr. Haoliang Xu ၏ မကြာသေးမီက လာရောက်ခဲ့သည့် ခရီးစဉ်တို့ကို ကြိုဆိုပါသည်။ မြန်မာတာဝန်ရှိသူများအနေဖြင့် ၎င်းတို့နှင့် နားလည်မှုစာချွန်လွှာ အကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်း၍လည်း ဆွေးနွေးခဲ့သည်။

လုပ်ငန်းအဖွဲ့သည် ရခိုင်ပြည်နယ်မြောက်ပိုင်းသို့ ဇူလိုင် ၂၀ မှ ၂၃ ရက် အထိ ကနဦး သွားရောက်မည်ဟု သတင်းရရှိသည်။

**သတင်းစဉ်**




❍ *ကျောဖုံးမှ*

ရန်နိုင်လင်း၊ ရန်ကျော်စိုး၊ ခွန်ကျော်ဇင်ဟိန်း၊ ဝေယံစိုး၊ သန့်စည်သူ၊ နိုင်ထွေး၊ **ရှေ့တန်း -** လမင်းထွေး၊ စောကျော်ထက်တို့ ပါဝင်ကြသည်။ မြန်မာ ယူ-၁၆ အသင်းသည် ဇူလိုင် ၂၀ ရက်မှ ၂၃ ရက်အထိ ထိုင်းနိုင်ငံ၌ လေ့ကျင့်မှုပြုလုပ်မည်ဖြစ်ပြီး ဇူလိုင် ၂၁ ရက်တွင် Bangkok Christain College အသင်း၊ ဇူလိုင် ၂၃ ရက်တွင် ထိုင်း ယူ-၁၆ လူငယ်လက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၁၆ အသင်းသည် ခြေစမ်းပွဲယှဉ်ပြိုင်ကစားရန် ကစားသမား ၂၃ ဦး ရွေးချယ်ထားပြီး ယင်းခရီးစဉ်မှ ပြန်လည်ရောက်ရှိမှသာ ပြိုင်ပွဲအတွက် အပြီးသတ်လူရွေးချယ်မည် ဖြစ်သည်။ ၂၀၁၈ အာဆီယံ ယူ-၁၆ ပြိုင်ပွဲကို ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (က) တွင် အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ တီမော၊ ဖိလစ်ပိုင်အသင်းတို့နှင့် ကျရောက်နေသည်။

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-MFF**

✳ *ကျောဖုံးမှ*

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်သည် ထူးချွန်သောဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် မြန်မာပြည်တွင်းပတ်လည်ပြိုင်ပွဲများ ကျင်းပပေးခြင်း၊ နိုင်ငံတကာဖိတ်ခေါ်ပြိုင်ပွဲများသို့ စေလွှတ်ပေးခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသောကြောင့် မြန်မာလူငယ်များသည် ကမ္ဘာ့အဆင့်ပြိုင်ပွဲများတွင် ထူးချွန်စွာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခြင်းဖြစ် ကြောင်း သိရသည်။

**သတင်း-ဖိုးသော်ဇင်**
**ဓာတ်ပုံ-ဂေါက်သီးအဖွဲ့ချုပ်**

# မောင်တောမြို့နယ် သစ်တုံးနားခွဆုံနှင့် ရွှေဇားကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၁၄ ရွာမှ ပြည်သူများအား အိမ်သုံးပစ္စည်းများ ထောက်ပံ့ပေးအပ်

မောင်တော ဇူလိုင် ၂၀

**လူမှုဝန်ထမ်းဦးစီးဌာနနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်း (Community Development Association-CDA)တို့ ပူးပေါင်း၍ မောင်တောမြို့နယ် သစ်တုံးနားခွဆုံနှင့် ရွှေဇားကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၁၄ ရွာမှ ပြည်သူများအား အိမ်သုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းက မောင်တောမြို့မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပသည်။** (အောက်ပုံ)

“အခု ထောက်ပံ့ပေးအပ်တာက ဒုတိယအကြိမ် ဖြစ်ပါတယ်။ ဇွန် ၃၀ ရက်က ပထမတစ်ကြိမ်အဖြစ် အိမ်ထောင်စု တစ်စုကို ဆပ်ပြာ နှစ်တောင့်၊ ဆိုလာဓာတ်မီးရယ်၊ ဖိနပ် သုံးရန်စီ ထောက်ပံ့ပေးအပ်ခဲ့ပါတယ်။ အခုတစ်ကြိမ်မှာတော့ ကျေးရွာ ၁၄ ရွာမှာရှိတဲ့ အိမ်ထောင်စု ၆၈၇ စုမှာ မိသားစုတစ်စုကို စတီးအိုး သုံးလုံး၊ စတီးပန်းကန်ပြား လေးချပ်၊ စတီးဇလုံ နှစ်လုံး၊ စတီးဇွန်း လေးချောင်း၊ သွားတိုက်တံ သုံးချောင်း၊ သွားတိုက်ဆေး တစ်ဘူးစီ ထောက်ပံ့ပေးအပ်ခဲ့ပါတယ်။ နောက်ထပ်လည်း ထောက်ပံ့ပေးမယ့် အစီအစဉ်တွေရှိပါတယ်” ဟု စစ်တွေမြို့ လူမှုဝန်ထမ်းဦးစီးဌာနရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်ပြုံးက ပြောသည်။

ယနေ့ ထောက်ပံ့ပေးအပ်သည့် အိမ်သုံးပစ္စည်းများကို သစ်တုံးနားခွဆုံ ကျေးရွာအုပ်စုမှ တာဝန်ခံ ကိုယ်စားလှယ် ၁၀ ဦးနှင့် ရွှေဇားကျေးရွာအုပ်စုမှ တာဝန်ခံကိုယ်စားလှယ် လေးဦး စုစုပေါင်း ကျေးရွာ ၁၄ ရွာတို့မှ တာဝန်ခံ ကိုယ်စားလှယ် ၁၄ ဦးက မောင်တောမြို့ပေါ်သို့ လာရောက်ထုတ်ယူရခြင်းဖြစ်သည်။



သစ်တုံးနားခွဆုံ ကျေးရွာအုပ်စု ကြိမ်ချောင်းကျေးရွာ တာဝန်ခံ ကိုယ်စားလှယ် ဦးအောင်ဘော်က “အခုလို တာဝန်ရှိသူတွေက ထောက်ပံ့ပေးအပ်တာကို ကျေးရွာ ပြည်သူတွေကိုယ်စား ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ တာဝန်ခံကိုယ်စားလှယ်တွေ အနေနဲ့ အထောက်အပံ့ ပစ္စည်းတွေကို မောင်တောမြို့ပေါ်ကို လာရောက်ထုတ်ယူပြီး အိမ်ထောင်စု တစ်စုချင်းစီကို မျှမျှတတ ပြန်လည်ဝေငှပေးပါတယ်” ဟု ပြောသည်။

အိမ်သုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို မောင်တောမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်ပြုံး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ။ လူမှုဖွံ့ဖြိုးရေးအသင်းမှ တာဝန်ရှိသူများနှင့် ကျေးရွာများမှ တာဝန်ခံ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်း - မင်းသစ်(MNA)၊ ကိုမင်း**
**ဓာတ်ပုံ-မင်းမင်း**

# တနင်္သာရီမြို့၌ တနင်္သာရီမြစ်ရေ တိုးလာမှုကြောင့် နေအိမ်များ ထပ်မံပြောင်းရွှေ့

**မြိတ် ဇူလိုင် ၂၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့၌ တနင်္သာရီမြစ်ရေလျှံမှုကြောင့် ဇူလိုင် ၁၅ ရက်မှ ၂၀ ရက်အထိ ကယ်ဆယ်ရေးစခန်းများ၊ နီးစပ်ရာဆွေမျိုးများ၊ ဘုန်းတော်ကြီးကျောင်းများသို့ ယာယီပြောင်းရွှေ့နေထိုင်ရသည့် အိမ်ခြေ ၅၄၁ လုံး၊ အိမ်ထောင်စု ၅၅၃ စု၊ လူဦးရေစုစုပေါင်း ၂၀၄၂ ဦး ရှိကြောင်း သိရသည်။

**စိုးရိမ်ရေမှတ်သို့ ရောက်ရှိ**

တနင်္သာရီမြို့နယ်တွင် ဇူလိုင် ၂၀ ရက် နံနက် ၁၂ နာရီခွဲခန့်က တိုင်းထွာမှုအရ တနင်္သာရီမြစ်ရေသည် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် စိုးရိမ်ရေအမှတ် ၂၆ ပေ ၂ လက်မသို့ ရောက်ရှိနေသည့်အတွက် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများရှိ လူနေအိမ်များ ရေနစ်မြုပ်မှုကြောင့် ချောင်းကြီးရပ်ကွက်မှ နေအိမ် ကိုးလုံးမှ အမျိုးသား ၂၄ ဦး၊ အမျိုးသမီး ၂၂ ဦး၊ ပေါင်း ၄၆ ဦးတို့အား မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမျိုးမျိုးနိုင်နှင့် သန္ဓေတပ်ဖွဲ့ဝင် ၁၄ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀ တို့က ကယ်ဆယ်ရေးစခန်းများသို့ လည်းကောင်း ပြောင်းရွှေ့နေရာချထားပေးလျက်ရှိကြောင်း သိရသည်။

**ပြောင်းရွှေ့နေရာချထား**

ဆက်လက်၍ တကူကျေးရွာမှ ပြည်အေးရပ်ကွက်နှင့် အင်းရှည်ကုန်းရပ်ကွက်တို့ရှိ နေအိမ် ၂၉ လုံးမှ အမျိုးသား ၆၇ ဦး၊ အမျိုးသမီး ၈၁ ဦး စုစုပေါင်း ၁၄၈ ဦးတို့ကို နယ်မြေမီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးမျိုးကျော် ဦးစီးသည့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်ငါးဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦးတို့က နီးစပ်ရာဆွေမျိုးများအိမ်သို့လည်းကောင်း ပြောင်းရွှေ့နေရာချထားပေးခဲ့ပြီး မြေမအုံ၊ ရေပေါ်၊ ဘန်းလော (အနောက်)၊ ဟိန်းလတ်၊ မြရာချောင်း၊ တလိုင်းတပ်၊ သူဌေးအရှေ့၊ ဘန်းပြည့်(အရှေ့)၊ ဘန်းပြည့်(အနောက်)၊ ဘန်းသဲ၊ သာရဘွင်ရွာမ်၊ ချောင်းလမုကျေးရွာတို့ရှိ နေအိမ် ၁၈၃ လုံးတို့မှ အမျိုးသား ၄၉၃ ဦး၊ အမျိုးသမီး ၄၄၈ ဦး စုစုပေါင်း ၉၄၁ ဦးတို့ကို ကယ်ဆယ်ရေးစခန်းနှင့် နီးစပ်ရာဆွေမျိုးများအိမ်သို့ လည်းကောင်း ပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။

"တနင်္သာရီမြို့မှာ ရေမကြီးတာ လေးနှစ်လောက်ရှိပြီ၊ အခုနှစ်မှ ရေကပြန်ကြီးတာ။ တနင်္သာရီမြို့မှာ ရေအကြီးဆုံးနှစ်ကတော့ ၁၉၉၄ ခုနှစ်မှာ စိုးရိမ်ရေမှတ်ထက်ကျော်လွန်ပြီး အမြင့်ဆုံးရေမှတ် ၃၆ ပေအထိ ရေတက်ခဲ့ဖူးတယ်။ အခုဒီနှစ်မှာ ပြန်ပြီးတော့ ရေကြီးတယ်။ ဘာကြောင့် ရေကြီးတာလဲဆိုတော့ ချောင်းကြီးကရေစီးသန်တယ်။ ချောင်းငယ်မှာ (ရေအင့်တယ် - ဒေသအခေါ်) ရေညှပ်တယ်။ ရေညှပ်တဲ့အတွက်ကြောင့်မို့ ရေက ပြန်မထွက်နိုင်ဘူး၊ မြစ်ဆုံလည်းဖြစ်တော့ ရေကြီးပြီးတော့ နေအိမ်တွေကို ရေနစ်မြုပ်မှုဖြစ်တယ်။ ဒါကြောင့် အိမ်မှာမနေဘဲ ရိပ်ယာကျောင်းရှိ ယာယီကယ်ဆယ်ရေးစခန်းမှာ လာပြီးတော့ နေရတာပါ။ ကယ်ဆယ်ရေးစခန်းမှာ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး အားလုံးအဆင်ပြေပါတယ်"ဟု တနင်္သာရီမြို့ ချောင်းငယ်ရပ်ကွက် သီတာလမ်းနေ ဦးလှတင်က ပြောသည်။

**မိုးအဆက်မပြတ်ရွာသွန်း**

အလားတူ တနင်္သာရီမြို့နယ်အတွင်းရှိ မြို့နယ်ရပ်ကွက်နှင့် ကျေးရွာများတွင် ဇူလိုင် ၁၉ ရက် ညနေ ၄ နာရီခွဲက မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တနင်္သာရီမြစ်ရေသည် စိုးရိမ်ရေမှတ် ၂၅ပေ ၁လက်မသို့ ရောက်ရှိလာသည့်အတွက် တနင်္သာရီမြို့ ချောင်းကြီးရပ်ကွက်မှ နေအိမ် ၂၉လုံးမှ အမျိုးသား ၇၂ဦး၊ အမျိုးသမီး ၈၅ ဦး စုစုပေါင်း ၁၅၇ ဦးတို့ကို ဘုန်းကြီးကျောင်း၊ တနင်္သာရီမြို့ခန်းမနှင့် စာသင်ကျောင်းသို့ လည်းကောင်း ပြောင်းရွှေ့နေရာချထားပေးပြီး ကော့မပြင်း (အရှေ့)၊ ပျို့အိုင် (အရှေ့)၊ ညောင်ပင်ကွင်း(အရှေ့)၊ ညောင်ပင်ကွင်း (အနောက်)၊ ချောင်းလမု၊ သူဌေး(အရှေ့)၊ ဘန်းပြည့် (အရှေ့)၊ ဘန်းပြည့် (အနောက်)၊ ကျောက်မိကျောင်း၊ လက်တောင်ယာ၊ အောက်ကင်းအနောက်၊ ဇောခိကမ်းကျေးရွာတို့ရှိ နေအိမ် ၉၆ လုံးတို့မှ အမျိုးသား ၂၆၆ ဦး၊ အမျိုးသမီး ၂၄၃ ဦး စုစုပေါင်း ၅၀၉ ဦးတို့ကို ဘုန်းတော်ကြီးကျောင်း၊ ကယ်ဆယ်ရေးစခန်း၊ စာသင်ကျောင်း၊ ဘုရားတောင်နှင့် နီးစပ်ရာဆွေမျိုးများအိမ်သို့ လည်းကောင်း ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။



**ထောက်ပံ့ပစ္စည်းများ ပေးအပ်**

တနင်္သာရီတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်း၊ လူမှုရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်နှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများက ဇူလိုင် ၁၉ ရက် ည ၇ နာရီခန့်က တနင်္သာရီမြို့နယ်ရှိ ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားသည့် နေရာများသို့ သွားရောက်ကာ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံ၍ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့သည့်ပစ္စည်းများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## ခတ္တာကျွန်းကျေးရွာတွင် လေဆင်နှာမောင်းတိုက်ခံရမှုကြောင့် နေအိမ် ၂၅လုံး ပြိုကျပျက်စီးပြီး စက်လှေတစ်စင်းတိမ်းမှောက်

**ဖျာပုံ ဇူလိုင် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အမာမြို့နယ်ခွဲ ဘဝသစ်ကျေးရွာအုပ်စု ခတ္တာကျွန်းကျေးရွာတွင် ဇူလိုင် ၂၀ ရက် နံနက် ၄ နာရီခွဲခန့်တွင် လေဆင်နှာမောင်း တိုက်ခတ်ခံရမှုကြောင့် နေအိမ် ၂၅ လုံး ပြိုကျပျက်စီးခဲ့ပြီး စက်လှေတစ်စင်း တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

လေဆင်နှာမောင်း တိုက်ခတ်ခံရမှုကြောင့် နေအိမ်များ၊ ဈေးဆိုင်၊ အလုပ်ရုံ၊ စိုက်ခင်း၊ ဆိုလာမီးများ၊ ဆိတ်ရုံ၊ လိုင်းသင်္ဘောများ ပြိုကျ၊ ပျက်စီးခဲ့ကြောင်း သိရပြီး အမျိုးသား၊ အမျိုးသမီး ၁၃၈ ဦးတို့ကို ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် စာသင်ကျောင်းသို့ ပြောင်းရွှေ့ထားပြီး စားဝတ်နေရေး၊ ကျန်းမာရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် တာဝန်ရှိသူများမှ လတ်တလောဆောင်ရွက်ပေးထားကြောင်း အမာမြို့ အုပ်ချုပ်ရေးမှူး ဦးရွှေစိုးဟန်ထံမှသိရပြီး အဆိုပါ လေဆင်နှာမောင်း တိုက်ခတ်ခံရမှုကြောင့် လူနှင့် တိရစ္ဆာန်သေကျေပျက်စီးမှုမရှိကြောင်း သိရသည်။

**သတင်း-ကျော်စိုးမိုး**
**ဓာတ်ပုံ-ဝင်းမြင့်အောင်(ပြန်/ဆက်)**






## မြောင်းမြ၌ စားသုံးသူပြည်သူများ နစ်နာမှုရှိပါက တိုင်ကြားနိုင်ကြောင်း အသိပေးဆိုင်းဘုတ်တင်

**မြောင်းမြ ဇူလိုင် ၂၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ ၇ လမ်း သင်္ဘောဆိပ်အနီး၌ ဇူလိုင် ၂၀ ရက် နံနက်က ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့က စားသုံးသူပြည်သူများ နစ်နာမှုရှိခဲ့လျှင် တိုင်ကြားနိုင်သည့် စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ အသိပေးဆိုင်းဘုတ်စိုက်ထူပွဲကို ကျင်းပရာ မြောင်းမြခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဒုဥက္ကဋ္ဌ၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ဦး၊ ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးတိုးလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

"စားသုံးသူပြည်သူတွေ အစားအသောက်ကုန်စည်ဝန်ဆောင်မှုနဲ့ ပတ်သက်လို့ ထိခိုက်နစ်နာမှုရှိခဲ့လျှင် အလွယ်တကူ တိုင်ကြားနိုင်အောင် စားသုံးသူပညာပေး ကြော်ငြာခြင်းဖြစ်ပါတယ်။ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေရဲ့ထီးရိပ်အောက်မှာ ပြည်သူတွေအေးချမ်းစွာ နေထိုင်စားသောက်နိုင်ရေး ဆောင်ရွက်ခြင်းဖြစ်ပါတယ်"ဟု မြောင်းမြခရိုင်စားသုံးသူရေးရာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတိုးလွင်က ပြောကြားသည်။

ကြော်ငြာဆိုင်းဘုတ်တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း ပုသိမ်၊ မြောင်းမြ၊ မအူပင်၊ ဟင်္သာတ၊ ဖျာပုံခရိုင်များအတွင်းရှိ စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ ဖုန်းနံပါတ်များ ဖော်ပြထားရှိပြီး www.doca.gov.mm ဖြင့် ဝက်ဘ်ဆိုက်မှလည်း တိုင်ကြားနိုင်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## မိုးအဆက်မပြတ်ရွာ၍ အတ္တရံမြစ်ရေမြင့်တက်လာပြီး လယ်မြေဧက ၂၀၀ ခန့် ရေကြီးနစ်မြုပ်

**ကျိုက်မရော ဇူလိုင် ၂၀**

မွန်ပြည်နယ် ကျိုက်မရောမြို့တွင် ယခုလအတွင်း နေ့စဉ် မိုးအဆက်မပြတ်ရွာသွန်းပြီး အတ္တရံမြစ်ရေမှာလည်း စိုးရိမ်ရေမှတ်ထိရောက်ရှိလာသဖြင့် ကျေးရွာအချို့ အနိမ့်ပိုင်းလယ်မြေဧက ၂၀၀ ခန့် ရေနစ်မြုပ်နေသဖြင့် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက ဖနုံကျေးရွာရှိ တောင်သူများကို တွေ့ဆုံ၍ စိုက်ပျိုးရေး နည်းပညာပေးလုပ်ငန်းများ၊ လိုအပ်သည့် နည်းပညာများ၊ မျိုးစေ့များ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)**



## ရခိုင်ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာနိုင်

**နေပြည်တော် ဇူလိုင် ၂၀**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရခိုင်ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာနိုင်သည်။

**မိုး/ဇလ**

## မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စစ်ကိုင်း-မင်းကွန်းလမ်း၌ အုတ်တံတိုင်းပြိုကျ

**စစ်ကိုင်း ဇူလိုင် ၂၀**

စစ်ကိုင်းမြို့မှ မင်းကွန်းဒေသသို့သွားရာလမ်း သောတာပန်ရပ်ကွက်အနီးရှိ ဘုန်းကြီးကျောင်းတစ်ကျောင်း၏ အုတ်တံတိုင်းမှာ ဇူလိုင် ၁၉ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကားလမ်းမပေါ်သို့ ပြိုကျခဲ့သည်။ ထိုသို့ပြိုကျခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူမရှိကြောင်းနှင့် အုတ်တံတိုင်းကားလမ်းမပေါ် ပြိုကျနေသောကြောင့် သွားလာရ အနည်းငယ်အခက်အခဲ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည်လာရောက်မှု

| စဉ် | အကြောင်းအရာ | ၂၀၁၇ ဇွန်လထိ | ၂၀၁၈ ဇွန်လထိ | တိုးတက်မှု | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | လေကြောင်းဖြင့်လာရောက်သူများ | ၆၄၄၃၄၂ | ၆၅၁၉၈၆ | ၇၆၄၄ | (+) ၁ % |
| ၂ | အပျော်စီးသင်္ဘောဖြင့်ဝင်ရောက်သူများ | ၃၉၂၄ | ၆၈၈၀ | ၂၉၅၆ | (+) ၇၅ % |
| ၃ | နယ်စပ်ဝင်ပေါက်မှအတွင်းပိုင်းထိလာရောက်သူများ | ၂၀၃၉၅ | ၂၃၂၃၄ | ၂၈၃၉ | (+) ၁၄ % |
| | ဗီဇာဖြင့်လာရောက်သူပေါင်း | ၆၆၈၆၆၁ | ၆၈၂၁၀၀ | ၁၃၄၃၉ | (+) ၂ % |
| ၄ | နယ်စပ်တွင်ဝင်ရောက်သူများ | ၁၀၉၀၆၄၉ | ၁၀၃၉၉၄၉ | -၅၀၇၀၀ | (-) ၅ % |
| | စုစုပေါင်း | ၁၇၅၉၃၁၀ | ၁၇၂၂၀၄၉ | -၃၇၂၆၁ | (-) ၂ % |

## VISITOR ARRIVALA BY NATIONALITY (Compare)

| No | NATIONALITY | 2017(Up to June) | 2018(Up to June) | difference | % |
|---|---|---|---|---|---|
| | NORTH AMERICA | 47158 | 40233 | -6925 | -15% |
| 1 | AMERICA | 33850 | 34021 | 171 | 1% |
| 2 | CANADA | 13308 | 6212 | -7096 | -53% |
| | OTHER AMERICAS | 7034 | 5836 | -1198 | -17% |
| | WEST EUROPE | 125700 | 93138 | -32562 | -26% |
| 1 | FRANCE | 32932 | 23639 | -9293 | -28% |
| 2 | U.K | 25934 | 20121 | -5813 | -22% |
| 3 | GERMANY | 21894 | 14797 | -7097 | -32% |
| 4 | ITALY | 8115 | 7214 | -901 | -11% |
| 5 | SWITZERLAND | 6864 | 4912 | -1952 | -28% |
| 6 | NETHERLANDS | 6716 | 4738 | -1978 | -29% |
| 7 | BELGIUM | 3605 | 2792 | -813 | -23% |
| 8 | AUSTRIA | 2374 | 1697 | -677 | -29% |
| 9 | SPAIN | 4479 | 3788 | -691 | -15% |
| 10 | OTHERS | 12787 | 9440 | -3347 | -26% |
| | EAST EUROPE | 10447 | 9432 | -1015 | -10% |
| 1 | RUSSIA | 3058 | 2798 | -260 | -9% |
| 2 | OTHERS | 7389 | 6634 | -755 | -10% |
| | AFRICA | 2398 | 2058 | -340 | -14% |
| | MIDDLE EAST | 3397 | 2610 | -787 | -23% |
| | ASIA | 453634 | 513072 | 59438 | 13% |
| 1 | THAILAND | 130665 | 153814 | 23149 | 18% |
| 2 | CHINA | 98550 | 133697 | 35147 | 36% |
| 3 | JAPAN | 48783 | 48745 | -38 | 0% |
| 4 | KOREA | 32506 | 32343 | -163 | -1% |
| 5 | SINGAPORE | 29094 | 27978 | -1116 | -4% |
| 6 | VIETNAM | 28455 | 27328 | -1127 | -4% |
| 7 | TAIWAN | 18233 | 17783 | -450 | -2% |
| 8 | INDIA | 20653 | 21648 | 995 | 5% |
| 9 | MALAYSIA | 20726 | 23559 | 2833 | 14% |
| 10 | PHILIPPINE | 8893 | 8437 | -456 | -5% |
| 11 | OTHERS | 17076 | 17740 | 664 | 4% |
| | OCEANIA | 18893 | 15721 | -3172 | -17% |
| 1 | AUSTRALIA | 16569 | 13574 | -2995 | -18% |
| 2 | NEWZEALAND | 2231 | 2003 | -228 | -10% |
| 3 | OTHERS | 93 | 144 | 51 | 55% |
| | TOTAL | 668661 | 682100 | 13439 | 2% |


လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်

လူငယ်
ဘက်စုံဖွံ့ဖြိုးရေးပွဲတော်
(မန္တလေး)

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၁၊ ၁၂၊ ၁၃)ရက်၊ (စနေ၊ တနင်္ဂနွေ၊ တနင်္လာ)
နံနက်(၉)နာရီမှ ညနေ (၅)နာရီအထိ မန္တလေးတက္ကသိုလ်ဝင်းအတွင်း ကျင်းပမည်ဖြစ်၍မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။


# MNL အမှတ်ပေးပြိုင်ပွဲမှ ရွှေ့ဆိုင်းထားသည့်ပွဲများ ပြန်လည်ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂၀**

မေလနောက်ဆုံးပတ်က ယှဉ်ပြိုင်ကစားမည့် ၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၃)မှ ရွှေ့ဆိုင်းထားသည့် ပွဲများအား စနေ၊ တနင်္ဂနွေနေ့တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။

ရွှေ့ဆိုင်းထားသည့် ပွဲများတွင် အသင်းကြီးများ၏ပွဲစဉ်များ ပါဝင်နေပြီး ချန်ပီယံဆုအတွက် အပြိုင်ဖြစ်နေသည့် ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်းသည် အိမ်ကွင်းပွဲကျပ်ကစားရမည်ဖြစ်သည်။

ဇူလိုင် ၂၁ ရက် **(ယနေ့)** တွင် တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ဇွဲကပင်အသင်း၊ ပုသိမ်ကွင်း၌ ရောဝတီအသင်းနှင့် ရတနာပုံအသင်း၊ ဇူလိုင် ၂၂ ရက်တွင် YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ရန်ကုန်အသင်းသည် ထိပ်ဆုံးနေရာတွင် ဆက်လက်ရပ်တည်နိုင်ရန် ယခုပွဲတွင် အနိုင်ရရန် လိုအပ်နေပြီး လက်ကျန်သုံးပွဲအနက် ယခုပွဲမှာ ပွဲအကျပ်ဆုံးဖြစ်နေသည်။ ပွဲစဉ် (၁၃) မှ လက်ကျန်ပွဲများ ပြီးဆုံးပါက အဆင့်သတ်မှတ်ချက်များအတွက် တွက်ချက်ရာတွင် ပိုမိုလွယ်ကူသွားမည်ဖြစ်ပြီး ချန်ပီယံဆုအတွက် ရန်ကုန်နှင့်ရှမ်းယူနိုက်တက်အသင်း ပြိုင်ဆိုင်နေသလို တတိယနေရာအတွက် အသင်းခုနစ်သင်းအထိ မျှော်လင့်ချက်ရှိနေသည်။ တန်းဆင်းနှစ်နေရာအတွက် မြဝတီအသင်းသည် အစောပိုင်းကတည်းက တန်းဆင်းသွားရပြီဖြစ်ပြီး လက်ကျန်တစ်နေရာအတွက် စစ်ကိုင်းနှင့် GFA အသင်းအပြိုင်ဖြစ်နေသည်။ ရန်ကုန်အသင်းသည် လက်ကျန်သုံးပွဲစလုံးကို အိမ်ကွင်း၌ ကစားရမည်ဖြစ်ပြီး ဟံသာဝတီအသင်းကို အနိုင်ရပါက ချန်ပီယံဆုရယူနိုင်ရန် ရာခိုင်နှုန်းများသွားမည်ဖြစ်သည်။ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ချန်ပီယံဆုကာကွယ်နိုင်ရန် လက်ကျန်သုံးပွဲစလုံး အနိုင်ရရန် လိုအပ်သလို ရန်ကုန်အသင်း ရှုံးပွဲကြုံတွေ့မှသာ မျှော်လင့်နိုင်မည်ဖြစ်သည်။

ဇူလိုင် ၁၈ ရက် ပွဲများအပြီးတွင် ရန်ကုန်အသင်းက ၄၅ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရှမ်းယူနိုက်တက်အသင်းက ၄၃ မှတ်၊ ရတနာပုံ၊ မကွေးနှင့် ဇွဲကပင်အသင်းတို့က ၃၀ မှတ်စီ၊ ဟံသာဝတီအသင်းက ၂၉ မှတ်၊ Southern အသင်းက ၂၇ မှတ်၊ ရောဝတီအသင်းက ၂၆ မှတ်၊ ရခိုင်အသင်းက ၂၅ မှတ်၊ စစ်ကိုင်းအသင်းက ၂၁ မှတ်၊ GFA အသင်းက ၁၇ မှတ်၊ မြဝတီအသင်းက နှစ်မှတ်ရထားသည်။ ယင်းအသင်းများအနက် မကွေး၊ Southern၊ ရခိုင်၊ စစ်ကိုင်း၊ GFA နှင့် မြဝတီအသင်းတို့မှာ ပွဲ ၂၀ စီကစားထားပြီး ကျန်အသင်းများမှာ ၁၉ ပွဲစီသာ ကစားရသေးသည်။

**ညီမြတ်သော်တာ**

# KBZ Bank Women's League ပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၀**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပမည့် ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ် (၁၀) နောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်း ဂိုးပြတ်နိုင်ပွဲရခဲ့သည်။

အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းသည် ဂန္ဓမာအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး သုံးဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းသည် ပွဲစကတည်းက ခြေအသာဖြင့် ဖိကစားနိုင်ခဲ့သော်လည်း ပထမပိုင်းတွင်သွင်းယူသည့် ဂိုးများဖြင့်သာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းအတွက် အနိုင်ဂိုးများကို ၂၈ မိနစ်တွင် နန်းမေသဇင်၊ ၃၂ မိနစ်တွင် ရီရီဦးနှင့် ၄၅+၂ မိနစ်တွင် သင်းသင်းယုတို့က သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် အားကစားနှင့် ကာယပညာဦးစီးဌာနအသင်း ဂိုးသွင်းခွင့်များထပ်ရသော်လည်း အသုံးမချနိုင်၍ ပထမပိုင်းသွင်းဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ပွဲစဉ် (၁၀) အပြီးတွင် လက်ရှိချန်ပီယံ မြဝတီနှင့် သစ္စာအားမာန်အသင်းက ၂၈ မှတ်စီဖြင့် ထိပ်ဆုံးတွင် အပြိုင်ဖြစ်နေပြီး အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းက ၂၄ မှတ်ရထားသည်။

**ရဲရင့်ရှိန်း**

### ❂ ကျောဖုံးမှ

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူကလည်းကောင်း၊ တတိယဆုရရှိသည့် ပညာရေးဝန်ကြီးဌာနအသင်းအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က လည်းကောင်း၊ ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းအား ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးကလည်းကောင်း တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းက တစ်ဦးချင်းဆုနှင့် ငွေသားဆုများ၊ တံခွန်စိုက်ဒိုင်းဆုတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **သူရဇော်(သတင်းစဉ်)**

# နိုင်ငံတကာဘောလုံးလောက သတင်းတိုများ

- လီဗာပူးအသင်းသည် ရိုးမားအသင်း၏ ဂိုးသမား အဲလစ်ဆင်ကို ကမ္ဘာ့ဈေးအကြီးဆုံး ဂိုးသမားအဖြစ် ခြောက်နှစ်စာချုပ်ဖြင့် ခေါ်ယူစာချုပ်လိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ လီဗာပူးအသင်းသည် အဆိုပါ ဘရာဇီးဂိုးသမားအတွက် ပြောင်းရွှေ့ကြေး ဘယ်လောက်ပေးချေခဲ့ရတယ်ဆိုတာကို ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ပေမယ့် ၎င်း၏ ပြောင်းရွှေ့ကြေးမှာ ပေါင် ၆၆ ဒသမ ၈ သန်း (ယူရို ၇၂ ဒသမ ၅ သန်း) အထိရှိ ရိုးမားအသင်းဘက်က ပြောဆိုထားကြောင်း ဖော်ပြထားသည်။
- မန်ချက်စတာယူနိုက်တက်အသင်းသည် ဇူလိုင် ၂၀ ရက် သောကြာနေ့ နံနက်ပိုင်းတွင် ရာသီအကြို ချစ်ကြည်ရေးခြေစမ်းပွဲစဉ်အဖြစ် ကလပ်အမေရိကနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီသရေကျခဲ့ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ မန်ယူအသင်း၏ အဓိက ကစားသမားအများစုမှာ အသင်းနှင့်အတူ လာရောက်ပူးပေါင်းနိုင်ခြင်း မရှိသေးကြောင်းလည်း ဖော်ပြထားသည်။
- လီဗာပူးအသင်းနှင့် ဘရာဇီးကွင်းလယ်ကစားသမားဟောင်း ဖာဘင်ဟို (၂၄နှစ်) သည် မိုနာကို အသင်းဖော်ဟောင်း အမ်ဘတ်ပီအား အန်ဖီးသို့ လာရောက်ကစားရေးနှင့်ပတ်သက်ပြီး ဖျောင်းဖျကြိုးစားနေကြောင်း ယူကေအခြေစိုက်သတင်းရင်းမြစ်တစ်ခုတွင် ဖော်ပြထားသည်။ အသက် ၁၉ နှစ်အရွယ်ရှိ အမ်ဘတ်ပီသည် ယခုလအစောပိုင်းတွင် ပြင်သစ်အသင်းနှင့်အတူ ကမ္ဘာ့ဖလားပူပူနွေးနွေးရရှိထားသူဖြစ်ကြောင်းလည်း ဖော်ပြထားသည်။
- ချယ်လ်ဆီးအသင်းသည် အသက် ၂၆ နှစ်အရွယ် ဘယ်လ်ဂျီယံ ဂိုးသမား ကော့တွိုက်စ်အနေဖြင့် ယခုနှစ်ရာသီတွင် စတန်းဖို့ဒ်ဘရစ်မှ ရီးရဲမက်ဒရစ်အသင်းထံသို့ ပြောင်းရွှေ့သွားပါက အသက် ၁၉ နှစ်အရွယ် အေစီမီလန်နှင့် အီတလီ ဂိုးသမား ဒွန်နာရမ်မာကို ခေါ်ယူရန်ချိန်ရွယ်နေကြောင်း ယူကေအခြေစိုက် သတင်းရင်းမြစ်တစ်ခု၏ ဖော်ပြချက်အရ သိရသည်။
- ရီးရဲမက်ဒရစ်အသင်းအနေဖြင့် ကော့တွိုက်စ်ကို စာချုပ်ခေါ်ယူခဲ့လျှင်တောင် အသက် ၃၁ နှစ်အရွယ် ကော့စတာရီကာ ဂိုးသမား နာဗက်စ်က ရီးရဲမက်ဒရစ်အသင်း၌ ဆက်လက်နေလိုပြီး နံပါတ်တစ်ဂိုးသမားနေရာအတွက် ကြိုးစားယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း အေအက်စ်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။
- အသက် ၂၉ နှစ်အရွယ် ဘရာဇီးကွင်းလယ်ကစားသမား ဝီလီယံသည် စတန်းဖို့ဒ်ဘရစ်တွင် ဆာရီကို နည်းပြအဖြစ် ခန့်အပ်ခဲ့သော်ငြား အသင်းမှ ထွက်ခွာရန်ဆန္ဒရှိနေသေးကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။ ၎င်းသည် ပြီးခဲ့သည့်ရာသီတွင် နည်းပြ ကွန်တီနှင့် အဆင်မပြေမှုများရှိခဲ့ကြောင်းလည်း ဖော်ပြထားသည်။
- ဗလင်စီယာအသင်းသည် မန်ယူအသင်း၏ နယ်သာလန်နောက်ခံကစားသမား ဖိုဆုမန်ဆာ (၂၀နှစ်) အား အမြဲတမ်းခေါ်ယူသွားနိုင်ရန် အလို့ငှာ အငှားဖြင့် ခေါ်ယူရန် စိတ်အားထက်သန်နေကြောင်း ယူကေအခြေစိုက် သတင်းရင်းမြစ်တစ်ခု၏ ဖော်ပြချက်အရ သိရသည်။ **အောင်ဇော်**

# တွံတေး-လှိုင်သာယာ ကားလမ်းဘေး၌ လူသတ်မှုကျူးလွန်ခဲ့သူများအား ဖမ်းဆီးရမိ

ရန်ကုန် ဇူလိုင် ၂၀

**ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အတွင်းရှိ အထက်တမာတကောကျေးရွာအနီး တွံတေး-လှိုင်သာယာကားလမ်းဘေး ၁၆ မိုင် ၅ ဖာလုံ၌ ဇူလိုင် ၁၇ ရက် ၈ နာရီ မိနစ် ၅၀ က ဖြစ်ပွားခဲ့သော လူသတ်မှုကျူးလွန်သူ လေးဦးအား ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က နာရီ ၃၀ အတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။**



ပြစ်မှုကျူးလွန်သူများ ဖြစ်ကြသည့် မောင်မောင်အေး (ခ)မောင်အေး၊ ပျိုတိုး(ခ)မျိုးလွင်၊ အောင်အောင်(ခ) ဘကြီးအောင်နှင့် တိုးအောင်(ခ) အသေးလေးတို့ကို တွေ့ရစဉ်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၇ ရက် ညနေ ၄ နာရီခွဲခန့်တွင် တရားလိုဦးစန်းဝင်းက King Cat ရေတားဆေးကုမ္ပဏီပိုင်ရှင် ဦးခင်မောင်ထွေး (၅၉ နှစ်)သည် နေအိမ်သို့ ပြန်လည်ရောက်ရှိခြင်းမရှိသဖြင့် လိုက်လံရှာဖွေခဲ့ရာ တွံတေးမြို့နယ် အထက်တမာတကောကျေးရွာအနီး လှိုင်သာယာ-တွံတေး ကားလမ်းမပေါ် ၁၆ မိုင် ၅ ဖာလုံ မိုင်တိုင်အနီးတွင် ဦးခင်မောင်ထွေးမှာ ၎င်းပိုင် Misubishi မော်တော်ယာဉ် 4K/----- ပေါ်တွင် ထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် ခလောက်ချိုက်နယ်မြေရဲစခန်းသို့ တိုင်တန်းခဲ့သဖြင့် အမှုဖွင့်စစ်ဆေးဆောင်ရွက်ခဲ့သည်။

အမှုမှ ပြစ်မှုကျူးလွန်သူများ အမြန်ဆုံး ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးကိုယ်တိုင် အနီးကပ်ကြီးကြပ်မှုဖြင့် တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၊ မှုခင်းအကူဌာနစုမှ ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်မှုအကူတပ်ခွဲမှ ရဲတပ်ဖွဲ့ဝင်များ၊ တောင်ပိုင်းခရိုင် မှုခင်းနှိမ်နင်းရေးဌာနစုမှ ရဲတပ်ဖွဲ့ဝင်များ၊ တွံတေးမြို့နယ်မှ ရဲတပ်ဖွဲ့ဝင်များပါဝင်သော အထူးအမှုစစ်အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

အထူးအမှုစစ်အဖွဲ့က အခင်းဖြစ်ရပ်အား အသေးစိတ်စစ်ဆေးခဲ့၍ အခင်းဖြစ်ရပ်တွင် တွေ့ရှိသော သက်သေခံ ဖုန်းတစ်လုံး၊ ငွေကျပ် ငါးသိန်းကျော်နှင့် အခြားသက်သေခံပစ္စည်းများကို သိမ်းဆည်းခဲ့ပြီး သေဆုံးသူနှင့် ပတ်သက်ဆက်နွှယ်သည့် သတင်းအချက်အလက်များအရ ဇူလိုင် ၁၈ ရက် ညနေ ၅ နာရီခွဲတွင် မောင်မောင်အေး(ခ)မောင်အေးအား ဖမ်းဆီးစစ်ဆေးခဲ့သည်။

မောင်မောင်အေး(ခ)မောင်အေးအား စစ်ဆေးချက်အရ သေဆုံးသူ ဦးခင်မောင်ထွေးမှာ လယ်ယာမြေများဝယ်ခြင်း၊ အပေါင်ခံခြင်း၊ သီးစားချထားခြင်းလုပ်ငန်းများကို လုပ်ကိုင်ခဲ့ရာ ၎င်းမှ ပွဲစားအဖြစ် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ပျိုတိုး(ခ)မျိုးလွင်နှင့်အတူ လယ်ယာမြေများ ရောင်းဝယ်ရာတွင် သေဆုံးသူထံမှ ငွေများ ပိုမိုယူထားခြင်း၊ တွံတေးမြို့နယ်ရှိ လယ်ပိုင်ရှင်များထံမှ လယ်မြေများကို အပေါင်ခံထားပြီး ရရှိသော အတိုးများကို ဦးခင်မောင်ထွေးထံမပေးဘဲ သုံးစွဲထားခြင်း၊ လယ်ပိုင်ရှင်များထံမှ ပုံစံ(၇)များရယူ၍ ဦးခင်မောင်ထွေးထံ ပေါင်နှံထားရာမှ ပြန်လည်မရွေးနိုင်ခြင်းတို့ကြောင့် ဦးခင်မောင်ထွေးအား သတ်ဖြတ်ရန် ပျိုတိုး(ခ)မျိုးလွင်နှင့် တိုင်ပင်ခဲ့ကြောင်း၊ လုပ်ကြံသတ်ဖြတ်ပေးရန်အတွက် ကြည့်မြင်တိုင်မြို့နယ် စက္ကလေးရပ်ကွက် စက်ဆန်းအုပ်စုနေ အောင်အောင်(ခ)ဘကြီးအောင်၏ အဆက်အသွယ်ဖြင့် တိုးအောင်(ခ)အသေးလေးကို ငွေကျပ် သိန်း ၁၅၀ ဖြင့် ငှားရမ်းခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူ ပျိုတိုး(ခ)မျိုးလွင်(၄၆ နှစ်)ကို ဇူလိုင် ၁၉ ရက် နံနက် ၂ နာရီတွင် လည်းကောင်း၊ အောင်အောင်(ခ)ဘကြီးအောင်(၅၂နှစ်)ကို ယင်းနေ့နံနက် ၆ နာရီတွင် လည်းကောင်း၊ တိုးအောင်(ခ) အသေးလေး (၄၈နှစ်)ကို ယင်းနေ့ နံနက် ၉ နာရီခွဲတွင် လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများအား စစ်ဆေးခဲ့ရာ ဇူလိုင် ၁၇ ရက် နံနက် ၁၁ နာရီတွင် ဦးခင်မောင်ထွေးက ၎င်းအပေါင်ခံထားသော လယ်မြေများကို အမည်ပေါက်ပြောင်းလဲပေးရန် လာခဲ့မည်ဖြစ်ကြောင်း မောင်မောင်အေး(ခ)မောင်အေးအား ဖုန်းဆက်အကြောင်းကြားသဖြင့် မောင်မောင်အေး(ခ)မောင်အေး၊ ပျိုတိုး(ခ)မျိုးလွင်နှင့် တိုးအောင်(ခ)အသေးလေးတို့က တွံတေး-လှိုင်သာယာ လမ်းမကြီး အထက်တမာတကောကျေးရွာအနီးရှိ တိုးဂိတ်တွင် စောင့်ဆိုင်းနေကာ ဦးခင်မောင်ထွေးရောက်ရှိလာသဖြင့် တိုးအောင် (ခ)အသေးလေးကို မြေစာရင်းဝန်ထမ်းဟု ပြောဆိုပြီး ကားပေါ်တင်ပေးခဲ့ကြောင်း၊ ဦးခင်မောင်ထွေးက တိုးအောင်(ခ)အသေးလေးနှင့်အတူ ကားမောင်းထွက်သွားခဲ့ပြီး မောင်မောင်အေး(ခ)မောင်အေးက ဆိုင်ကယ်ဖြင့် နောက်မှလိုက်လာခဲ့ရာ ၁၆ မိုင် ၅ ဖာလုံ အရောက်တွင် တိုးအောင်(ခ)အသေးလေးက ကားရပ်ခိုင်းကာ အသင့်ပါလာသော ဓားဖြင့် ထိုးသတ်ခဲ့ကြောင်း၊ ဦးခင်မောင်ထွေးကိုင်ဆောင်သည့် ဖုန်းနှင့် ကားသော့တို့ကိုယူပြီး မောင်မောင်အေး (ခ)မောင်အေးကို ပေးခဲ့ကြောင်း၊ ၎င်းဖုန်းနှင့် ကားသော့ကို ခနောင်တိုချောင်းအတွင်း လွှင့်ပစ်ခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။

အထူးအမှုစစ်အဖွဲ့က ဖော်ထုတ်ချက်အရ ပြစ်မှုကျူးလွန်သူများ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ဓားဦးချွန်တစ်ချောင်းနှင့် အခင်းဖြစ်စဉ်က ဝတ်ဆင်ခဲ့သော အဝတ်အထည်များကို တိုးအောင်(ခ) အသေးလေးထံမှ သိမ်းဆည်းရရှိခဲ့သည့်အပြင် ဆက်သွယ်အသုံးပြုသည့် ဖုန်းလေးလုံးနှင့် ဦးခင်မောင်ထွေးအား သတ်ပေးရန် စရံပေးထားသည့် ငွေကျပ် ၁၁ သိန်းအနက် ငွေကျပ်ခြောက်သိန်းတို့ကို သိမ်းဆည်းရမိခဲ့သည်။

ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူ အောင်အောင်(ခ)ဘကြီးအောင်မှာ ၁၉၈၆ ခုနှစ်က ဆိပ်ကမ်းမြို့နယ်အတွင်း လုယက်မှုဖြင့် ထောင်သုံးနှစ်ကျခံခဲ့ဖူးကြောင်း၊ ၁၉၉၉ ခုနှစ်တွင် ဘုရင့်နောင်မြစ်ကူးတံတားအောက်၌ သင်္ဘောတစ်စင်းအား လုယက်မှုအပါအဝင် အခြားအမှုသုံးမှုဖြင့် ထောင် ၁၅နှစ် ကျခံခဲ့ဖူးကြောင်း၊ ၂၀၁၃ ခုနှစ်တွင် နေပြည်တော် ကင်းသာရဲဘက်စခန်းမှ ပြန်လည်လွတ်မြောက်လာသူဖြစ်ကြောင်း၊ တိုးအောင် (ခ)အသေးလေးမှာ ၂၀၀၂ ခုနှစ်တွင် တာမွေ၊ လှိုင်၊ စမ်းချောင်း၊ မရမ်းကုန်းမြို့နယ်များတွင် ခိုးမှု ၁၁ မှုဖြင့် ထောင်ဒဏ် ၃၇ နှစ် ကျခံခဲ့ဖူးကြောင်း၊ ၂၀၁၇ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူရော်ဘာထုတ်လုပ်ရေးစခန်းမှ ပြန်လည်လွတ်မြောက်လာသူဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် လူသတ်မှုကျူးလွန်ရာတွင် ပါဝင်သူလေးဦးကို ထိရောက်သော ပြစ်ဒဏ်ရရှိရေးအတွက် ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

၂၁ -၇- ၂၀၁၈ (စနေနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၉း၃၅ - မြစ်မခမီဒီယာ "စာတတ်ဖို့၊ အသက်ရှည်ဖို့၊ ဝင်ငွေကောင်းဖို့"
၁၁း၀၀ - NHK Program (အလင်း၏အမြန်နှုန်းဆီသို့)
၁၁း၂၀ - ဆေးဖက်ဝင် ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး "ဘူးသီး"
၁၂း၄၀ - မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း -၁၇)

**ညပိုင်း**

၁၅း၁၅ - Myanmar National League 2018 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (Ayeyawady United FC အသင်းနှင့် Yadanarbon FC အသင်း)
၁၇း၃၀ - ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၇း၄၅ - NHK Program (အသေကောင်တွေ ဘယ်ရောက်သွားလဲ)
၁၈း၂၀ - ဇာတ်လမ်းအတိုအထွာ ပြုံးစရာ "အနိုင်ကျင့်တာ ဒို့လက်မခံ"
၁၈း၃၀ - Tasty Trip
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ" (အပိုင်း-၇)
၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀း၃၅ - Big Step (Singer- Khin Thazin)
- ဂီတသမား၊ ဂီတစကား "ဂန္ထဝင်တေးဆရာကြီး (၃)ဦး၏ တေးလက်ရာများ"
- ဟိုတုန်းက ကက်ဆက်ဇာတ်လမ်းများ "မြည်ချစ်သော ကိုရင်ညြ"(ဇာတ်သိမ်းပိုင်း)

# တရားလွှတ်တော်ရှေ့နေ ဦးကိုနီ လုပ်ကြံခံရမှုနှင့်ပတ်သက်၍ ယနေ့ရုံးချိန်း၌ တရားခံပြသက်သေများ ထပ်မံတိုးမြှင့်တင်ပြ

**ရန်ကုန် ဇူလိုင် ၂၀**

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် တရားလွှတ်တော်ရှေ့နေ ဦးကိုနီ သေနတ်ဖြင့် လုပ်ကြံခံရမှု၌ သေနတ်သမား ကြည်လင်း(ခ)ဖိုးထူး၊ ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်နှင့် ဇေယျာဖြိုး၊ အချုပ်လွတ်အာမခံရရှိထားသူ အောင်ဝင်းထွန်းတို့အား ရန်ကုန်မြောက်ပိုင်းခရိုင် အထူးတရားခုံရုံးသို့ ယနေ့နံနက် ၁၀ နာရီ မိနစ် ၂၀ ခန့်က ၆၂ ကြိမ်မြောက် ရုံးထုတ်ရောက်ရှိ၍ အမှု၌ ပါဝင်ပတ်သက်သူလေးဦးအနက် အောင်ဝင်းဇော်ကို ထပ်မံစစ်ဆေးမှု ပြုလုပ်ခဲ့ကြောင်း အဆိုပါတရားရုံး ဒုတိယခရိုင်တရားသူကြီးထံမှ သိရသည်။

ယင်းအမှုနှင့်ပတ်သက်၍ ဇူလိုင် ၁၂ ရက် ၆၀ မြောက် ရုံးချိန်း၌ ကြည်လင်း (ခ)ဖိုးထူးအား ၎င်း၏ဆန္ဒအရ တရားခံစစ် စစ်ဆေးပြီးနောက် အထူးခုံရုံးသို့ ယခင်စွဲချက်အမိန့် ချမှတ်စဉ်က တရားခံပြသက်သေမှာ ကြည်လင်းက ၁၀ ဦး၊ အောင်ဝင်းဇော်က ၁၂ ဦးသာ မူလအတိုင်း တင်ပြထားပြီး အောင်ဝင်းထွန်းက ၁၆ ဦးတင်ပြထားရာမှ နှစ်ဦးထပ်တိုးတင်ပြသည့်အတွက် ပေါင်း ၁၈ ဦးဖြစ်ကြောင်း၊ ဇေယျာဖြိုးက ယခင် ၁၂ ဦးအနက် ၁၆ ဦး ထပ်မံတိုးသဖြင့် ပေါင်း ၂၈ ဦး ဖြစ်ကြောင်းနှင့် မြောက်ပိုင်းခရိုင် အထူးတရားရုံး အမှုအမှတ် ၄၅/ ၂၀၁၇ လက်နက်မှုကနေ တရားခံပြသက်သေ စုစုပေါင်း ၆၈ ဦး ထပ်မံတိုးမြှင့်တင်ပြထားရာ တင်ပြချက်အပေါ် နှစ်ဖက်ရှေ့နေများအား ကန့်ကွက်ရန် ရှိ၊ မရှိ မေးမြန်းရာ မရှိကြောင်း ပြန်လည်ပြောကြားသဖြင့် အထူးတရားခွင်မှ လက်ခံအတည်ပြုကြောင်း သိရသည်။

မြောက်ပိုင်းခရိုင်တရားရုံး သတင်းနှင့် ပြန်ကြားရေးတာဝန်ခံအရာရှိ ဒုတိယခရိုင်တရားသူကြီး ဦးရဲလွင်က "ဒီကနေ့ မြောက်ပိုင်းခရိုင်တရားရုံး ရာဇဝတ်ကြီး အမှုအမှတ် ၄၅/ ၂၀၁၇ လူသတ်မှုနှင့် စွဲဆိုထားမှုအပေါ် အောင်ဝင်းဇော်ကို တရားလိုဘက်က သက်သေခံအဖြစ် တင်သွင်းထားတဲ့ စာရွက်စာတမ်းတွေ CCTV မှတ်တမ်းတွေ နဲ့ တိုက်ဆိုင်ပြီး အပြန်အလှန် ကျယ်ကျယ်ပြန့်ပြန့် စစ်မေးတာ ဖြစ်ပါတယ်။ စစ်ဆေးတာ မပြီးဆုံးသေးတဲ့အတွက် ဇူလိုင် ၂၆ ရက်မှာ အောင်ဝင်းဇော်ကိုပဲ ထပ်မံစစ်ဆေးဖို့ ချိန်းဆိုထားပါတယ်"ဟု ပြောသည်။

အောင်ဝင်းဇော်သည် အခင်းဖြစ်စဉ်က ဝတ်ထားသည့် ဘောင်းဘီနှင့်ပတ်သက်၍ အထောက်အထား သက်သေအဖြစ် အမှုလိုက်တရားလွှတ်တော်ရှေ့နေ ဦးအောင်ခိုင်က ယနေ့ တင်သွင်းရာ သက်သေခံတင်သွင်းသည့် ဘောင်းဘီအပေါ် အထူးတရားခုံရုံး တရားသူကြီးများက နှစ်ဖက်လျှောက်လဲချက်ကို သင့် မသင့် ကျယ်ကျယ်ပြန့်ပြန့် ကြားနာခဲ့ပြီးနောက် လက်မခံကြောင်း အမိန့်ချမှတ်ခြင်းဖြစ်ကြောင်း သတင်းနှင့် ပြန်ကြားရေးအရာရှိက ထပ်မံရှင်းလင်းပြောကြားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## အင်းတော်မြို့နယ်၌ တရားမဝင်သယ်ဆောင်လာသော ကျွဲ ၂၂ ကောင် ဖမ်းဆီးရမိ

**အင်းတော် ဇူလိုင် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့ အောင်ချမ်းသာရပ်ကွက် ရွှေဘို-မြစ်ကြီးနားကားလမ်းမပေါ်၌ မှောင်ခိုကျွဲ ၂၂ ကောင် သယ်ဆောင်လာသော ယာဉ်တစ်စီး ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၉ ရက် ည ၁၀ နာရီခွဲခန့်က အင်းတော်မြို့မရဲစခန်းမှ မြို့မရဲစခန်းမှူး ဒုရဲမှူးသက်တင်ဦးအနီးကပ်ကြီးကြပ်၍ နယ်ထိန်း ဒုရဲအုပ်အောင်အောင်ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် အင်းတော်မြို့ အောင်ချမ်းသာရပ်ကွက် ရွှေဘို-မြစ်ကြီးနားသွား ကားလမ်းတွင် ယာဉ်မောင်း ဇော်လွင်ဦး မောင်းနှင်ပြီး ယာဉ်နောက်လိုက် ဇော်ဇော်နိုင်နှင့် လှိုင်ဘွားအောင်တို့ လိုက်ပါလာသော 7I/---- ယာဉ်အား ရပ်တန့်စစ်ဆေးရာ ကျွဲထီး အကောင် ၂၀ နှင့် ကျွဲမနှစ်ကောင် စုစုပေါင်း ကျွဲ ၂၂ ကောင် သယ်ဆောင်လာကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

၎င်းတို့အား စစ်မေးရာ အဆိုပါ ကျွဲ ၂၂ ကောင်နှင့် သက်ဆိုင်သော စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိသဖြင့် တရားမဝင်ကျွဲများ သယ်ဆောင်လာသည့် သယ်န်းကျွန်းလမ်း တာမွေလေးရပ်ကွက် ရန်ကုန်မြို့နေသူ ဇော်လွင်ဦး၊ မိုးညှင်းမြို့နယ် အင်းကုန်းကျေးရွာနေသူများဖြစ်သော ဇော်ဇော်နိုင်နှင့် လှိုင်ဘွားအောင်တို့အား အင်းတော်မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

## လယ်ဝေး၌ မူးယစ်ဆေးဝါးများ ဖမ်းမိ

**လယ်ဝေး ဇူလိုင် ၂၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၃၀၀ကျော် သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး မူးယစ်အထူးအဖွဲ့မှ ရဲအုပ်နိုင်လင်းဦး ဦးစီးအဖွဲ့သည် ဇူလိုင် ၁၈ ရက် ညနေ ၄ နာရီခွဲက လယ်ဝေးမြို့အမှတ်(၇)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့တွင် ဒက္ခိဏသီရိမြို့ဘက်မှ လယ်ဝေးမြို့ဘက်သို့ မျိုးလှိုင်ဝင်း(ခ) ဝေယံဟိန်း (ခ)ဝတုတ် စီးနင်းလာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၉ ပြားနှင့် ဖုန်းနှစ်လုံး သိမ်းဆည်းရမိခဲ့သည်။

မျိုးလှိုင်ဝင်းအားစစ်ဆေးရာ အဆိုပါမူးယစ်ဆေးဝါးများကို လယ်ဝေးမြို့ အမှတ်(၂)ရပ်ကွက်နေ ဉာဏ်လင်းမြင့်(၂၂နှစ်) ထံမှ ဝယ်ယူလာကြောင်း ထွက်ဆိုသဖြင့် ရဲတပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေရာ ဉာဏ်လင်းမြင့်အား ၎င်း၏ နေအိမ်ပေါ်တွင် တွေ့ရှိရပြီး ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၅၀ နှင့် ငွေစက္ကူရောရော ကျပ် ၅၂၀၀၀၊ ဖုန်းတစ်လုံးတို့ကို တွေ့ရှိရ၍ ၎င်းတို့အား လယ်ဝေးမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## တရားမဝင်သယ်ဆောင်လာသော နွားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၀**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ပန်းယုကျေးရွာ တံတားတော်ကြီးအနီးတွင် ဇူလိုင် ၁၉ ရက် ညနေ ၄ နာရီက သတင်းအရ မတ္တရာမှ ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့ စောင့်ဆိုင်းနေစဉ် တရားမဝင် သယ်ဆောင်လာသော နွားများ ဖမ်းဆီးရမိခဲ့သည်။

ပူးပေါင်းအဖွဲ့များ စောင့်ဆိုင်းနေစဉ် စဉ့်ကူးမြို့နယ် ရွှေပြည်ကျေးရွာဘက်မှ ပုသိမ်ကြီးမြို့နယ်ဘက်သို့ မိုးကုတ်-မန္တလေးလမ်းအတိုင်း ပြည်ကြီးတံခွန်မြို့နယ် တောင်မြင့်ရပ်ကွက်နေ ရှိန်းထက်အောင်(၁၉ နှစ်) မောင်းနှင်ပြီး ယာဉ်နောက်လိုက်အဖြစ် တစ်ရပ်ကွက်တည်းနေ ကိုထွေး(၂၅ နှစ်) လိုက်ပါလာသော 6G/---- ကန်တာ ခြောက်ဘီးယာဉ်ကို မသင်္ကာဖွယ်တွေ့ရှိ၍ ရဲစခန်းသို့ ခေါ်ဆောင်စစ်ဆေးရာ ယာဉ်ပေါ်မှ တရားမဝင် သယ်ဆောင်လာသော နွား ၁၄ ကောင်ကို တွေ့ရှိသဖြင့် ၎င်းတို့အား မတ္တရာမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# နိုင်ငံအတွင်းဝေဖန်မှုများနှင့်ရင်ဆိုင်နေရသော်လည်း သမ္မတ ထရန့်က ရုရှားသမ္မတ ပူတင်နှင့် ဒုတိယအကြိမ်တွေ့ဆုံလို



**ဝါရှင်တန် ဇူလိုင် ၂၀**

အမေရိကန်သမ္မတထရန့်သည် ၎င်းအနေဖြင့် ရုရှားသမ္မတပူတင်နှင့် ဒုတိယအကြိမ်တွေ့ဆုံလိုသည့် ဆန္ဒရှိသည်ဟု ကြာသပတေးနေ့က ပြောသည်။

ဖင်လန်နိုင်ငံ ဟယ်ဆင်ကီမြို့တွင် ပြုလုပ်သည့်အမေရိကန်သမ္မတထရန့်နှင့် ရုရှားသမ္မတပူတင်တို့၏ ပထမဆုံးအကြိမ်တွေ့ဆုံပွဲအပြီး အမေရိကန်နိုင်ငံအတွင်းတွင် ဝေဖန်မှုများမြင့်တက်လျက်ရှိရာ ယင်းအခြေအနေမျိုးတွင် အမေရိကန်သမ္မတထရန့်က ရုရှားသမ္မတပူတင်နှင့် ဒုတိယအကြိမ် ထပ်မံတွေ့ဆုံလိုသည်ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

သမ္မတထရန့်ကမူ ၎င်းနှင့် ရုရှားသမ္မတပူတင်တို့ တွေ့ဆုံဆွေးနွေးမှုမှာ ကြီးကျယ်သည့် အောင်မြင်မှုဖြစ်ခဲ့ကြောင်း၊ ထို့ကြောင့် ဒုတိယအကြိမ်တွေ့ဆုံမှုကို မျှော်လင့်လျက်ရှိကြောင်း၊ စတင်အကောင်အထည်ဖော်လုပ်ဆောင်ရမည့် ဆွေးနွေးထားသည့် အကြောင်းအရာများလည်းရှိကြောင်း၊ ယင်းအကြောင်းအရာများထဲတွင် အကြမ်းဖက်မှုနှိမ်နင်းရေး၊ အစ္စရေးနိုင်ငံ၏လုံခြုံရေးကိစ္စ၊ နျူကလီးယား လက်နက်ကင်းစင်ရေး၊ ဆိုက်ဘာတိုက်ခိုက်မှု၊ ကုန်သွယ်မှု၊ ယူကရိန်း အရေး၊ အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးများအပါအဝင် အခြားသောကိစ္စရပ်များလည်းပါဝင်ကြောင်း သိရသည်။

သတင်းမီဒီယာအတုများက ရုရှားနှင့် ထိပ်တိုက်ရင်ဆိုင်တွေ့စေလိုသည့်အဆိုးမြင်မှုများရှိနေကြောင်း၊ ယင်းသို့ထိပ်တိုက်တွေ့ဆုံလျှင် စစ်ပွဲဆီသို့ ဦးတည်သွားနိုင်ကြောင်း ထရန့်က တွစ်တာပေါ်တွင် ရေးသားခဲ့သည်။

ထို့ပြင် ထရန့်အနေဖြင့် ရုရှားနှင့် ကောင်းမွန်သည့် ဆက်ဆံရေးရှိနေသည်ကို သတင်းမီဒီယာအတုများက အမြင်မကြည်နိုင်ဖြစ်နေကြကြောင်း ထရန့်က တွစ်တာပေါ်တွင် ရေးသားခဲ့သည်။

**ဆင်ဟွာ**

# တရုတ်နိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်းသို့ မုန်တိုင်းဝင်ရောက်မည်ဟု ခန့်မှန်းထား

**ပေကျင်း ဇူလိုင် ၂၀**

တရုတ်နိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်းဒေသသို့ ချဉ်းကပ်ဝင်ရောက်မည်ဟု ခန့်မှန်းထားသော အမ်ပီလ် တိုင်ဖုန်း မုန်တိုင်းသည် အားကောင်းလာသဖြင့် အဝါရောင်အဆင့်အဖြစ် သတ်မှတ်ခဲ့ကြောင်း တရုတ်နိုင်ငံ အမျိုးသားမိုးလေဝသစောင့်ကြည့်ရေးဌာနက သတိပေးချက်ထုတ်ပြန်ခဲ့သည်။




လက်ရှိမုန်တိုင်းဝင်ရောက်နေသည့် အခြေအနေ။

တိုင်ဖုန်းမုန်တိုင်းဖြစ်သော အမ်ပီလ်သည် ကျဲ့ကျန်းပြည်နယ် သို့မဟုတ် ကျန်းစုပြည်နယ်သို့ ဇူလိုင် ၂၁ ရက်တွင် ဝင်ရောက်မည်ဖြစ်ကြောင်း၊ လေတိုက်နှုန်းမှာ တစ်စက္ကန့်လျှင် ၃၀ မီတာအထက်ခန့် တိုက်ခတ်နိုင်ကြောင်း အမျိုးသားမိုးလေဝသစင်တာက သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါ မုန်တိုင်းသည် ယခုနှစ်တွင်တိုက်ခတ်သည့် ၁၀ ခုမြောက် တိုင်ဖုန်းမုန်တိုင်းဖြစ်သည်။

အပူပိုင်းမုန်တိုင်းသည် ကုန်းတွင်းပိုင်းသို့ ဝင်ရောက်ပြီးနောက် အားပျော့သွားနိုင်ပြီး အနောက်မြောက် ကုန်းတွင်းပိုင်းသို့ ဆက်လက်ရွေ့လျားသွားနိုင်ကြောင်း သိရသည်။

တရုတ်နိုင်ငံ အရှေ့ပိုင်းနှင့် မြောက်ပိုင်းဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းမှုများ ဖြစ်နိုင်ကြောင်း မိုး/ဇလဌာနက ပြောသည်။

ဇူလိုင် ၂၁ ရက်နှင့် ၂၃ ရက်ကြားတွင် ကျဲ့ကျန်းပြည်နယ်၊ ရှန်ဟိုင်းမြို့၊ ကျန်းစုပြည်နယ်၊ အန်ဟွေ့ပြည်နယ်၊ ရှန်တုံပြည်နယ်နှင့် ဟီဘေးပြည်နယ်များတွင် အမ်ပီလ်မုန်တိုင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းနိုင်ကြောင်း သိရသည်။

တရုတ်နိုင်ငံတွင် ရာသီဥတု သတိပေးချက်များကို အရောင်များဖြင့် ခွဲခြားထားရာ အဆိုးဆုံးအဆင့်မှာ အနီရောင်အဖြစ် သတ်မှတ်ထားပြီး လိမ္မော်ရောင်အဆင့်၊ အဝါရောင်အဆင့်နှင့် အပြာရောင်အဆင့်စသည်ဖြင့် အသီးသီးသတ်မှတ်ထားကြောင်း သိရသည်။

ထို့အတူ တိုင်ဖုန်းမုန်တိုင်း ဖြတ်သန်းသွားရာ လမ်းကြောင်းတစ်လျှောက်တွင် နေထိုင်ကြသူများအား မုန်တိုင်းဖြတ်သန်းသွားပြီးချိန်အထိ နေအိမ်အတွင်းမှာပင် နေထိုင်ကြရန်နှင့် ရေလွှမ်းမိုးမှုအား သတိထားကြရန် အမျိုးသားမိုးလေဝသစင်တာက သတိပေးချက်ထုတ်ပြန်ထားသည်။

**ဆင်ဟွာ**

## ရာထူးမှဖယ်ရှားခံရသည့် ကိုရီးယားသမ္မတဟောင်း ပတ်ခ်ဂွမ်ဟေး ထောင်ဒဏ်အသစ် ချမှတ်ခံရ

**ဆိုးလ် ဇူလိုင် ၂၀**

ရာထူးမှ ဖြုတ်ချခံထားရသည့် တောင်ကိုရီးယားသမ္မတပတ်ခ်ဂွမ်ဟေးကို နိုင်ငံပိုင်ငွေများ အလွဲသုံးစားပြုမှု၊ ရွေးကောက်ပွဲတွင် ဝင်ရောက်နှောင့်ယှက်မှုတို့အတွက် ယခင်ပြစ်ဒဏ်များအပြင် နောက်ထပ် ထောင်ဒဏ် ရှစ်နှစ်ကျခံစေရန်တောင်ကိုရီးယားတရားရုံးမှ ချမှတ်ခဲ့ကြောင်း သိရသည်။

တခြားသော အကျင့်ပျက်ခြစားမှု စွပ်စွဲမှုများဖြင့် ပတ်ခ်သည် ထောင်ဒဏ် ၂၄ နှစ် ချမှတ်ခံထားရသူလည်း ဖြစ်သည်။ အမျိုးသားထောက်လှမ်းရေးအေဂျင်စီမှ ငွေများ လက်ခံမှုအတွက် တရား ရုံးမှ ပတ်ခ်ကို ထောင်ဒဏ် ခြောက်နှစ်ချမှတ်ခဲ့ပြီး ဒဏ်ငွေ ၃ ဒသမ ၃ ဘီလီယံပေးဆောင်ရန် ချမှတ်ခဲ့ကြောင်း ဆိုးလ်ဗဟိုတရားရုံး တရားသူကြီးဆောင်ချန်ဟိုက ပြောသည်။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီလအတွင်း လာဘ်စားမှု ငွေသန်း ၂၀၀ လက်ခံမှုတို့အတွက် တရားရုံးမှ ၎င်းအား အပြစ်ရှိသည်ဟု ဆုံးဖြတ်ခဲ့သည်။ ပြည်သူ ရွေးကောက်ပွဲအက်ဥပဒေကို ချိုးဖောက်မှုဖြင့် တရားရုံးမှ ၎င်းအား ထောင်ဒဏ် နှစ်နှစ်ချမှတ်ခဲ့သည်။ ထို့ပြင် သမ္မတဟောင်းပတ်ခ်ဂွမ်ဟေးသည် သမ္မတ တာဝန်ထမ်းဆောင်စဉ်က နိုင်ငံ၏အမျိုးသားထောက်လှမ်းရေး အေဂျင်စီထံမှ ဒေါ်လာသုံးသန်း လက်ခံထားသည်ဟုလည်း တရားရုံးက ဆုံးဖြတ်ခဲ့သည်။

ယင်းလုပ်ရပ်သည် အမျိုးသားထောက်လှမ်းရေး အေဂျင်စီအတွက် ပုံမှန်ဖြစ်ရပ်တစ်ခုမဟုတ်ကြောင်း၊ ပတ်ခ်သည် လာဘ်စားထားသောငွေများကို ၎င်း၏အိမ်ပြင်ဆင်ရန်နှင့် ဆေးကုသမှု အစရှိသည့် ကိုယ်ပိုင်အသုံးစရိတ်များတွင် အသုံးပြုခဲ့ကြောင်း တရားသူကြီးက ပြောသည်။

ထို့ပြင် ပတ်ခ်သည် ၎င်းတို့ပါတီ၏ ကိုယ်စားလှယ်လောင်းရွေးချယ်ရေးတွင်လည်း ကြားဝင်နှောင့်ယှက်မှုများ ရှိနေသည်မှာလည်း ပြစ်မှုထင်ရှားသည်ဟု ဆိုသည်။ ပတ်ခ်ဂွမ်ဟေးသည် လွန်ခဲ့သောနှစ်က ရာထူးမှ ဖယ်ရှားခံထားရသူလည်း ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ်တွင် သင်္ဘောတစ်စင်းတိမ်းမှောက်ရာ ခြောက်ဦးသေဆုံး

**ဂျကာတာ ဇူလိုင် ၂၀**

လူပေါင်း ၂၁ ဦး လိုက်ပါလာသော ငါးဖမ်းသင်္ဘောတစ်စင်းသည် အရှေ့ဂျာဗားပြည်နယ်အနီးတွင် မကြာသေးမီက တိမ်းမှောက်ခဲ့ရာ ခြောက်ဦးသေဆုံးခဲ့ပြီး ခုနစ်ဦးပျောက်ဆုံးခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဌာနမှ သက်ဆိုင်ရာတာဝန်ရှိသူက ပြောခဲ့သည်။

သင်္ဘောတိမ်းမှောက်မှုသည် ဇူလိုင် ၁၉ ရက်တွင် ဖြစ်ပွားခဲ့ကြောင်း၊ ငါးဖမ်းသင်္ဘောမှာ ကမ်းကပ်စဉ်အတွင်း ပင်လယ်ရေလှိုင်း ရိုက်ခတ်မှုကြောင့် တိမ်းမှောက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ အခင်းဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးအဖွဲ့က လူရှစ်ဦးကို ကယ်ဆယ်ပေးနိုင်ခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

အင်ဒိုနီးရှားနိုင်ငံသည် ကျွန်းနိုင်ငံတစ်ခုဖြစ်ပြီး ကျွန်းများဖြင့် ဖွဲ့စည်းထားကာ သင်္ဘောများမှာ ပြည်သူများ သွားလာလုပ်ကိုင်စားသောက်သည့် အရေးပါသော ယာဉ်များဖြစ်ကြောင်း သိရသည်။

သို့သော်လည်း သင်္ဘောလုံခြုံရေးအားနည်းသောကြောင့် သင်္ဘောတိမ်းမှောက်မှုမကြာခဏ ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

ယခုလဆန်းပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံတွင် ဖြစ်ပွားခဲ့သော သင်္ဘောတိမ်းမှောက်မှုတွင် လူပေါင်း ၃၄ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



# အာဖဂန်မြောက်ပိုင်း ကွန်ဒုဇ်ပြည်နယ်တွင် ဗုံးကြဲတိုက်ခိုက်ရာ ၁၄ ဦးထက်မနည်း သေဆုံး

**ကဘူးလ် ဇူလိုင် ၂၀**

အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်း ကွန်ဒုဇ်ပြည်နယ်တွင် မကြာသေးမီက လေကြောင်း ဗုံးကြဲတိုက်ခိုက်မှုတစ်ခု ဖြစ်ပွားခဲ့ရာ အမျိုးသမီးနှင့် ကလေးငယ် ၁၄ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ပြည်နယ်အရာရှိတစ်ဦးက ပြောသည်။

ကွန်ဒုဇ်ပြည်နယ်အတွင်းရှိ အရပ်သားအဆောက်အအုံတစ်ခုကို လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် သေဆုံးဒဏ်ရာရရှိမှု ဖြစ်ပွားခဲ့ကြောင်း၊ အစိုးရက အခင်းဖြစ်ပွားရာနေရာသို့ စုံစမ်းစစ်ဆေးရေးအဖွဲ့ စေလွှတ်ထားကြောင်း ကွန်ဒုဇ်ပြည်နယ် အစိုးရပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောခဲ့သည်။

အဆိုပါ ဗုံးကြဲတိုက်ခိုက်ခြင်းကို အမေရိကန်နိုင်ငံစစ်ဘက်က ဆောင်ရွက်ခြင်း ရှိ၊ မရှိနှင့် ပတ်သက်ပြီး အစိုးရပြောရေးဆိုခွင့်ရှိသူက ပြန်လည်ဖြေကြားခြင်းမရှိသေးကြောင်း သိရသည်။

တာလီဘန်အဖွဲ့အစည်းက အဆိုပါဗုံးကြဲတိုက်ခိုက်မှုကို အမေရိကန်တို့ လုပ်ဆောင်ခြင်းဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ဇူလိုင် ၂၀ ရက်အထိ အာဖဂန်နစ္စတန်နိုင်ငံအခြေစိုက် အမေရိကန်တပ်ဖွဲ့က တာလီဘန်တို့၏ အဆိုပါထုတ်ပြန်ချက်နှင့် ပတ်သက်ပြီး မည်သည့်တုံ့ပြန်မှုမှ မဆောင်ရွက်သေးကြောင်း သိရသည်။

ယခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ အာဖဂန်နစ္စတန်နိုင်ငံအတွင်း လက်နက်ကိုင် ပဋိပက္ခများကြောင့် အရပ်သား စုစုပေါင်း ၁၆၉၂ ဦး သေဆုံးခဲ့ကြောင်း အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂကူညီထောက်ပံ့ရေးအဖွဲ့က မကြာသေးမီမှ ထုတ်ပြန်ကြေညာခဲ့သည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### တရုတ်သမ္မတ ယူအေအီးသို့ ၂၉ နှစ်တာအတွင်း ပထမဆုံး ရောက်ရှိ

**ပေကျင်း ဇူလိုင် ၂၀**

တရုတ်နိုင်ငံ သမ္မတ ရှီကျင့်ဖျင်သည် တရုတ်နိုင်ငံ ခေါင်းဆောင်တစ်ဦးအနေဖြင့် ၂၉ နှစ်တာကာလအတွင်း အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး) သို့ မကြာသေးမီက ပထမဆုံးအကြိမ် ရောက်ရှိလာခဲ့သည်။ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ လေပိုင်နက်ထဲသို့ ဝင်ရောက်လာသော တရုတ်သမ္မတရှီ၏ လေယာဉ်အား အာရပ်စော်ဘွားများပြည်ထောင်စုမှ တိုက်လေယာဉ်များက ဝန်းရံပို့ဆောင်ပေးခဲ့ပြီး ရှီနှင့် ဇနီးဖြစ်သူ ဖန်လိယွမ်တို့အား အာရပ်စော်ဘွားများပြည်ထောင်စုမှ ဒုတိယသမ္မတနှင့် ဝန်ကြီးချုပ် ရှိတ်မိုဟာမက်ဘင်ရာဇစ်အယ်လ်မက်တွန်၊ အိမ်ရှေ့စံ အဘူဒါဘီ ရှိတ်မိုဟာမက်ဘင်ဇာရက်အယ်လ်နာရန်တို့က နွေးထွေးစွာ ကြိုဆိုခဲ့သည်။

နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး တည်ထောင်ခဲ့သည့် လွန်ခဲ့သည့် ၃၄ နှစ်တာ ကာလကတည်းက တရုတ်နိုင်ငံနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံတို့သည် အပြန်အလှန်လေးစားမှုရှိပြီး တန်းတူဆက်ဆံမှုရှိခဲ့ကြောင်း၊ နှစ်နိုင်ငံရင်းနှီးစွာဆက်ဆံမှုကြောင့် နယ်ပယ်အသီးသီးတွင် လက်တွေ့ကျသည့် ပူးပေါင်း ဆောင်ရွက်မှု အသီးအပွင့်များကို ခံစားတွေ့မြင်ခဲ့ပြီးဖြစ်ကြောင်း ရှီက ပြောသည်။ ယူအေအီးခရီးစဉ်ပြီးနောက် ရှီသည် ဆီနီဂေါနိုင်ငံ၊ ရဝမ်ဒါနိုင်ငံနှင့် တောင်အာဖရိကနိုင်ငံများသို့ သွားရောက်ကာ ဂျိုဟန်နက်စ်ဘာ့ဂ်မြို့တွင် ပြုလုပ်မည့် ၁၀ ကြိမ်မြောက် ဘရစ်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

### မွမ်ဘိုင်းမြို့၌ အကျဉ်းသူ ၇၈ ဦး အစာအဆိပ်သင့်

**နယူးဒေလီ ဇူလိုင် ၂၀**

အိန္ဒိယနိုင်ငံ၏ စီးပွားရေးမြို့တော်ဟုတင်စားရမည့် မွမ်ဘိုင်းမြို့ရှိ အကျဉ်းထောင်မှအကျဉ်းသူ ၇၈ ဦးသည် အစာအဆိပ်သင့်သည်ဟုယူဆရသောဖြစ်ရပ်ကြောင့် သောကြာနေ့တွင် ဆေးရုံပေါ်၌ ကုသမှုခံယူနေရကြောင်း သတင်းအရင်းအမြစ်များက ပြောသည်။ ဘိုင်ကူလာ အကျဉ်းထောင်မှ အကျဉ်းသူများသည် အစာအိမ်နာကျင်ခြင်း၊ အော့အန်ခြင်း၊ မအီမသာခံစားရခြင်း၊ ဝမ်းလျှောခြင်း အစရှိသည့်ဝေဒနာများခံစားနေရ၍ နိုင်ငံပိုင် ဂျေဂျေဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရသည်။ မနက်ပိုင်း နံနက်စာစားပြီးနောက် ယင်းသို့ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အကျဉ်းသူ ၇၈ ဦး ဆေးရုံပေါ်တွင် ကုသမှုခံယူရလျက်ရှိကြောင်း၊ တစ်ဦးတလေမျှ စိုးရိမ်ရဖွယ်အခြေအနေမရှိကြောင်း ဆေးရုံမှ အတည်ပြုပြောကြားသည်။ လွန်ခဲ့သော သုံးလတာကာလအတွင်း ယခုတစ်ကြိမ်အစာအဆိပ်သင့်သည့်ဖြစ်ရပ်သည် ဒုတိယအကြိမ်ဖြစ်ကြောင်း ပထမတစ်ကြိမ်ဖြစ်ပွားစဉ်ကလည်း အကျဉ်းသူနှစ်ဦး သေဆုံးခဲ့ပြီး ၅၀ ခန့် ဆေးရုံတက်ခဲ့ရကြောင်း သိရသည်။

**ဆင်ဟွာ**

# ဘရာဇီးအခြေချ ဂျပန်လူမျိုးများရဲ့ မျှော်လင့်ချက် ချစ်ခြင်းမေတ္တာနဲ့ ဘဝတန်ဖိုးအကြောင်း တစေ့တစောင်း

**တင်လင်းအောင်**

အသက် ရှစ်နှစ်အရွယ် အိကီရှိမဘူကူရိုဟာ သူ့ရဲ့မိသားစုနဲ့အတူ ၁၉၅၉ ခုနှစ်မှာ ဂျပန်ကနေပြီးတော့ ဘရာဇီးနိုင်ငံကို နှစ်လကြာ ရေလမ်းခရီးနဲ့ ထွက်ခွာသွားခဲ့ပါတယ်။ သူတို့ရဲ့ဓလေ့အရ ထွက်ခွာမယ့်သူနဲ့ ကျန်ရစ်ခဲ့သူတို့ဟာ ဖဲကြိုးလေးတွေနဲ့ ချည်နှောင်တတ်ကြပြီး သင်္ဘောကလည်း ကုန်းကအခွာ ဖဲကြိုးလေးကလည်း အပြတ် အဲလိုလုပ်လေ့ရှိပါတယ်။ တကယ့်ကို နှုတ်ဆက်ခဲ့ခွာတဲ့ သင်္ဘောကိုဖော်ပြတဲ့ ပြယုဂ်တစ်ခုလည်း ဖြစ်ပါတယ်။

အဲဒါဟာ နောက်ဆုံးသံယောဇဉ်ကြိုးလေးပဲဖြစ်ပါတယ်လို့ အသက် ၆၇ နှစ်ထဲသို့ ရောက်လာပြီဖြစ်တဲ့ ရှီမဘူကူရိုက ပြောပါတယ်။ ၂၀ ရာစုအစပိုင်းထဲက ဘရာဇီးနိုင်ငံကို ရွှေ့ပြောင်းအခြေချတဲ့ ဂျပန်မိသားစုထောင်ပေါင်းများစွာနဲ့အတူ သူတို့မိသားစုလည်း လိုက်ပါရွှေ့ပြောင်းအခြေချခဲ့တာ ဖြစ်ပါတယ်။

ယခုတစ်ပတ်မှာတော့ ဘုရင်ကြီးအာကီဟီတိုရဲ့မြေး မင်းသမီး မာကိုဟာ ဂျပန်ယဉ်ကျေးမှု အမွေအနှစ်တွေနဲ့အတူ သူ့ရဲ့ အကြိမ် ၁၁၀ မြောက် စွန့်စားခရီးကို စတင်တဲ့အနေနဲ့ ဘရာဇီးနိုင်ငံရဲ့ မြို့အတော်များများကို အလည်အပတ်သွားရောက်ခဲ့တယ်ဆိုတာကို သိရှိရပါတယ်။ ဘရာဇီးနိုင်ငံဟာ ဂျပန်ရွှေ့ပြောင်းအခြေချသူ အတော်များများနေထိုင်တဲ့ နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါတယ်။

၁၉၀၈ခုနှစ် ဇွန်လမှာ ဘရာဇီးနိုင်ငံ ဆော်ပေါလိုမြို့ရဲ့ဆိပ်ကမ်းမြို့လေးဖြစ်တဲ့ ဆန်တို့စ်ကို ဂျပန်လူမျိုး ၇၈၁ ဦးပါတဲ့ အဖွဲ့တစ်ဖွဲ့ ရောက်ရှိခဲ့ပါတယ်။ သူတို့အများစုဟာ လယ်သမားတွေဖြစ်ကြပါတယ်။ သူတို့ဟာ ကာဆာတို မာရူ သင်္ဘောနဲ့ ရောက်ရှိလာကြတာဖြစ်ပါတယ်။

**ကောင်းမွန်တဲ့ ဘဝတည်ဆောက်ရန်**

ဂျပန်စက်မှုတော်လှန်ရေးမှာ ဖြစ်ပေါ်လာတဲ့ စီးပွားရေးကပ်ဆိုးကြီးကြောင့် သူတို့ဟာ အခုလိုရောက်ရှိလာကြတာဖြစ်ပါတယ်။ ဂျပန်နိုင်ငံမှ ရောက်ရှိလာတဲ့ ရွှေ့ပြောင်းအခြေချသူတွေဟာ တောင်အမေရိက ကော်ဖီစိုက်ခင်းတွေမှာ အလုပ်လုပ်ရင်း ပိုမိုကောင်းမွန်တဲ့ ဘဝတွေတည်ဆောက်ဖို့ စိတ်ကူးယဉ်အိပ်မက်တွေနဲ့ လာရောက်ခဲ့ကြတာဖြစ်ပါတယ်။ အဲဒီအချိန်တုန်းက တောင်အမေရိက ကော်ဖီစိုက်ခင်းတွေမှာ အလုပ်လုပ်မယ့်သူတွေ ရှားပါးပြတ်လပ်နေတယ်လို့ သိရပါတယ်။

ဂျပန်နိုင်ငံဟာ ခေတ်သစ်အာရှရဲ့ ပထမဆုံး တိုးတက်ဆုတ်ယုတ်မှုကိစ္စအပေါင်းကို ကြုံတွေ့ခဲ့ရတဲ့နိုင်ငံတစ်ခု ဖြစ်ပါတယ်။

ယနေ့ခေတ်မှာတော့ ဘရာဇီးနိုင်ငံဟာ နီကေးလို့ခေါ်တဲ့ ဂျပန်ရွှေ့ပြောင်းသူ အတော်များများကို လက်ခံတဲ့ နိုင်ငံတစ်ခုဖြစ်ခဲ့ပါတယ်။ အခုဆိုရင် ဘရာဇီးနိုင်ငံမှာ ဂျပန်ရွှေ့ပြောင်းသူ ၁ ဒသမ ၉ သန်းရှိပါတယ်။



**မျှော်လင့်ချက်နဲ့ အသက်ရှင်**

ဒုတိယ ကမ္ဘာစစ်ကြီးကြောင့် အလုံးစုံပျက်သုဉ်းမှုများနဲ့ ဆင်းရဲမွဲတေခြင်းများဟာ ရွှေ့ပြောင်းသူတွေ ဖြစ်ပေါ်လာရတဲ့ အကြောင်းရင်းတစ်ခုဖြစ်သလို နယ်ပယ်သစ်ရှာဖွေရတဲ့ အကြောင်းရင်းတစ်ခုလည်းဖြစ်ပါတယ်။ ထို့အတူ အဲဒီအချိန်မှာ ရွှေ့ပြောင်းအခြေချသူတွေဟာ မယိမ်းမယိုင်ဘဲ မျှော်လင့်ချက်နဲ့ အသက်ရှင်နေရပါတယ်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးကတည်းက ဂျပန်နိုင်ငံဟာ ခက်ခဲတဲ့ အခြေအနေတစ်ခုနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ “ကျွန်တော် ဘရာဇီးကို အသက် ၁၉ နှစ်အရွယ်မှာ ရောက်လာတယ်။ တစ်ယောက်တည်း မျှော်လင့်ချက်အပြည့်နဲ့ပေါ့”လို့ အသက် ၇၈ နှစ်ရှိ ယိုရှီဟာရူကီကူချီက နောက်ကြောင်းပြန်ပြောင်းကာ သူ့ရဲ့ဖြစ်အင်တွေကို ပြောခဲ့ပါတယ်။

“တကယ်တော့ ကျွန်တော်ဟာ ဂျပန်နိုင်ငံ မြောက်ပိုင်းကပါ။ ၁၉၆၅ ခုနှစ် ဆော်ပေါလိုကိုမပြောင်းခင် ကျွန်တော့်ရဲ့ ငယ်ရွယ်စဉ်ဘဝတွေကို ဘရာဇီးစိုက်ခင်းတွေမှာပဲ အချိန်ကုန်ခဲ့ပါတယ်”လို့ သူက ဆိုပါတယ်။ “ကျွန်တော်ရရှိခဲ့တဲ့ အရာတွေကတော့ ခက်ခက်ခဲခဲ ကြိုးကြိုးစားစားနဲ့ ရရှိခဲ့တာချည်းပဲ”လို့ သူက ပြောပါတယ်။ “ကျွန်တော် ဒီနေရာမှာ အများကြီး လေ့လာသင်ယူခဲ့ရပါတယ်” လို့ သူကဆိုပါတယ်။

ယနေ့ခေတ်မှာတော့ နီကေးတွေဟာ ဘရာဇီးလူမှုအသိုင်းအဝိုင်းနဲ့ သဟဇာတဖြစ်နေပါပြီလို့ သူကပြောပါတယ်။ သို့သော်လည်း ပထမမျိုးဆက်ကတော့ မျက်စိမှိတ် ဘက်လိုက်တာတွေ၊ မလိုမုန်းထားမှုတွေကို အံကြိတ်ခံရင်ဆိုင်ခဲ့ရကြောင်း၊ အထူးသဖြင့် ၂၀ ရာစုလောက်မှာ သူစိမ်းကြောက်တဲ့ လှိုင်းဂယက်တွေ ပြင်းထန်နေခဲ့တဲ့အချိန်မှာ သူတို့ဟာ အဲဒီဒဏ်ကို အတော်ကြီးရင်ဆိုင်ခဲ့ရကြောင်း သူက ပြောပါတယ်။

ဘရာဇီးမှာ မွေးဖွားတဲ့ မြေးငါးယောက်နဲ့ ကလေးနှစ်ယောက်ရှိတဲ့ ကီကူချီက သူကတော့ ဂျပန်ကို ပြန်လိုတဲ့ ရည်ရွယ်ချက်လည်းမရှိသလို ဆန္ဒလည်း မရှိကြောင်း ပြောပါတယ်။

အဖွဲ့အစည်းများစွာမှာ စေတနာရှင်တစ်ဦးအနေနဲ့ အလုပ်လုပ်ပေးခဲ့ပြီး ယခုအခါမှာတော့ အနားယူခဲ့တဲ့ ကီကူချီကတော့ အော်တစ်ဇင်ဖြစ်နေတဲ့ ကလေးတွေကို ဂျပန်နည်းနဲ့ ကူညီပေးခဲ့တယ်လို့ ဆိုပါတယ်။ သူများကို စိတ်ကောင်းစေတနာကောင်းနဲ့ကူညီသူအတွက် အမြဲတမ်းလမ်းပွင့်ပြီးတော့ ကမ္ဘာကြီးကလည်း အမြဲကြိုဆိုလျက်ပါလို့ သူကပြောပါတယ်။

**ချစ်ကြိုးသွယ်**

နောက်တစ်ယောက်ဖြစ်တဲ့ ရူမီကူဆူမိုတိုရဲ့ အမေဟာ ဘရာဇီးကို ၁၉၁၀ ပြည့်နှစ်ဝန်းကျင်မှာ ရောက်ခဲ့ပါတယ်။ သူ့ရဲ့ လေ့လာသင်ယူမှုပြီးတဲ့နောက်မှာ စစ်ပွဲအတွင်း သူ့ရဲ့ နေရပ်ဟောင်းကို ခဏအလည်ပြန်ခဲ့ပါတယ်။ ကူဆူမိုတိုဟာ ဖူကူအိုကာမှာ အိမ်ထောင်ကျခဲ့ပြီးတော့ ကလေးလေးယောက် ထွန်းကားခဲ့ပါတယ်။ အဲဒီတုန်းကတော့ ကလေးသာသာရှိသေးတဲ့ ကူဆူမိုတိုဟာ သူ့အမေဟာ ဘရာဇီးအငွေ့အသက်လေးနဲ့ ဟင်းတွေကို ဘယ်လိုချက်သလဲဆိုတာ ကောင်းကောင်းမှတ်မိနေပါတယ်။ ကူဆူမိုတိုဟာ ဘရာဇီးနိုင်ငံကို သူ့ရဲ့ မိသားစုအသစ်နဲ့အတူ ၁၉၆၂ ခုနှစ်မှာ ပြန်သွားခဲ့ပါတယ်။

ဂျပန်နိုင်ငံမှာမဟုတ်ဘဲ ဂျပန်နိုင်ငံရဲ့ အပြင်ဘက်မှာ အသက်ရှင်ဖို့အတွက် လူဖြစ်လာရတာပါလို့ ကူဆူမိုတိုက ဆိုပါတယ်။ သူဟာ အခြေအနေနဲ့ အချိန်အခါကို အကောင်းဆုံး လိုက်လျောညီထွေဖြစ်အောင်နေခဲ့ပြီး ဂျပန်နိုင်ငံကို မပြန်တော့ဘူးလို့ ဆုံးဖြတ်ခဲ့ပါတယ်။

သို့သော်လည်း ကံတရားကတော့ ပုံသေကားကျပြောလို့မရပါဘူး။ ၁၉၇၀ ပြည့်လွန်နှစ်တွေမှာ သူ့ကို ဘာသာပြန်အနေနဲ့ ဂျပန်နိုင်ငံသားတစ်ဦးက စီးပွားရေးခရီးစဉ်တွေမှာ ငှားခဲ့ပါတယ်။ နောက်ဆုံးမှာ အဲဒီဂျပန်နိုင်ငံသားဟာ သူ့ကို ဖိတ်ခေါ်ပြီး လက်ထပ်ခွင့်တောင်းခဲ့ကြောင်း ကူဆူမိုတိုက ပြောပါတယ်။

သူတို့နှစ်ဦးဟာ ကူဆူမိုတို ဂျပန်နိုင်ငံကို လက်ထပ်ဖို့ မသွားသေးခင် အချိန်အထိ တစ်ဦးနဲ့တစ်ဦး စာတွေနဲ့ အမြဲပဲ ဆက်သွယ်ခဲ့ကြပါတယ်။

**အရာအားလုံး တံခါးဖွင့်ထား**

သို့သော်လည်း သူ့ရဲ့မိခင်တိုင်းပြည်ကို ပြန်လာတဲ့အခါမှာတော့ ယဉ်ကျေးမှုပိုင်းမှာ အခက်တွေ့စေခဲ့ပါပြီ။ ဘရာဇီးက စာတစ်စောင် ရောက်လာခဲ့တဲ့အခါမှာတော့ ကျွန်မအမျိုးသားဟာ ကျွန်မအတွက် လက်ကိုင်ပဝါတစ်ထည်ယူခဲ့ပေးပါတယ်။ သူက ကျွန်မ ငိုတော့မယ်ဆိုတာကိုသိတယ်လို့ သူမကပြောပါတယ်။ အခုတော့ ဂျပန်၊ ဘရာဇီး၊ ကလေးနှစ်ယောက် အခြေချနေတဲ့ အမေရိကန်ပြည်ထောင်စုကြားမှာ ကျွန်မရဲ့ ဘဝကို ဘယ်လိုတောင် ခွဲထားရမလဲမသိတော့ပါဘူးလို့ သူက ဆိုပါတယ်။ သို့သော်လည်း အခုတော့ ကျွန်မ ဘယ်မှာ ခေါင်းချရမလဲဆိုတာ သိပါပြီလို့ ပြောပါတယ်။ ကျွန်မဟာ ဘရာဇီးအငွေ့အသက်တွေနဲ့ သက်ဝင်နေသူ တစ်ယောက်ဖြစ်ပါတယ်။ ဘရာဇီးနိုင်ငံဟာ ကျွန်မအတွက် အရာအားလုံးတံခါးဖွင့်ထားတဲ့ နိုင်ငံတစ်ခုပါလို့ ကူဆူမိုတိုက ပြောပါတယ်။

နောက်တစ်ယောက် ကတော့ ကလေးငယ်တစ်ယောက်အနေနဲ့ ဘရာဇီးကိုရောက်လာတဲ့ အိကီရှိမာ ဘူကူရိုဟာ မျက်လုံးလေးအဝိုင်းသားနဲ့ သူ့ကိုယ်သူ ညှို့ယူခံထားရသလို ဖြစ်နေပါတယ်။ အရာရာဟာ သူ့အတွက် ထူးဆန်းနေသလို အခုလို နိုင်ငံခြားသားအများကြီးကို တစ်ခါမှ မမြင်ဖူးဘူးလို့လည်းဖြစ်ပါတယ်။ အဲဒီအခြေအနေတွေကို သူဟာ ပြန်ပြောင်းစဉ်းစားရင်း နှုတ်ခမ်းနှစ်လွှာကြားမှာ လုပတဲ့ အပြုံးလေးတစ်ခု ဟီးလေးခိုသွားခဲ့ပါတယ်။

သူဟာ အင်္ဂလိပ်ဘာသာရပ်ကို မသင်ကြားရသေးခင်နဲ့ ဘရာဇီးနိုင်ငံပိုင် ရေနံကုမ္ပဏီတစ်ခုဖြစ်တဲ့ ပက်ထရိုဘရက်မှာ ရာထူးတစ်ခုမရသေးခင်မှာ ဘရာဇီးမှာ လယ်သမားတစ်ယောက်အနေနဲ့ နှစ်ပေါင်းအတော်ကြာအောင် အလုပ်လုပ်ခဲ့ရပါတယ်။

၁၉၄၈ ခုနှစ်မှာတော့ ဂျပန်နိုင်ငံမှာ သုံးလကြာလေ့လာရမယ့် ပညာတော်သင်ဆုတစ်ခုကို သူရရှိခဲ့ပါတယ်။ ဂျပန်နိုင်ငံမှာ ကျွန်တော့်ကို မွေးဖွားခဲ့သော်လည်း အခုလို ဂျပန်မှာ ပညာတော်သင် သွားရမယ်ဆိုတော့ ကျွန်တော့်ကို တုန်လှုပ်အံ့အားသင့်စေပါတယ်။ ဂျပန်မှာ အရာအားလုံးဟာ အစီအစဉ်တကျ စီစဉ်ထားသလိုပါပဲ၊ ဘရာဇီးနိုင်ငံနဲ့ လုံးဝကို ကွဲပြားခြားနားပါတယ်လို့ သူကပြောပါတယ်။

ယနေ့ဘရာဇီးနိုင်ငံကို ပြန်ရောက်နေတဲ့ သူကတော့ ဂျပန်ကျွန်းစုနိုင်ငံလေးကို ဘယ်တော့မှ ပြန်ဖို့မစဉ်းစားထားဖူးလို့လည်း ပြောပါတယ်။ သို့သော်လည်း သူ့ရဲ့ အမိမြေမှာ ပြန်လည်ခြေချမယ်ဆိုရင်တော့ သူ့အတွက် ယဉ်ကျေးမှုပိုင်းဆိုင်ရာ တန်ဖိုးတစ်စုံတစ်ရာ ရှိလာမှာပါလို့ သူက ပြောပါတယ်။ ဘရာဇီးနိုင်ငံမှာတော့ ဂျပန်တွေဆီက အတော်များများ ပြန်လည်သင်ယူနေတာတွေ ရှိပါတယ်။ အဲဒါတွေကတော့ ရိုးသားခြင်း၊ ကျင့်ဝတ်တရားကောင်းမွန်ခြင်း၊ အကျင့်စာရိတ္တကောင်းမွန်ခြင်းတို့ပဲ ဖြစ်ပါတယ်လို့ သူက ပြောပါတယ်။ ဂျပန်နိုင်ငံမှာ ဒီနေရာနဲ့ မအပ်စပ်တဲ့ တကယ့်ကို ကောင်းမွန်တဲ့ တန်ဖိုးတွေရှိပါတယ်လို့ သူကပြောပါတယ်။ ။

**ကိုးကား - အေအက်ဖ်ပီ**

# အပန်းလည်းဖြေ ဝင်ငွေလည်းရ ဆင်စခန်းများအလှ

❋ ခင်မောင်ငွေး (ပညာရေး) ❋

မြန်မာနိုင်ငံတွင် အကြောင်းအမျိုးမျိုးကြောင့် သစ်တောများ ပြုန်းတီးလျက်ရှိရာ ရာနှုန်းအားဖြင့် တွက်ကြည့်လျှင် ၄၀ ရာခိုင်နှုန်းကျော်ကျော်သာ ကျန်ရှိတော့မည်။ အထူးသဖြင့် တရားမဝင်သစ်မှောင်ခိုများ၊ သစ်ခိုးထုတ်မှုများကြောင့် ဖြစ်သည်။

မြန်မာ့သစ်ထုတ်လုပ်ငန်းအနေဖြင့် သစ်ခုတ်လုပ်ငန်းများကို ၁၀ နှစ်တာ ရပ်ဆိုင်းထားရသည့် နယ်မြေများ ရှိသည်။ အထူးသဖြင့် ပဲခူးရိုးမကြိုးဝိုင်းများ ပါဝင်မည်ဖြစ်သည်။ တစ်ဖက်ကလည်း ကျွန်းသစ်အလုံးလိုက် တင်ပို့မည့်အစား (ကုန်ကြမ်းအစား) ကုန်ချောပြုလုပ်တင်ပို့ရန် တွန်းအားပေးလျက်ရှိသည်။ ထို့အတူ နောက်ပိုင်းတွင် သစ်စက်လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် ကိုယ်ပိုင်သစ်တောစိုက်ခင်း ရှိပါမှ လုပ်ကိုင်ခွင့်ပြုတော့မည်ဖြစ်ကြောင်း သိရသည်။

### ဆင်စခန်းများဖြစ်လာ

ဤကဲ့သို့ သစ်ထုတ်လုပ်ခြင်း လုပ်ငန်းများနည်းပါးနေချိန်တွင် စီးပွားဖြစ်သစ်တောစိုက်ခင်းများ ထူထောင်ခြင်း၊ သစ်ထုတ်လုပ်ရေးဌာန၏ အဖိုးတန်ရတနာများဖြစ်သည့် ဌာနပိုင်ဆင်များကို ဆင်ထိန်းသိမ်းခြင်း၊ အပန်းဖြေဆင်စခန်းများ ဖွင့်လှစ်ခြင်းနှင့် သဘာဝခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်လုပ်ဆောင်လာကြသည်ကို တွေ့ရသည်။ ယခင်သစ်ထုတ်လုပ်ရေးစခန်း ၁၃ ခုသည် ဆင်စခန်းများဖြစ်လာလေသည်။ အထူးသဖြင့် ပဲခူးရိုးမတစ်လျှောက်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးများမှ အများဆုံး ပါဝင်လေသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဆင်စခန်းများကို အောက်ပါအတိုင်းတွေ့ရ၏။(၁)ဖိုးကျားဆင်စခန်း၊ သာဂရ ပဲခူးရိုးမ၊ တောင်ငူ(မြောက်) သစ်ထုတ်လုပ်ရေးဒေသ၊ (၂) မြိုင်ဟေဝန်ဆင်စခန်း၊ သာယာဝတီ ၊သစ်ထုတ်လုပ်ရေးဒေသ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံကြိုးဝိုင်း၊ (၃)ဝင်္ဂဘော်ဆင်စခန်း၊ ပဲခူး (တောင်) သစ်ထုတ်လုပ်ရေးဒေသ၊ ဘုရားကြီး၊ ဘောနက်ကြီးလမ်း၊ ဝင်္ဂဘော်ကျေးရွာအုပ်စု၊ (၄)မှော်ယောကြီးဆင်စခန်း၊ ပဲခူး(မြောက်) သစ်ထုတ်လုပ်ရေးဒေသ ကျောက်တံခါးမြို့နယ်၊ အိုင်ဒုံကြိုးဝိုင်းအတွက် အမှတ်(၁၃)၊ (၅)ဆင်ဆေးရုံ၊ တောင်ငူသစ်ထုတ်လုပ်ရေးဒေသ၊ ခပေါင်းကြိုးပြင်ကာကွယ်တော၊ ဘုန်းတောင်ကြိုးဝိုင်း။

ဤကဲ့သို့ ဆင်စခန်းများ လွယ်လင့်တကူ သွားရောက်လေ့လာအပန်းဖြေနိုင်သဖြင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရ၏။ ပြည်တွင်းပြည်ပခရီးသွားများ စိတ်ဝင်စားစွာ ဝင်ရောက်လာကြသည်ကို တွေ့ရ၏။ လာရောက်သူများသည် ဆင်စီးခြင်း၊ ဆင်များကို ရေချိုးပေးခြင်း၊ အစာကျွေးခြင်း ဝင်္ဂဘော်ဆင်စခန်းကဲ့သို့ မိဘမဲ့ဆင်ပေါက် အများစုရှိသည့် ဆင်စခန်းများအတွင်း နို့တိုက်ကျွေးခြင်းများကို ပျော်ရွှင်စွာ ပါဝင်လာကြသည်ကို တွေ့ရသည်။ ယင်းသို့သော ဆင်စခန်းများတွင် သစ်ဆွဲခြင်းအလုပ်ရပ်နားထား၍ အလုပ်လက်မဲ့ ဆင်များနှင့် အသက် ၅၅ နှစ်အထက် ဆင်များ ပို့ဆောင်ပေးထားကြောင်း သိရ၏။ အချို့ဆင်စခန်းများတွင် အနည်းဆုံးဆင်ခြောက်ကောင်မှ အများဆုံး ၁၉ ကောင်အထိ ရှိကြောင်းလည်း သိရ၏။



**ဆင်စခန်းများအနေဖြင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများမှသည် ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းများအဖြစ် တိုးတက်ဖွံ့ဖြိုးလာကာ အပန်းလည်းဖြေ ဝင်ငွေလည်းရ ဆင်စခန်းများ၏အလှကို ပြည်တွင်းပြည်ပ ခရီးသွားများ အန္တရာယ်ကင်းကင်းဖြင့် လည်ပတ်သွားလာနိုင်စေရန် ကြိုတင်ပြင်ဆင် စီမံဆောင်ရွက်ထားခြင်းဖြင့် မိမိတို့ရည်မှန်းထားချက်များ အောင်မြင်ပေါက်မြောက်နိုင်လိမ့်မည်**

### ဆင်စခန်းပေါင်း ၁၈ ခုရှိ

မြန်မာ့သစ်လုပ်ငန်းက လွန်ခဲ့သည့် နှစ်နှစ်မှစ၍ ဆင်စခန်းများနှင့် ဆက်နွှယ်သည့် သဘာဝခရီးသွားလုပ်ငန်းများက စတင်ဆောင်ရွက်ခဲ့သည်။ ဆင်စခန်းများစတင်ခဲ့သည့် ပထမနှစ်တွင် ဆင်စခန်းဝင်ကြေးများမှာ ငွေကျပ် သိန်းရှစ်ရာခန့်သာ ရရှိခဲ့သော်လည်း ၂၀၁၇-၂၀၁၈ ခုနှစ်တွင် သိန်းပေါင်း ၃၂၀၀ ကျော်ရရှိခဲ့သည်။ ၂၀၁၈ ဧပြီလ (သင်္ကြန်ကာလ) တွင် ဆင်စခန်း ၁၈ ခုသို့ ပြည်ပခရီးသွား သုံးသောင်းကျော် ဝင်ရောက်ခဲ့ကာ ဝင်ငွေ ကျပ်သိန်း ၅၀၀ ကျော်ရရှိခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြချက်အရ သိရသည်။ ဆင်တစ်ကောင်အတွက် တစ်နှစ် ထိန်းသိမ်းခမှာ ငွေကျပ် ၂၈ သိန်းခန့်ကုန်ကျကြောင်း သိရသည်။

လက်ရှိနိုင်ငံတစ်ဝန်းဖွင့်လှစ်ထားသည့် ဆင်စခန်းပေါင်း ၁၈ ခုရှိသည်။ ပြင်ဦးလွင်မြို့အနီး မကြာခင်ကဖွင့်လှစ်ခဲ့သည့် စခန်းသာ ဆင်စခန်းနှင့်ဆိုလျှင် ၁၉ ခုရှိလေသည်။ ၎င်းတို့မှာ- ၁။ မြိုင်ဟေဝန်ဆင်စခန်း၊ ၂။ ဖိုးကျားဆင်စခန်း၊ ၃။နတ်ပေါက်ဆင်စခန်း၊ ၄။ ပျားစွဲဆင်စခန်း၊ ၅။ ဝဲမဆင်စခန်း၊ ၆။ မှော်ယောကြိုးဆင်စခန်း၊ ၇။ တလယ်ဆင်စခန်း၊ ၈။ ဝင်္ဂဘော်ဆင်စခန်း၊ ၉။နတ်မော်ဆင်စခန်း၊ ၁၀။ သစ်ကတိုးအိုင်ဆင်စခန်း၊ ၁၁။ မိုးမခ ဆင်စခန်း၊ ၁၂။ ငလိုက်ဆင်စခန်း၊ ၁၃။ မုက္ခာဆင်စခန်း (မင်းလှ)၊ ၁၄။ ဒေါက်တာ ဆရန်ဒစ်ဆင်စခန်း၊ ၁၅။ ဒီးဒုတ်ဆင်စခန်း၊ ၁၆။ ရှမ်းရိုးမဆင်စခန်း (ကလော)၊ ၁၇။ ပုလင်းကမ်သာယာ ဆင်စခန်း၊ ၁၈။ ဝါးနက်ဆင်စခန်းနှင့် ၁၉။ စခန်းသာ ဆင်စခန်း (ပြင်ဦးလွင်) တို့ဖြစ်သည်။

### ဆင်စခန်းများတိုးချဲ့ဖွင့်လှစ်ရန် ပြင်ဆင်

သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာသည်နှင့် ဆင်စခန်းများတိုးချဲ့ဖွင့်လှစ်ရန် ပြင်ဆင်လျက်ရှိသည်။ အချို့ဆင်စခန်းများတွင် ပြည်တွင်း ပြည်ပ ဧည့်သည်များပင် ဝင်ရောက်စပြုနေပြီဖြစ်၏။ ယင်းဆင်စခန်းများမှာ သီပေါမြို့နယ် ဇလုံတောင်ဆင်စခန်း၊ ဧရာဝတီတိုင်းဒေသကြီးရှိ ငွေဆောင် ဆင်စခန်း၊ တောင်ကြီးသစ်ထုတ်လုပ်ရေးဒေသ ဝက်ဖြူရေကြိုးဝိုင်းဆင်စခန်းနှင့် ပွင့်လင်းရာသီတွင် ချောင်းသာဆင်စခန်းများ ဖွင့်လှစ်နိုင်တော့မည်ဖြစ်သည်။ ယင်းတို့မှာ ဆင်ကောင်ရေ ၂၀၅ ကောင် ဆင်စခန်း ၁၈ ခုမှစ၍ တိုးတက်များပြားလာခြင်း ဖြစ်သည်။ ယခုအခါတွင် ဆင်စခန်းများသည် ကျေးလက်ဒေသအများစုတွင် ရှိနေသည်။

သို့ဖြစ်၍ တောင်သူကြီးများအား ဆင်စာစိုက်ပျိုးရန် တစ်ဧက ငွေကျပ် နှစ်သိန်းနှုန်းထုတ်ပေး၍ အပြန်အလှန်အကျိုးပြုကာ ဆင်စခန်းများကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပေါ်ထွန်းလာမည်ဖြစ်သည်။ ထိုမှတစ်ဆင့် ကျေးလက်အခြေပြုခရီးသွားလုပ်ငန်းများ ဖန်တီးလာနိုင်မည်ဖြစ်၏။

ထို့ကြောင့် မြန်မာ့သစ်လုပ်ငန်းအတွက် ပိုလျှံနေသည့် ဆင်များအား ဆင်ထိန်းသိမ်းခြင်းစခန်းနှင့် ဆင်စီးနင်းခွင့်ပေးသော စခန်းများဟူ၍ ခွဲခြားကာ သဘာဝအခြေခံခရီးသွားလုပ်ငန်းများ ပိုမိုတိုးချဲ့လာခြင်းကြောင့် ပြည်သူပြည်သားများအနေဖြင့် ခရီးသွားရင်း အပန်းလည်းဖြေ ဒေသန္တရဗဟုသုတများလည်း ရနိုင်သည်။ ယခုနှစ်တွင် ဆင်စခန်းများမှ ငွေကျပ်သိန်းရှစ်ထောင် တစ်သောင်းရရှိရန် မျှော်မှန်းထားကြောင်းသိရသည်။ သို့ဖြစ်၍ ဆင်စခန်းများအနေဖြင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများမှသည် ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းများအဖြစ် တိုးတက်ဖွံ့ဖြိုးလာကာ အပန်းလည်းဖြေ ဝင်ငွေလည်းရ ဆင်စခန်းများ၏အလှကို ပြည်တွင်းပြည်ပခရီးသွားများ အန္တရာယ်ကင်းကင်းဖြင့် လည်ပတ်သွားလာနိုင်စေရန် ကြိုတင်ပြင်ဆင် စီမံဆောင်ရွက်ထားခြင်းဖြင့် မိမိတို့ရည်မှန်းထားချက်များ အောင်မြင်ပေါက်မြောက်နိုင်လိမ့်မည်ဟု မျှော်လင့်မိပါသည်။ ။

## ဂျိုင်း(ကော့ကရိတ်) ယာယီတံတားအတက် မှန်လုံယာဉ်တစ်စီး ပိတ်ဆို့နေ၍ ယာဉ်သွားလာမှု သုံးနာရီကျော်ကြာ စောင့်ဆိုင်းခဲ့ရ

**ဘားအံ ဇူလိုင် ၂၀**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဂျိုင်း(ကော့ကရိတ်) ယာယီတံတား ဂျိုင်းဘက်ခြမ်း၌ ယင်းတံတားချဉ်းကပ်လမ်းအတက်တွင် ဇူလိုင် ၂၀ ရက်က မြဝတီသို့တက်မည့် Express ယာဉ်မှာ တံတားအတက်တွင် တံတားကြမ်းခင်းနှင့် ကားအောက်ပိုင်း မလွတ်၍ တက်မရဖြစ်ကာ ရပ်တန့်လျက်ရှိ၍ တံတားမှဖြတ်သန်းမည့် ၁၃ တန် အထက်ယာဉ်များ သုံးနာရီကျော်အကြာအထိ စောင့်ဆိုင်းခဲ့ရကြောင်း သိရသည်။

"ခုမနက် ၇ နာရီလောက်က ဖြစ်တာပါ၊ တံတားကိုဖြတ်မယ့်အဆင်းကားရော အတက်ကားပါဆိုတော့ စောင့်နေရတဲ့ယာဉ်က တော်တော်များတယ်၊ ကျွန်တော်တို့ ပြုပြင်ပြီးလို့ တံတားကဖြတ်လို့ရပြီဆိုရင်လည်း ယာဉ်တွေတစ်စီးနဲ့တစ်စီးကျော်တက်တာတို့ မလုပ်အောင် အတက်အဆင်းကားတွေကို တံတားကတာဝန်ရှိသူတွေနဲ့ ပေါင်းစပ်ပြီး ယာဉ်အန္တရာယ် မဖြစ်စေရေးအတွက် စနစ်တကျ စေလွှတ်သွားမှာပါ"ဟု ယာဉ်အန္တရာယ်မဖြစ်စေရန် ဆောင်ရွက်နေသည့် ဂျိုင်းနယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းနိုင်က ပြောသည်။

အဆိုပါ တံတားပေါ်တွင် ၁၃ တန်အောက် ယာဉ်များ ပုံမှန်သွားလာလျက်ရှိပြီး ၁၃ တန်အထက် ယာဉ်များမှာ တံတားမှ ဖြတ်သန်းရမည်ဖြစ်၍ စောင့်ဆိုင်းနေကြရပြီး နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် အဆိုပါ ပိတ်ဆို့နေသည့်ယာဉ်ကို ချိန်းဘလောက်ဖြင့် ဆွဲ၍ ဖယ်ရှားနိုင်ခဲ့ပြီး လမ်းနိမ့်နေသည့်နေရာကို ကျောက်များဖို့၍ ပြုပြင်လျက်ရှိရာ နံနက် ၁၁ နာရီအချိန်တွင် ပြုပြင်ပြီးစီး၍ ယာဉ်များဖြတ်သန်းသွားလာလျက်ရှိကြောင်း သိရသည်။

"ခုလို ဂျိုင်းမြစ်ရေတိုးနေတဲ့ အချိန်မှာ တံတားက မှန်လုံယာဉ်တွေအတွက် အဆင်မပြေနိုင်ဘူးဗျ။ ရေကတိုးလာတော့ လမ်းက အနည်းငယ် နိမ့်သွားတဲ့အတွက် ဘော်ဒီနိမ့်တဲ့ မှန်လုံယာဉ်တွေကျတော့ မလွတ်တော့ဘူးလေ။ မှန်လုံယာဉ်တွေကို ခုလိုအချိန်မှာ တံတားပေါ်က ပေးဖြတ်ရင်တော့ အဆင်ပြေနိုင်တယ်။ မှန်လုံယာဉ်က ၁၃ တန်အထက်မှန်ပေမယ့် ၁၅ တန် လောက်ပဲရှိတာပါ။ လူဆင်းလျှောက်ခိုင်းပြီး ဖြတ်ခွင့်ပြုရင်တော့ ခုလို လမ်းပိတ်ဆို့မှာ မဟုတ်ဘူး၊ အဲလို ပေးမဖြတ်ခိုင်းရင်လည်း အတက်အဆင်းနေရာကို နေ့စဉ် ကျောက်ဖို့ပြီး စစ်ဆေးပေးနေမှ အဆင်ပြေမယ်။ နေ့စဉ်မစစ်ရင်လည်း ခုဖို့ထားတဲ့ ကျောက်က ကုန်ကားကြီးတွေ ဘီးနဲ့ယက်ရင် နှစ်ရက် သုံးရက်လောက်ပဲခံမှာပါ၊ တာဝန်ရှိသူတွေအနေနဲ့ တစ်ခုခု စီစဉ်ပေးစေချင်ပါတယ်" ဟု ယာဉ်မောင်းတစ်ဦးကလည်း လက်ရှိအခြေအနေအပေါ် သူ၏အမြင်ကို ပြောသည်။

ကရင်ပြည်နယ်၏ အဓိကကုန်သွယ်မှုလမ်းကြောင်းဖြစ်သော ဘားအံ-မြဝတီလမ်းမကြီးပေါ်ရှိ ဂျိုင်း(ကော့ကရိတ်) ကြိုးတံတားတွင် တံတား၏ ခံနိုင်ဝန်အားကြောင့် ၁၃တန်အောက် ယာဉ်များကိုသာ တံတားပေါ်မှ ဖြတ်သန်းခွင့်ပြုထားပြီး ၁၃ တန်အထက် ယာဉ်များကို ယာယီတံတားကသာ ဖြတ်သန်းခွင့်ပြုထားကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

## ရွှေဘိုမြို့နယ်တွင် ကျွဲ၊ နွားပွဲဈေး ဖွင့်လှစ်

**ရွှေဘို ဇူလိုင် ၂၀**

နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အခများရရှိစေရေး၊ တရားမဝင် မှောင်ခိုလမ်းကြောင်းမှ ကျွဲ၊ နွားများ ပြည်ပနိုင်ငံများသို့ တင်ပို့ခြင်းမှ ကာကွယ်ရေး၊ နွားပိုင်ရှင်တောင်သူများ အလွယ်တကူ ရောင်းဝယ်ဖောက်ကားနိုင်စေရေးဆိုသည့် ရည်ရွယ်ချက်များဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံချက်အရ လိုအပ်လျက်ရှိသော ကျွဲ၊ နွားပွဲဈေးကို ရွှေဘို၊ ရေဦးကားလမ်းမကြီးဘေး မူးသုံးခွအနီးတွင် ဇူလိုင် ၁၆ ရက် နံနက်က ဖွင့်လှစ်လိုက်သည်။

အဆိုပါ ကျွဲ၊ နွားပွဲဈေးအတွက် ရွှေဘိုမြို့နယ် စည်ပင်သာယာရေးကော်မတီက လေလံခေါ်ယူခဲ့ရာ ပထမခြောက်လအတွက် ရွှေဘိုမြို့ အမှတ်(၁)ရပ်ကွက်မှ ဦးကိုကိုနိုင်က ငွေကျပ်သိန်း ၇၅၀ ဖြင့် လေလံအောင်မြင်ခဲ့သည်။

အခမ်းအနားကို ရွှေဘိုမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစိုးမင်းအောင်၊ မြို့နယ်စည်ပင် ဥက္ကဋ္ဌ ဦးမြင့်လွင်၊ အမှုဆောင်အရာရှိ ဒု-ညွှန်မှူး ဦးသန်းဦးနှင့် မြို့မိမြို့ဖ ဒေါက်တာတင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

**ကျော်ဇော(ရွှေဘို)**



# မန္တလေးနှင့် ပြင်ဦးလွင်ခရိုင်ရှိ မိုးစပါးစိုက်ဧက ၈၀၀၀၀ ကျော် ရေအပြည့်အဝရရှိရေး ဆောင်ရွက်ပေးမည်

**မန္တလေး ဇူလိုင် ၂၀**

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရေလှောင်တမံများနှင့် ရေလွှဲဆည်များမှ ရေသောက်ဧရိယာအတွင်းရှိ မန္တလေးခရိုင်နှင့် ပြင်ဦးလွင်ခရိုင်တို့မှ မိုးစပါးစိုက်ဧက ၈၂၄၂၃ ဧကကို ရေအပြည့်အဝရရှိရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဦးက ပြောကြားသည်။



ဆည်တော်ကြီးရေလှောင်တမံမှ ရေပေးဝေသော မိုးစပါးစိုက်ဧကများမှာ မတ္တရာမြို့နယ်တွင် ၄၁၉၅၂ ဧက၊ ပုသိမ်ကြီးမြို့နယ်တွင် ၂၂၃၂၂ ဧက၊ အမရပူရမြို့နယ်တွင် ၁၀၆၅၃ ဧက၊ ဆည်တော်လေးရေလှောင်တမံမှ ပုသိမ်ကြီးမြို့နယ်တွင် ၄၈၅ ဧက၊ အမရပူရမြို့နယ်တွင် ဧက ၈၈၀၊ ကျောက်ဆည်လေးရေလှောင်တမံမှ မတ္တရာမြို့နယ်တွင် ၃၇၆ ဧကနှင့် မာလဲနတ်တောင်ရေလှောင်တမံမှလည်း စဉ့်ကူးမြို့နယ်တွင် မိုးစပါး ၅၇၅၅ ဧကတို့ကို စိုက်ပျိုးရေများ ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စိုက်ဧကများအတွက် ရေအပြည့်အဝပေးနိုင်ရေးဆောင်ရွက်ရာတွင် ဆည်တော်ကြီးရေလှောင်တမံမှ ရေအမှတ် ၄၁၁ ဒသမ ၆ ပေနှင့် ရေသိုလှောင်သည့်ဧကပေ ၁၀၇၃၃၀ ကိုသိုလှောင်ထားကာ မာလဲနတ်တောင်ရေလှောင်တမံမှလည်း ရေအမှတ် ၄၃၅ ဒသမ ၇ ပေနှင့် ရေသိုလှောင်သည့်ဧကပေ ၃၆၅၂၆ ကိုသိုလှောင်ထားကြောင်း သိရသည်။

ထို့ပြင် တောင်သူများစိုက်ပျိုးရေအဆင်ပြေစွာသုံးစွဲနိုင်ရေးအတွက် နှစ် ၁၀၀ ကျော်ကြာမြင့်နေပြီဖြစ်သော ဆည်တော်ကြီး၏ တူးမြောင်းမကြီးထိပ်၌ ကြံ့ခိုင်မှုမရှိတော့သည့် ရေတံခါးရွက် ၃၆ ရွက်ကို အသစ်လဲလှယ်တပ်ပေးပြီး သဖန်းကိုင်းရေသွယ်လျောက်ရှိ ကျွန်းတံခါး ၆၀ ရွက်တို့နေရာတွင်လည်း သံတံခါးများအစားထိုးလဲလှယ်ပေးသည့်အတွက် ရေများယိုစိမ့်မှုမရှိဘဲ အပြည့်အဝသုံးစွဲနိုင်ပြီဖြစ်ကြောင်းနှင့် ထိုတံခါးရွက်များအသစ်လဲလှယ်ပြုပြင်ရာတွင် ငွေကျပ်သိန်းပေါင်း ၂၀၀၀ ကုန်ကျကြောင်း သိရှိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# ငါ့သရောက်မြို့နယ်ထွက် ကြောင်ပန်းစေ့များကို တရုတ်မှဝယ်ယူနေသဖြင့် ရှာဖွေရောင်းသူများ အပိုဝင်ငွေရရှိ

**ငါ့သရောက် ဇူလိုင် ၂၀**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်အတွင်းရှိ ဒေသထွက် ကြောင်ပန်းစေ့များကို တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်အချို့က ကိုယ်စားဝယ်ယူသူများကို စေလွှတ်ကာ ပိဿာချိန်ဖြင့် ကွင်းဆင်းဝယ်ယူမှုများရှိနေခြင်းကြောင့် ငါ့သရောက်မြို့နယ်အတွင်းရှိ ကြောင်ပန်းစိုက်ပျိုးထားသူများနှင့် ကြောင်ပန်းသီး ရှာဖွေခူးဆွတ်သည့် အမျိုးသား၊ အမျိုးသမီးများအတွက် မိသားစုအပိုဝင်ငွေရရှိကာ စီးပွားရေးအဆင်ပြေလျက်ရှိကြောင်း ငါ့သရောက်မြို့အမှတ်(၁)ရပ်ကွက်မှ တစ်ပိုင်တစ်နိုင်ကြောင်ပန်းစေ့ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သည့်အမျိုးသမီးတစ်ဦးထံမှ သိရသည်။

"ကျွန်မတို့ ငါ့သရောက်မြို့နယ်က ဒေသထွက်ကြောင်ပန်းစေ့တွေကို တရုတ်နိုင်ငံက စီးပွားရေးလုပ်ငန်းရှင်တွေက လူငှားနဲ့အချိန်ရသလောက် ဝယ်ယူနေကြတာကြာပြီ။ တစ်ခါတလေကျတော့လည်း တရုတ်လူမျိုးတွေက သူတို့ကိုယ်တိုင်ဆင်းပြီး လာရောက်ဝယ်ယူတာတွေလည်းလုပ်ပါတယ်။ ဒီနှစ်တော့ လူငှားတွေနဲ့သာဝယ်ယူကြပြီး အချို့ကြောင်ပန်းစိုက်တောင်သူများကတော့ ပခုက္ကူမြို့တက်ပြီးပွဲရုံတွေကို ရောင်းချကြတယ်။ ဒါပေမယ့် ကျွန်မတို့ဆီကထွက်တဲ့ ကြောင်ပန်းစေ့တွေကို ဘယ်လိုနေရာတွေမှာ ပြန်အသုံးချလည်းတော့ ကျွန်မတို့လည်း မသိပါဘူး။ ကြောင်ပန်းစေ့လုပ်ငန်းက ဝါဆိုလကနေ သီတင်းကျွတ်လအထိ လေးလခန့်လုပ်ကိုင်ရပါတယ်။ ကျွန်မတို့ကတော့ တစ်ဆင့် ဝယ်ယူရောင်းချတဲ့ ပွဲစားတွေပါ။ ငါ့သရောက်မြို့နယ်မှာ ကျွန်မတို့လို ကြောင်ပန်းစေ့ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်တဲ့ ကုန်သည်ပွဲစား သုံးဦးလောက်ရှိပါတယ်။ တစ်နှစ် တစ်နှစ် ကုန်သည်ပွဲစားတစ်ဦးကို ကြောင်ပန်းစေ့ပိဿာချိန် နှစ်ထောင်ကျော်ခန့်ဝယ် ယူရရှိပါတယ်။ ကျွန်မတို့ ဝယ်ယူတဲ့ဈေးနှုန်းကတော့ ပြည်ကောက်ဝယ်ယူတာပါ။ ကျွန်မတို့ ပြန်ရောင်းရင်တော့ပိဿာချိန်နဲ့ ပြန်ရောင်းပါတယ်"ဟု အမှတ်(၁)မြောက်ကုန်းရပ်ကွက် ကြောင်ပန်းစေ့ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သည့် အမျိုးသမီးတစ်ဦးက ပြောပြသည်။



ကြောင်ပန်းစေ့ တစ်ပိဿာ(အခြောက်)လျှင် ငွေကျပ် သုံးထောင်ကျပ် ရောင်းချရပြီး ကြောင်ပန်းစေ့(အခြောက်)တစ်တင်းလျှင် ခြောက်ပိဿာခန့်ရှိကြောင်း၊ အရွက်ခြောက် တစ်ပိဿာလျှင် ငါးရာကျပ်ရရှိကြောင်း သိရကာ ငါ့သရောက်မြို့နယ် ယာခင်းစပ်၊ လျှိုမြောင်ကြားတို့တွင် စိုက်ပျိုးထားသော ကြောင်ပန်းရုံကြီးများ၊ ယာမြေရေတိုက်စားခြင်းများ ကာကွယ်ရန် ကြောင်ပန်းပင်များသာ စိုက်ပျိုးကြပြီး သုံးနှစ်လောက်တွင် ကြောင်ပန်းပင်များ ကြီးထွားကာစတင်ခူးဆွတ်ရကြောင်းနှင့် ကြောင်ပန်းပင်များသည် အလေ့ကျရောပေါက်ရောက်ကြောင်းနှင့် ကိုယ့်ယာတောစပ်ပေါက်လျှင် ကိုယ့်အပင်အဖြစ် ခူးဆွတ်ရကြောင်း ညောင်ဦးမြို့နယ် တောင်ဖက်တန်းကျေးရွာမှ ဒေါ်ရွှေကျန်ကပြောပြသည်။ ကြောင်ပန်းပင်များသည် ရာသီဥတုဒဏ်ခံနိုင်ခြင်း၊ မြေဆီကျွေးစရာမလိုခြင်း၊ ရေပေးရန်မလိုခြင်းနှင့် ယာခြံစည်းရိုးအကာအရံဖြစ်ခြင်းတို့ကြောင့် အလေ့ကျပေါက် ကြောင်ပန်းပင်များကို ထိန်းသိမ်းကြရန်နှင့် စိုက်ပျိုးပြီးစီးပွားဖြစ်လုပ်ကိုင်နေကြကြောင်း ဆင်သားမွေးကျေးရွာ ကန်မောက်ကြီးတဲတိုက်နေ ကြောင်ပန်းစေ့ အလေ့ကျပေါက်အပင်များမှကြောင်ပန်းစေ့ လိုက်လံခူးဆွတ်ရောင်းချသည့် ဒေါ်ဝေမာက ပြောပြသည်။ **ကိုထိန်(ငါ့သရောက်)**

# မိုင်းပျဉ်းမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများ ၂၄ နာရီ လျှပ်စစ်ဓာတ်အားရရှိရေး ဓာတ်အားခွဲရုံတည်ဆောက်လျက်ရှိ

**မိုင်းပျဉ်း ဇူလိုင် ၂၀**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းပျဉ်းမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများ ၂၄ နာရီ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၂၃၀/၆၆ကေဗွီ ၆၀ အမ်ဗွီအေ မိုင်းပျဉ်း ဓာတ်အားခွဲရုံကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိရာ လုပ်ငန်း၏ ၆၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။



အဆိုပါ မိုင်းပျဉ်း ဓာတ်အားခွဲရုံကို တင်ဒါအောင်မြင်သည့် ယောင်အင်ကုမ္ပဏီမှ ၂၀၁၆ ခုနှစ် မေလ ၃ ရက် တွင် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ ယခုနှစ် နိုဝင်ဘာလတွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်ကာအတွင်းပြီးစီးရေးနှင့် တည်ဆောက်ရေးစက်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် အခက်အခဲများ မရှိစေရေး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများက ဇူလိုင်လ ၁၉ ရက်က သွားရောက်ကြည့်ရှု ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **အောင်ဇင်မြင့်(ပြန်/ဆက်)**

# ဆောမြို့နယ်၌ သန့်ရှင်းသာယာလှပရေး စုပေါင်းအမှိုက်ကောက်

**ဆော ဇူလိုင် ၂၀**

ဂန့်ဂေါခရိုင် ဆောမြို့နယ် လူမှုရေးအသင်းအဖွဲ့ဖြစ်သည့် ရတနာလူငယ်အဖွဲ့မှ ဦးအောင်မိုးထက် ဦးဆောင်သည့် ပရဟိတ လူငယ်များအဖွဲ့သည် မြို့၊ ရွာသန့်ရှင်းသာယာလှပရေးအတွက် ဇူလိုင် ၁၉ ရက် အာဇာနည်နေ့က ဆောမြို့ရှိလမ်းများ သန့်ရှင်းသာယာလှပရေး စုပေါင်းအမှိုက်ကောက်ကြသည်။

အဆိုပါရတနာလူငယ်အဖွဲ့သည် ဆောမြို့သီရိရပ်ကွက်တံတားအရှေ့ဘက်ပိုင်းရပ်ကွက်အတွင်းရှိ လမ်းများ၊ ဘုရားရင်ပြင်များတို့တွင် သန့်ရှင်းသာယာလှပရေးစုပေါင်းအမှိုက်ကောက်ကြခြင်းဖြစ်သည်။ ထို့ပြင် မြို့ပေါ်ရပ်ကွက်များရှိ လမ်းများ၊ စေတီပုထိုးများတွင်လည်း သန့်ရှင်းသာယာလှပရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်သန့်**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၀-၇-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၉၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၉၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၀၀/၉၁၅ ကျပ် | ၉၄၅/၉၅၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၁၅/၉၃၀ ကျပ် | ၉၅၅/၉၆၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၆၅/၈၉၀ ကျပ် | ၉၃၅/၉၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၁၅/၉၄၀ ကျပ် | ၉၈၅/၉၉၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၂၀ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၅၃ · ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၃၅ · ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၄၆ · ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၆၁ · ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၄၃ · ၄ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၀၉ · ၅၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ · ၅၇၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၅ · ၀၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၄၉ · ၅၄ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၂ · ၅၀၂ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-**

၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**စာတည်းမှူး(တာဝန်)** - ဝင်းကျော်
**စာတည်းမှူး** - မြင့်ဆွေ (သတင်းထောက်ချုပ်)
**စာတည်းများ** - မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
**အငယ်တန်းသတင်းထောက်များ** - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

**Gmail** mmalin.npt @ gmail.com,
**Facebook** www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# ငါးခွေမြောက်ဖြစ်၍ ငါးဟူသော ခေါင်းစဉ်ပေးဟု စန္ဒီမြင့်လွင် ပြောကြား




**ကိုလင်း**

အမျိုးသမီး Rapper တစ်ဦးအဖြစ် ဂီတလောကသို့ ဝင်ရောက်လာခဲ့သည့် စန္ဒီမြင့်လွင်သည် ဂီတအပြင် သရုပ်ဆောင်လုပ်ငန်းများတွင်လည်း အောင်မြင်မှုများရရှိထားသူဖြစ်သည်။ လေးခွေမြောက် တေးစီးရီးဖြစ်သည့် Queen ကို ထွက်ရှိထားပြီး ချစ်သောသူနှင့် အောင်မြင်သော အိမ်ထောင်တစ်ခုကိုလည်း ထူထောင်ထားသည်။ ယခုအခါ ဂီတလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်တော့မည်ဖြစ်ပြီး တေးစီးရီးသစ်အတွက်လည်း အများကြီးမျှော်လင့်ထားကြောင်း ၎င်းက ပြောသည်။

"မွေးနေ့မှာ သီချင်းအသစ်ထုတ်ဖို့လုပ်နေတယ်။ Album အတွက်လည်း လုပ်နေပါတယ်။ တော်တော်လေးပြီးနေပါပြီ။ Album မှာ အချိန်တွေက ပြောင်းလာတော့လည်း သီချင်းလေးတွေ၊ music လေးတွေ နည်းနည်းတော့ ပြောင်းမယ်ပေ့ါ။ သိပ်တော့ မပြောင်းတော့ပါဘူး။ ကိုယ့်ရဲ့ပုံစံလေးအတိုင်းတော့ သွားမှာပါ။ မနှစ်က သီချင်းတွေဆို မကြိုက်လို့ ဖြုတ်လိုက်တယ်။ အသစ်တွေပြန်ထည့်တယ်။ မျှော်လင့်ချက်နဲ့တော့ မလုပ်ပါဘူး။ အကောင်းဆုံးဖြစ်အောင် လုပ်ပါတယ်။ ပရိသတ်ကြိုက်ပဲ့မလား၊ မကြိုက်ဘူးလားလို့ မတွေးတော့ဘူး။ ပရိသတ်နဲ့ အဆင်ပြေအောင်တော့ လုပ်မယ်။ ကြိုက်ရင်တော့ ပျော်စရာဝမ်းသာစရာပေ့ါ။ သိပ်တော့ မမျှော်လင့်ပါဘူး။ Title ကတော့ နံပါတ် ၅ ပေ့ါနော်။ ၅ ဂဏန်းကြိုက်တယ်လေ။ Album ကလည်း ငါးခွေမြောက်လေ၊ သီချင်းကအစ ငါးပုဒ်လောက်ထည့်ဖို့ အစီအစဉ်ရှိပါတယ်။ အခုတော့ ပိုသွားမလား၊ မသေချာတော့ဘူး"ဟု စန္ဒီမြင့်လွင်က ပြောသည်။

အွန်လိုင်းမှတစ်ဆင့်သာ တေးသီချင်းသစ်များကို ထုတ်လွှင့်လာရသည်မှာ ပရိသတ်အတွက် အဆင်ပြေကောင်း ပြေသော်လည်း အနုပညာရှင်အတွက်တော့ စီးပွားရေးထိခိုက်လာရကြောင်း၊ ဈေးကွက်သည်လည်း အားရဖွယ်မဟုတ်သေးသဖြင့် စိတ်ပူရကြောင်း၊ ရုပ်ရှင်လည်း ပြန်လည်ရိုက်ကူးလိုကြောင်း၊ အသက်ကြီးလာသော်လည်း Rap စာသားများကို ဆက်လက်ရွတ်ဆိုနေချင်သေးကြောင်း စန္ဒီမြင့်လွင်က မြန်မာ့အလင်း၏ အနုပညာပရိသတ်ကြီးအား ပြောပြသည်။

# ဖခင်မွေးနေ့တွင် ဉာဏ်လင်းအောင်က တတိယမြောက် တစ်ကိုယ်တော်တေးစီးရီး ဖြန့်ချိမည်

တတိယမြောက် တစ်ကိုယ်တော်စီးရီး တွန်းအား ကို ဖခင်၏ မွေးနေ့တွင် အမှတ်တရအဖြစ် ဖြန့်ချိမည်ဖြစ်ကြောင်း အဆိုတော် ဉာဏ်လင်းအောင်က ပြောသည်။ အသင့်ရှိသူ၊ သူစိမ်းလူ စသည့် စီးရီးနှစ်ခွေနှင့်အတူ ဂီတလောကအတွင်း ပရိသတ်အခိုင်အမာရရှိထားသည့် ဉာဏ်လင်းအောင်က တတိယမြောက်အခွေကို ၂၀၁၇ နှစ်ဆန်းကတည်းက ဖန်တီးခဲ့ခြင်းဖြစ်သည်။

"ဒီအခွေကို ၂၀၁၇ ကတည်းက စလုပ်ခဲ့တာ။ သီချင်းတွေ ရွေးနေတာနဲ့ ကြာသွားတယ်။ ကျွန်တော့်ရဲ့အခွေတွေ ထွက်လာဖို့ဆိုရင် အဖေ့ရဲ့တွန်းအားတွေက အများကြီးပါတယ်။ ပရိသတ်တွေကလည်း အခွေသစ်ထွက်ဖို့ တွန်းအားပေးကြတယ်။ ဒါကြောင့် ဒီခေါင်းစဉ်ကို ရွေးချယ်တာပါ။ ကျွန်တော့်အခွေအားလုံးကတော့ ကိုယ်ပိုင်သံစဉ်တွေပါပဲ။ အဖေ့ရဲ့မွေးနေ့ကို ရွေးချယ်ဖြစ်တာက အမှတ်တရ ဖြစ်စေချင်လို့ပါ"ဟု ဉာဏ်လင်းအောင်က ပြောသည်။

"တွန်းအားလို့ ပေးထားတာကတော့ လူတစ်ယောက်အတွက် ဘယ်လိုအကြောင်းအရာတွေပဲဖြစ်စေ၊ အရေးကြုံလာခဲ့ရင် ခွန်အားတွေ အလိုလိုဖြစ်စေလာတာမျိုး၊ သီချင်းလေးရဲ့ အဓိပ္ပာယ်ကတော့ ခွန်အားပေးတဲ့ ပုံစံမျိုးလေးပါ။ စိတ်ဓာတ်ပိုင်းကိုပေ့ါ၊ ကိုရယ်ဂျီ ရေးပေးထားတဲ့ သီချင်းလေးပါ။ အချစ်နဲ့ သက်ဆိုင်တာတော့ မဟုတ်ပါဘူး။ ဘဝနဲ့သက်ဆိုင်တဲ့ သီချင်းလေးပါ။ ဇူလိုင် ၂၁ ရက်က အဖေ့မွေးနေ့ဖြစ်တာမို့ စတင်ဖြန့်ချိသွားမယ်"ဟု ၎င်းက ဆက်ပြောသည်။

ယင်းစီးရီးကို ဇူလိုင် ၂၂ ရက် မွန်းလွဲ ၃ နာရီတွင် လှည်းတန်းစင်တာ၌ အနုပညာရှင်များနှင့် လက်မှတ်ရေးထိုး သီဆိုဖျော်ဖြေမည်ဖြစ်ပြီး တေးသီချင်းများကို သောမတ်စ်၊ ရယ်ဂျီ၊ အောင်ကိုမြင့်၊ ညီမင်းခိုင်၊ ဝေကြီး၊ ဒိုးပတ်တို့ ရေးသားထားကြကာ ခြောက်ပုဒ်ခန့် ပါဝင်ကြောင်း သိရသည်။

ကိုလင်း




# မဟုတ်မခံတတ်သည့် ဒေါင်းနီ၏ စိတ်ဓာတ်ကို အိန္ဒြာကျော်ဇင်က ကြိုက်နှစ်သက်

ဟစ်တိုင်ဇာတ်ကားကြီးတွင် ဒေါင်းနီအဖြစ် အကယ်ဒမီ အိန္ဒြာကျော်ဇင်ကို မြင်တွေ့ရမည်ဖြစ်ပြီး နယ်တွင် ရိုက်ကူးရန်အတွက်လည်း အချိန်ပေးလာနိုင်သဖြင့် လက်ခံရိုက်ကူးခြင်းဖြစ်ကြောင်းအိန္ဒြာကျော်ဇင်ထံမှ သိရသည်။



"ဇာတ်လမ်းလေးကလည်း သိပ်ကိုကောင်းပါတယ်။ ကိုယ့်ကိုလည်း လာပြီးငှားတယ်။ ဝတ္ထုကတည်းက ပေါက်ထားတဲ့ ဇာတ်ဖြစ်တယ်။ ကိုယ်ကလည်း သိပ်ကြိုက်ပါတယ်။ ကိုယ့်ကိုရွေးချယ်တဲ့အတွက်လည်း ကျေးဇူးတင်တယ်။ ဒေါင်းနီရဲ့စိတ်ဓာတ်က မဟုတ်မခံပေ့ါ။ သူ့ဘဝမှာ သူ့သမီးလေးက အရေးပါဆုံး။ သူ့သမီးလေးကို ချစ်တဲ့စိတ်နဲ့ အရာအားလုံးကို စွန့်လွှတ်နိုင်တယ်ပေ့ါ။ သက်ငယ်မုဒိမ်းနဲ့ ပတ်သက်ပြီးတော့လည်း ပညာပေးတဲ့ ဇာတ်ကားလေးတစ်ကားပါ။ ဒေါင်းနီရဲ့ စိတ်ဓာတ်ကလေးကို ဟစ်တိုင်မှာ ပြထားတာက တအားလှပတဲ့ ပြကွက်တွေပါ။ မတရားတာကို ခေါင်းငုံ့မခံတတ်တဲ့ ဒေါင်းနီပေ့ါ။ ဝတ္ထုကိုဖတ်တော့ တစ်ခါတည်းပြီးအောင် မဖတ်နိုင်ခဲ့ဘူး။ ရင်ထဲမှာ ဆို့နင့်လာလို့ ပြန်ပြီးချထားရတယ်။ စိတ်လေးပြန်လျှော့ပြီးမှ ပြန်ဖတ်ရတယ်။ တော်တော်လေးလည်း ခံစားရတယ်။ ဒီလိုအဖြစ်မျိုးဟာ မိန်းမသားဖြစ်တဲ့ မိခင်ဖြစ်တဲ့သူတိုင်း ရင်နင့်ရမယ့် ဇာတ်မျိုးပါ"ဟု အိန္ဒြာကျော်ဇင်က ပြောသည်။

သက်ငယ်မုဒိမ်းမှုများကို လုံးဝပပျောက်စေချင်ကြောင်း ၎င်းက ဆက်လက်ပြောကြားပြီး ကိုယ်တိုင်လည်း သမီးရှင်ဖြစ်သောကြောင့် စိတ်ပူပန်မှုနှင့် လူသားချင်းစာနာမှုများကြောင့် လုံးဝလက်သင့်လည်း မခံနိုင်ဘဲ ခံစားရကြောင်း ၎င်းက ပြောသည်။ ယင်းဇာတ်ကားတွင် မင်းသမီးနေရာသည် ဇာတ်ကား၏ အခရာဖြစ်ပြီး တာဝန်လည်း ကြီးမားကြောင်း၊ အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် ကြိုးစားထားကြောင်း ၎င်းက ပြောပြသည်။

ကိုလင်း

# ပြည်တွင်းတေးထုတ်လုပ်သူများ ကိုယ့်နိုင်ငံက EDM ဂီတဖန်တီးသူများကို အရန်အဖြစ်သဘောမထားသင့်



၂၀၀၈ ခုနှစ်တွင် DJ အလုပ်ကို စတင်လုပ်ကိုင်ခဲ့ပြီး ၂၀၁၂ ခုနှစ်ကတည်းက သားစိုးနှင့်အတူ ဂီတတွေ ဖန်တီးခဲ့သူတစ်ဦးက ထုတ်လုပ်သူများအပေါ် သူ၏ သဘောထားမှတ်ချက်တစ်ခုကို မြန်မာ့အလင်း ပရိသတ်ကြီးထံ ပြောပြခဲ့သည်။

"ကျွန်တော် ဒီအခွေလေး စလုပ်မယ်ဆိုတော့ အားလုံးက တားကြတယ်။ ခေတ်မကောင်းဘူးပေ့ါနော်။ အမှန်ကလည်း ဟုတ်ပါတယ်။ ဘယ်သူမှ မလုပ်ရဲတဲ့အချိန်မှာ ကျွန်တော်က ပရိသတ်ကို ခံစားစေချင်တာကြောင့် ဖန်တီးတာ။ ကျွန်တော့်အခွေထဲက သီချင်းတွေဖန်တီးတဲ့အခါမှာ ကိုယ်ဘယ်သီချင်းကို စပြီးတီးမလဲ၊ ဘယ်သူနဲ့ ဒီသီချင်းက လိုက်ဖက်လဲဆိုတာမျိုးကို ရွေးချယ်တယ်။ သီချင်းအပုဒ်တွေ သေသေချာချာ စီစဉ်လိုက်တယ်။ သီချင်းတွေကို လိုက်ဖက်တဲ့ အဆိုတော်နဲ့ ဆိုခိုင်းပြီး တီးပါတယ်။ ကျွန်တော် EDM စပြီးလုပ်တာ ၂၀၁၀၊ ၂၀၁၂ ခုနှစ်လောက်မှာ Electro House တွေက ခေတ်စားလာတယ်။ အဲဒီအချိန်မှာ ကျွန်တော်က အွန်လိုင်းပေါ်မှာ ကိုယ်တိုင်ဖန်တီးခဲ့တဲ့ သီချင်းလေးတွေ အမြဲလိုလို တင်ဖြစ်ခဲ့တယ်။ ပရိသတ်နှစ်သက်အားပေးမှုတွေလည်း ရခဲ့ပါတယ်။ နောက်ပိုင်း ကိုသားစိုးကနေ ကျွန်တော်တီးတာလေးတွေ သဘောကျတယ်ဆိုပြီး ဆက်သွယ်လာခဲ့တယ်၊ သူ့အခွေမှာ တီးခတ်ပေးဖို့ဆိုပြီး ကျွန်တော်ကိုသားစိုးအခွေတွေမှာ ဝင်ရောက်တီးပေးရင်း အနုပညာလမ်းကြောင်းပေါ် ရောက်လာတယ်"ဟု DJ Mas က ပြောသည် ။

DJ ပညာကို DJ သော်သော်ထံတွင် လေ့လာသင်ကြားခဲ့ပြီး ဈေးကွက်ပျက်နေသည့် ယနေ့ခေတ်ဂီတလောကကြောင့် ဝမ်းစာအတွက် ရပ်တည်နိုင်ရန် Sky Net Channel တွင် Electric Music ကို တာဝန်ယူထားသော ဝန်ထမ်းတစ်ယောက်ဖြစ်သည်။

ပြည်ပနိုင်ငံများတွင် EDM Music ပွဲတော်များကို တစ်နှစ်လျှင် တစ်ကြိမ်မျှသာ ကျင်းပသော်လည်း ပြည်တွင်း၌ တစ်လအတွင်း၌ပင် ပွဲပေါင်းများစွာ ကျင်းပနေရခြင်းအပေါ် DJ Mas က "ကျွန်တော်တို့ နိုင်ငံမှာ Music Producer တွေရှိနေတာ သိပ်သဘောမတွေ့ပါဘူး။ သူတို့ကြောင့် ကျွန်တော်တို့ ဂီတဈေးကွက်ပျက်နေတာလို့ မြင်ပါတယ်။ သူတို့က ဈေးကွက်ထဲမှာ ပွဲတွေကို ဆက်တိုက်လုပ်ကြတယ်။ ဖန်တီးပုံတွေကိုလည်း ဖြစ်သလိုအနေအထားနဲ့လုပ်ပြီး မြတ်ရင်ပြီးရောသဘောမျိုးနဲ့ လုပ်လာကြတာ တွေ့ရတယ်။ တကယ်ဖန်တီးမှုကောင်းတဲ့သူတွေ နစ်နာတာတွေ ဖြစ်လာတယ်။ ပရိဂျူဆာတွေက ကိုယ့်ရဲ့ပြည်တွင်းကထက် ပြည်ပကလူတွေကို နေရာပိုပေးတာ တွေ့ရတယ်။ ကျွန်တော်တို့ဆီမှာ ကိုယ့်လူကို အရန်သဘောမျိုးထားတာ တွေ့ရတော့ ဒါမျိုးက မဖြစ်သင့်ဘူးလို့ မြင်ပါတယ်။ စီးပွားရေးဘက်က ကြည့်ရင် မှန်ပေမယ့် သူတို့လိုပဲ ကျွန်တော်တို့လည်း ဖန်တီးမှုတွေ ရှိနေပါတယ်"ဟု ပြောသည် ။

တေးစီးရီးအမည်ကို "Into The Sky"အမည်နှင့် Bo Bo Music တေးထုတ်လုပ်ရေးမှ ယခုလ ၂၇ ရက်တွင် ထွက်ရှိမည်ဖြစ်ပြီး တေးသီချင်း ရှစ်ပုဒ် ပါဝင်ကြောင်း သိရသည်။ **ကိုလင်း**

## နိုင်ငံတကာ အနုပညာသတင်း

### ခရစ်ဘရောင်းကို ရွှေရောင်နှလုံးသားပိုင်ရှင်လို့ တင်စားလိုက်တဲ့ ရီဟားနား

ခရစ်ဘရောင်းဟာ သူ့ရဲ့ရှိုးပွဲမှာ ကလေးငယ်ကို ကယ်တင်လိုက်တာနဲ့ ပတ်သက်ပြီး ချစ်သူဟောင်းဖြစ်သူ ရီဟားနားဆီက အမှတ်တွေအများကြီး ရသွားပါတယ်။ ဇူလိုင် ၁၈ ရက် ညက ရှိုးပွဲမှာ ခရစ်ဘရောင်းဟာ သူနဲ့အတူ စင်ပေါ်မှာဖျော်ဖြေဖို့ ပရိသတ်ထဲက ကလေးတစ်ယောက်ကို ဖိတ်ခေါ်ခဲ့ပါတယ်။ ကလေးနဲ့အတူ စင်ပေါ်မှာ သီဆိုနေတုန်း ရုတ်တရက်မျှော်လင့်မထားဘဲ အဲဒီကလေးဟာ စင်ပေါ်မှာပဲ မေ့လဲသွားခဲ့ပါတယ်။ အဲဒီအခါ ခရစ်ဘရောင်းက ကလေးကယ်ကိုပွေ့ပြီး စင်အောက်က အုပ်ထိန်းသူထံ ပြန်ပေးခဲ့ပါတယ်။ အဲဒီဖြစ်ရပ်ဟာ ရုတ်ခြည်းဆိုသလို မမျှော်လင့်ဘဲ ပေါ်ပေါက်လာတဲ့ ဖြစ်ရပ်တစ်ခုလည်းဖြစ်တယ်။ ဒါပေမယ့်လည်း လူတွေအားလုံးကတော့ ခရစ်ဘရောင်းရဲ့ ကောင်းမွန်တဲ့ လုပ်ရပ်ကိုအသိအမှတ်မပြုဘဲ မနေနိုင်ပါဘူး။ ခရစ်ဘရောင်းရဲ့အချစ်ဟောင်းဖြစ်သူ ရီဟားနားကတော့ သူ ဒီဖြစ်ရပ်ကိုမြင်တဲ့အခါ ခရစ်ဘရောင်းကို အလွန်ပဲ အထင်ကြီးသွားတယ်လို့ ရီဟားနားနဲ့ ရင်းနှီးသူတွေက ဟောလိဝုဒ်လိုက်ဖ်ကို ပြောပါတယ်။

ခရစ်ဘရောင်းဟာ ပြဿနာပေါင်းသောင်းခြောက်ထောင် တက်နေပေမယ့် သူ့မှာ ရွှေရောင်နှလုံးသားရှိတယ်လို့ ရီဟားနားကဆိုပါတယ်။ ခရစ်ဘရောင်းဟာ ဇူလိုင် ၅ ရက်ကပဲ အမှုရင်ဆိုင်ထားရပါသေးတယ်။ ကလပ်မှာ ဓာတ်ပုံဆရာကို ထိုးကြိတ်မိတဲ့အတွက်လည်း အဖမ်းခံရဖူးပါတယ်။ ဒါပေမယ့်လည်း ဒေါ်လာ ၂၀၀၀ တန် ခံဝန်ချုပ်နဲ့အတူ လွတ်လာခဲ့ပါတယ်။ ခရစ်ဘရောင်းဟာ ဒီလိုမျိုးနာမည်ဆိုးတွေနဲ့ ကျော်ကြားပေမယ့် ကလေးငယ်ကိုပွေ့ချီပြီး အုပ်ထိန်းသူဆီ ပြန်ပို့လိုက်တဲ့လုပ်ရပ်ကြောင့် ပရိသတ်တွေရဲ့ ချီးမွမ်းမှုကိုလည်း ရနေပါတယ်။ **ဟောလိဝုဒ်လိုက်ဖ်**



### ကောလာဟလတွေကို ချေဖျက်ပြလိုက်တဲ့ မိုင်လေနဲ့ လီယန်

မိုင်လေဆိုင်းရပ်စ်နဲ့ သူ့ချစ်သူ လီယန်ဟမ်စ်ဝေါ့တို့ဟာ သူတို့နှစ်ဦး လမ်းခွဲသွားပြီ ဆိုတဲ့ ကောလာဟလတွေကို ချေဖျက်ပြလိုက်ပါတယ်။ လီယန်ဟာ ကားမောင်းနေစဉ် အတွင်း မိုင်လေကို စနောက်နေတဲ့ ဗီဒီယိုထွက်ပေါ်လာခဲ့ပါတယ်။ ဒီဗီဒီယိုကြောင့် မိုင်လေဟာ လီယန်နဲ့ လက်ထပ်မယ့်အစီအစဉ်ကို ဖျက်သိမ်းလိုက်ပြီဆိုတဲ့ ကောလာဟလတွေကို ချေဖျက်လိုက်နိုင်ပါတယ်။ မိုင်လေတို့နှစ်ဦးစလုံးဟာ အလွန်ပျော်ရွှင်နေတာကိုလည်း တွေ့ရပါတယ်။ ဇူလိုင် ၁၉ ရက်က Hunger Games ဇာတ်ကားနဲ့အောင်မြင်လာတဲ့ သရုပ်ဆောင် လီယန်ဟာ သူနဲ့မိုင်လီတို့ကားမောင်းနေတဲ့ ဗီဒီယိုကို အင်စတာဂရမ် ပေါ်တင်ခဲ့ပါတယ်။ ကားထဲမှာ လီယန်က ကားမောင်းနေပြီး မိုင်လေကတော့ သီချင်းသံနဲ့အတူ မြူးကြွစွာကနေတာကို တွေ့ရပါတယ်။

လီယန်ဟာ မိုင်လေကို အတိတ်ကနေ ဆွဲထုတ်နိုင်ခဲ့တဲ့လူလည်း ဖြစ်တယ်။ သူတို့နှစ်ဦးစလုံးဟာ ကားမောင်းရင်းသီချင်းသံနဲ့ ကရတာကိုနှစ်သက်ပြီး လီယန်ကလည်း တစ်ချိန်လုံး မိုင်လေကို စနောက်နေတာကို တွေ့ရပါတယ်။ လီယန်ဟာ မိုင်လေနဲ့အတူ ကလေးတွေမွေးပြီး မိသားစုဘဝကို ထူထောင်ချင်တယ်။ အဲဒီအတွက် မင်္ဂလာပွဲကို ရက်မရွှေ့ချင်ဘူး။ ဒါပေမယ့်လည်း မိုင်လေကတော့ ဒီလိုမဟုတ်ဘဲ လက်ထပ်ပွဲကို ရွှေ့ဆိုင်းလိုက်တဲ့အတွက် လီယန်တစ်ယောက် အသည်းကွဲနေတယ်ဆိုပြီး သတင်းတွေ ထွက်ပေါ်ခဲ့တာပဲဖြစ်တယ်။ အခုလိုပျော်ပျော်ရွှင်ရွှင် ချစ်နေကြတဲ့သူတို့နှစ်ဦးရဲ့ ပုံရိပ်တွေကိုမြင်ရတော့ သူတို့ကွဲသွားပြီဆိုတာ ဘယ်လိုမှယုံလို့မရတော့ပါဘူး။ လက်ရှိမှာတော့ သူတို့နှစ်ဦးဟာ မာလီဘူးမြို့မှာပဲ နေထိုင်လျက်ရှိပါတယ်။ **ဟောလိဝုဒ်လိုက်ဖ်**

ခြူး





# ဘာသာခြားစကားလုံးများ မွေးစားသည့်အစဉ်အလာ (၃)

**မောင်ခင်မင်(ဓနုဖြူ)**

"ပုဂံခေတ်မှာ ပါဠိစကားလုံးတွေလိုပဲ သက္ကတစကားလုံးတွေကိုလည်း မွေးစားတယ်လို့ သင်ဖူးပါတယ်ဆရာ။ မြန်မာစကားထဲဝင်နေတဲ့ သက္ကတမွေးစားစကားလုံးတွေအကြောင်းလည်း သိချင်ပါတယ်"

"သက္ကတဘာသာစကားက ပါဠိနဲ့မျိုးတူနွယ်တူပဲ။ အင်ဒိုဥရောပဘာသာစကားမျိုးရိုးထဲမှာ ပါတယ်။ ပါဠိထက်ရှေးကျတယ်။ မြန်မာစကားထဲကို ဝင်နေတဲ့ သက္ကတမွေးစားစကားလုံးတွေကို ပုဂံခေတ်ကျောက်စာ၊ မင်စာ၊ အုတ်ခွက်စာစတဲ့ စာတွေမှာ အထင်အရှား တွေ့နေရပြီလေ။"

"ဟုတ်ကဲ့၊ ဘယ်စကားလုံးတွေပါလဲ ဆရာ"

"မြင်ရုံနဲ့သက္ကတဘာသာထဲကယူတဲ့ မွေးစားစကားလုံးမှန်းသိနိုင်တဲ့ စကားလုံးတွေ မင်းတို့လည်းသိမှာပါ။ ခုခေတ်စာလုံးပေါင်းနဲ့ ရေးရင်တော့ 'စကြဝဠာ၊ စကြာဝတေး၊ စကြံ၊ ကြမ္မာ၊ သိကြား၊ ဂြိုဟ်၊ သင်္ဂြိုဟ်' ဆိုတဲ့စကားလုံးမျိုးတွေပေါ့"

"မြင်ရုံနဲ့သက္ကတစကားလုံးမှန်း သိနိုင်တယ်ဆိုတာ ဘာကိုဆိုလိုတာပါလဲ ဆရာ"

"သြော်...ခက်တော့တာပဲ။ ကဲ ... အခုပြောတဲ့စကားလုံးတွေ အားလုံးမှာ တူတဲ့အချက်တစ်ခုရှိတယ်။ အဲဒါဘာလဲ"

"တူတဲ့အချက်ဆိုတော့၊ ဟာ...ကျွန်တော်သိပြီ။ စကားလုံးအားလုံးမှာ ရရစ်ပါပါတယ်။ ရရစ်နဲ့ ရေးရပါတယ် ဆရာ"

"ဒါ...လွယ်အောင်ပြောတာပါ။ ရရစ်ပါတိုင်း သက္ကတစကားလုံးလို့ဆိုလိုတာတော့ မဟုတ်ဘူးနော်။ ပါဠိနဲ့ သက္ကတယှဉ်ကြည့်ရင် အဓိပ္ပာယ်တူတဲ့စကားလုံးတွေမှာ သက္ကတက ရရစ်ပါလေ့ရှိတာကို ပြောတာ"

"ဟုတ်ကဲ့ပါ"

"စကြဝဠာ ဆိုပါတော့။ ပါဠိမှာ 'စက္ကဝါဠ' လို့ရှိတယ်။ ဒါပေမယ့် မြန်မာစကားမှာ စက္ကဝါဠကိုမယူဘဲ စကြဝဠာကိုယူပြီး အခုအထိသုံးနေတာ မဟုတ်လား။ ပုဂံခေတ်စာလုံးပေါင်းပုံကို ခုခေတ်စာလုံးပေါင်းပုံနဲ့ ပြောင်းပြီး လွယ်အောင်ပြထားတာ။ မူရင်းသက္ကတစာလုံးတွေက တချို့စာလုံးတွေ ရေးပြဖို့ မလွယ်ဘူးလေ။ မူရင်းကိုတော့ သက္ကတအဘိဓာန်တွေမှာ ကြည့်နိုင်တာပေါ့"

"ဟုတ်ကဲ့ပါ"

"မင်းတို့ အလွယ်တကူ လေ့လာနိုင်တဲ့ အဘိဓာန်ကိုညွှန်းရရင် ဆရာကြီး ဦးဟုတ်စိန်ပြုစုတဲ့ ပါဠိမြန်မာအဘိဓာန်ရှိတယ်။ ပဒတ္ထမဉ္ဇူသာလို့လည်းခေါ်တယ်။ အဲဒီမှာ ပါဠိတည်ပုဒ်စာလုံးတွေကို အဓိပ္ပာယ်တူ သက္ကတစာလုံးတွေနဲ့ တွဲပြထားတယ်"

"လေ့လာကြည့်ပါ့မယ် ဆရာ"

"ပုဂံခေတ်တုန်းက သက္ကတဘာသာစကားဟာ ထီးသုံးနန်းဝင်ဘာသာစကားဖြစ်တယ်။ ပုဂံမင်းတွေဟာ ရှည်လျားတဲ့သက္ကတ ဘွဲ့အမည်တွေကို ခံယူကြတယ်လို့ ဆရာကြီးဂျီအိပ်ချ်လုစ်က ဆိုထားတယ်"

"ဟုတ်ကဲ့"

"ရာဇကုမာရ်ကျောက်စာမှာ ကျန်စစ်သားမင်းရဲ့ဘွဲ့ကို တွေ့ရတယ်မဟုတ်လား။ သက္ကတဘာသာနဲ့ ရေးထားတာလေ"

"ဟုတ်ပါတယ် ဆရာ"

"ကျန်စစ်သားဘွဲ့ရဲ့ ရှေ့ဆုံးစာလုံးက ဘာပါလိမ့်"

"ရှရီပါ ဆရာ"

"ဟုတ်တယ်။ ရေးတဲ့အခါမှာတော့ ဂငယ်အလယ်က အစက်ကလေးပါတဲ့ စာလုံး 'ဂရှ'လို့ ခေါ်တယ်။ 'ရှ' လို့ အသံထွက်တာပေါ့။ အဲဒီစာလုံးကို ရရစ်ပြီး လုံးကြီးတင် ဆန်ခတ်ထားတဲ့ 'ဂြီဆိုတဲ့ စကားလုံးပဲ။ ရှရီလို့ အသံထွက်တယ်။ ပါဠိစကား 'သိရီ' နဲ့ အဓိပ္ပာယ် တူတယ်။ မြန်မာတွေက 'သိရီ' ကို 'သီရိ' လို့ သရသံပြောင်းပြီး မွေးစားထားတယ်"

"ဟုတ်ကဲ့ပါ"

"ကျောက်စာတွေမှာ စစချင်း အဲဒီ 'ရှရီ' ဆိုတဲ့ စာလုံးကို အရင်ဆုံးရေးထိုးလေ့ရှိတယ်။ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံပါစေသတည်းလို့ ဆုတောင်းတဲ့ အဓိပ္ပာယ်ပေါ့"

"ဟုတ်ကဲ့ပါ"

"ကျန်စစ်သားရဲ့ဘွဲ့က 'ဂြီတြိဘုဝနာဒိတျဓမ္မရာဇာပါ ဆရာ"

"ဟုတ်တယ်။ ရှရီက ကျက်သရေ၊ တြိက ၃၊ ဘုဝနက လောက၊ အာဒိတျက နေ၊ ဓမ္မရာဇာက တရားမင်းပေါ့။ ဒီတော့ 'ကျက်သရေရှိသော၊ လောကသုံးပါးတွင် နေမင်းသဖွယ်ဖြစ်သော တရားမင်း' လို့ ဘာသာပြန်ရမှာပေါ့"

"ဟုတ်ကဲ့ပါ"

"ခုပြခဲ့တဲ့ စကားလုံးတွေက ပါဠိမဟုတ်ပါဘူး။ ပါဠိလိုရေးရင် 'တြိဘုဝနာဒိတျ' ကို 'တိဘုဝနာဒိစ္စ' လို့ ရေးရတယ်။ ထားပါတော့။ သက္ကတစကားဟာ မြန်မာမင်းတွေ အလေးအမြတ်နေရာပေးခဲ့တဲ့ ဘာသာစကားဖြစ်ကြောင်း ပြောတာပါ"

"မှတ်ထားပါ့မယ် ဆရာ"

"ပုဂံခေတ်မှာ ပါဠိရော၊ သက္ကတရော ဘာသာစကားနှစ်မျိုးစလုံးတွဲကာ အဓိပ္ပာယ်တူတဲ့စကားလုံး နှစ်လုံးကို မွေးစားတာမျိုးလည်း ရှိတယ်။ 'ကံကြမ္မာ' လို စကားလုံးမျိုးပေါ့"

"ဟုတ်ကဲ့ပါ။ 'ကံ' က 'ကမ္မ' ဆိုတဲ့ ပါဠိစကားကို ယူထားတာ။ 'ကြမ္မာ' ကလည်း 'ကရမ' ဆိုတဲ့ သက္ကတစကားကို ယူထားတာလို့ မှတ်သားဖူးပါတယ် ဆရာ"

"ဟုတ်ပါတယ်။ အဓိပ္ပာယ်တူ စကားနှစ်လုံးစလုံး ယူထားတာပေါ့"

"နောက်ယူပုံတစ်မျိုးက ပါဠိနဲ့ သက္ကတ နှစ်မျိုးလုံးရောပြီး ယူတယ်လို့ ဆိုနိုင်တဲ့ စကားလုံးမျိုးပဲ။ 'သတ္တဝါ' လို စကားလုံးမျိုးပေါ့"

"သတ္တဝါက ပါဠိမဟုတ်ဘူးလား ဆရာ"

"ပါဠိကို 'သတ္တ' လို့ ရှိတယ်။ အခု 'သတ္တဗေဒ' လို့ ခေါ်တဲ့ ဘာသာရပ်မှာ သုံးတဲ့ စကားလုံးပေါ့။ 'ဝါ' က ဘယ်ကလာသလဲ ဆိုတော့ သက္ကတမှာ 'သတွ' လို့ ရှိတယ်။ သတ္တနဲ့အဓိပ္ပာယ်အတူတူပဲ။ အဲဒီပါဠိ 'သတ္တ' နဲ့ သက္ကတ 'သတွ' ပေါင်းပြီး 'သတ္တဝါ' လို့ ဖြစ်လာတာပေါ့"

"နားလည်ပါပြီ ဆရာ"

"ပုဂံခေတ်တစ်ခေတ်လုံးမှာ တချို့စကားလုံးတွေကို သက္ကတဆီကပဲ ယူသုံးပေမယ့် နောက်ခေတ်တွေမှာ အဲဒီစကားလုံးတွေကို မသုံးတော့ဘဲ 'ပါဠိ' ထဲက ပြောင်းယူတာမျိုးလည်း ရှိတယ်။ 'နိဗ္ဗာန်' ကို ပုဂံခေတ်က 'နိယရပန်' လို့ တောက်လျှောက်သုံးတယ်။ ခုခေတ်စာလုံးပေါင်းနဲ့ ရေးရင် 'နေရပန်' ပေါ့။ သက္ကတမှာ 'နိရဝါဏ' လို့ ရှိတယ်။ ပါဠိ 'နိဗ္ဗာန' နဲ့ အတူတူပေါ့။ 'နိရဝါဏ' က ဆင်းသလို 'နေရပန်' ဖြစ်တာပေါ့။ နောက်ခေတ်တွေကျတော့ 'နိဗ္ဗာန' က ဆင်းသက်တဲ့ 'နိဗ္ဗာန်' က အသုံးတွင်လာပြီး 'နေရပန်' ပျောက်သွားတာပေါ့"

"နောက်တစ်လုံးက ခုခေတ် 'နက္ခတ်' လို့ သုံးတဲ့စကားလုံးကို ပုဂံခေတ်တုန်းက 'နက်သတ်' လို့ သုံးတယ်။ 'နက္ခတ်' က ပါဠိ 'နက္ခတ္တ' ကို ယူတာ 'နက်သတ်' က သက္ကတ 'နက္ခြ' ကို ယူတာ။ ကအောက်မှာ ပအလယ်က အစက်ကလေးပါတဲ့ အက္ခရာပေါ့။ 'ပရှ' လို့ ခေါ်တယ်။ ရှ လို့ အသံထွက်တယ်။ 'နက္ခတ္တ' ကို သက္ကတလို 'နက်ရှတ်တရ' လို့ အသံထွက်တာပေါ့"

"ဟုတ်ကဲ့ပါ"

"ဒီနေ့အထိ အသုံးတွင်ကျယ်တဲ့ သက္ကတမွေးစားစကားလုံးနှစ်လုံးကို ပြောရရင်တော့ 'အမတ်' နဲ့ 'ဆရာ' ပဲကွဲ့"

"ပြောပြပါ ဆရာ"

"အမတ်ကို ပုဂံခေတ်မှာ 'အမတ်တျာ' လို့ ရေးတယ်။ 'အမတ္တျာ' လို့လည်း ရေးတယ်။ သက္ကတဘာသာမှာ 'အမာတျ' လို့ သုံးတယ်။ 'အမာတျ' ကနေပြီး 'အမတ်တျာ' ဖြစ်လာပြီးမှ 'အမတ်' လို့ ပြောင်းလာတာလေ။ ပါဠိမှာတော့ 'အမစ္စ' လို့ စလုံးနဲ့ရှိတယ်။ တကယ်လို့ 'အမစ္စ' ကို ယူရင် 'အမစ်' ပဲ ဖြစ်မှာပေါ့။ ခု 'အမတ်' ဆိုတဲ့ အသုံးက ပုဂံခေတ်ကတည်းက 'မင်းမတ်' လို့လည်း သုံးနေပြီလေ"

"ဟုတ်ကဲ့ပါ။ 'ဆရာ' ကရော ဆရာ"

"အဲ... 'ဆရာ' ကို ပုဂံခေတ်က 'ဆရျာ' လို့ ရကောက်ယပင့်နဲ့ အရေးများတယ်။ ပါဠိမှာ အာစရိယ သက္ကတမှာ 'အာစာရျ' လို့ရှိတယ်။ 'အာစာရျ' က ဆင်းသက်ပြီး 'ဆရာ' ဖြစ်လာတာပေါ့ကွယ်"

"တစ်ခုမေးပါရစေ ဆရာ။ တချို့က 'ဆရာ' ဆိုတဲ့ စကားလုံးဟာ 'ဆာယာ' ဆိုတဲ့ ပါဠိစကားက ဆင်းသက်ပြီး 'အရိပ်' လို့ အဓိပ္ပာယ်ရတယ်လို့ ရေးတာ ဖတ်ဖူးပါတယ်။ တချို့ကလည်း သင့် မသင့် ရာမရာ ချိန်ဆတတ်တဲ့ သူမို့ 'ဆရာ' လို့ ခေါ်ကြောင်း ရေးကြပါတယ်။ အဲဒီဖွင့်ဆိုချက်တွေကရော ဘယ်လို..."

"ဆရာဆိုတဲ့ စကားလုံးကို ကြည့်ပြီး နီးစပ်ရာ ကြံဆတဲ့ ဖွင့်ဆိုချက်တွေပါကွယ်။ အထောက်အထားမရှိပါဘူး။ ပုဂံခေတ်ကတည်းက 'ဆရျာ' လို့ သုံးနေပြီပဲဟာ။ ဒါတင်မကဘူးလေ။ မွန်ဘာသာမှာလည်း သက္ကတ'အာစာရျ' ကိုယူပြီး 'အာစာရ်' လို့ ရှေးမွန်ကျောက်စာတွေမှာ ရေးတယ်။ ခုခေတ်တော့ 'အစာ' လို့ ရေးတာပေါ့။ 'အကျာ' လို့ အသံထွက်တယ်။ ထိုင်းစကားမှာလည်း ဆရာကို 'အကျန်' လို့ ခေါ်တယ်။ 'အာစာရျ' က ဆင်းသက်တာချည်းပဲလေ"

"နားလည်ပါပြီ ဆရာ"

"စိတ်ဝင်စားစရာကောင်းတဲ့ စကားတစ်လုံးက 'သိကြား' ဆိုတဲ့ စကားလုံးပဲ"

"သိကြားမင်းကို ပြောတာလား ဆရာ"

"ဟုတ်တယ်။ ပုဂံခေတ်မှာ 'သိကြား' ကို 'သကြား' လို့ပဲ ရေးတယ်။ ပုဂံခေတ်ရေးထုံးမှာတော့ ဝစ္စပေါက်မပါဘူးပေါ့။ 'သကြာ၊ သကြာမင်' လို့ ရေးတာပေါ့။ အင်းဝခေတ်ကျတော့ 'သိကြား'လို့ ခုရေးသလို ရေးနေကြပြီလေ။ သကို လုံးကြီးတင်ထည့်ပြီး ရေးနေကြပြီ။ အဲဒီလိုရေးရတဲ့ အကြောင်းနဲ့ ပတ်သက်ပြီး အင်းဝခေတ်စာဆို ရှင်မဟာရဋ္ဌသာရက ကိုးခန်းပျို့မှာ ရှင်းပြထားတာ ရှိတယ်ကွဲ့"

"ပြောပြပါ ဆရာ"

"မင်းတို့သင်ခဲ့ရမယ်ထင်တယ်။ 'သက္ကသကြ၊ မာဂဓနှင့် သက္ကတဘာသာ၊ ဝေါဟာရကြား၊ ဤနှစ်ပါးတွင်၊ အိအားအက္ခရာ၊ လွှဲကာလည်းပြု၊ မြန်မာမှုဖြင့်၊ ယခုလူတွင်၊ သိကြားထင်သည်'တဲ့ အဓိပ္ပာယ်က သက္ကတဘာသာမှာ သကြ၊ မာဂဓ(ပါဠိ) ဘာသာမှာ သက္ကဆိုတဲ့ စကားလုံးကို မြန်မာဝေါဟာရအဖြစ် ယူရာမှာ 'သကြ' ကို အိ သရနဲ့ အား သရထည့်ပြီး မြန်မာမှုအနေနဲ့ 'သိကြား' လို့ သုံးကြတယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ သိတတ်ကြားတတ်တဲ့ ပုဂ္ဂိုလ်မို့ 'သိကြား'လို့ ခေါ်တယ်ဆိုတဲ့ သဘောပါတာပေါ့"

"အဲဒီတော့ ချိုတဲ့အရသာရှိတဲ့ 'သကြား' နဲ့လည်း ရေးထုံးချင်း ကွဲသွားတာပေါ့။ ဆိုလိုတာက ပုဂံခေတ်တုန်းက 'သကြား' လို့သုံးတဲ့ စကားလုံးကို အင်းဝခေတ်မှာ 'သိကြား' လို့ သုံးကြတာ အခုအထိပဲလို့ ဆိုလိုတာပါပဲကွယ်"

"စိတ်ဝင်စားဖို့ကောင်းပါတယ် ဆရာ"

# ရိုးရာလက်ဝှေ့လောကရဲ့ တစ်ကျော့ပြန် ထွန်းထွန်းမင်း ထိုင်းဖိုက်လက်ဝှေ့ကျော် ဆိုင်းယော့ကို တကယ်ပဲလွှမ်းမိုးနိုင်ပါ့မလား

သတင်းဆောင်းပါး - မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်

**ဒေ့ဗ်လက်ဒပ်ကို အလဲထိုးဖြင့် ရှုံးနိမ့်ခဲ့သော မြန်မာ့ရိုးရာလက်ဝှေ့ကျော် ထွန်းထွန်းမင်းသည် နှစ်နှစ်ဝန်းကျင် ဆေးကုသမှုခံ အနားယူခဲ့ပြီး ယခုအခါ ရိုးရာလက်ဝှေ့လောကသို့ တစ်ကျော့ပြန်ဝင်ရောက်လာတော့မည်ဖြစ်သည်။ ယခုလာမည့် ဇူလိုင် ၂၁ ရက်တွင် စတင်ကျင်းပမည့် (၁၀) ကြိမ်မြောက် ရွှေခါးပတ်ချန်ပီယံလုပွဲကြီး ၂၀၁၈ ၏ ဇူလိုင် ၂၂ ရက် (ဒုတိယနေ့)ကွာတားဖိုင်နယ်ပွဲစဉ်၌ အထူးစိန်ခေါ်ပွဲအနေဖြင့် မြန်မာ့ရိုးရာလက်ဝှေ့ကျော် ထွန်းထွန်းမင်းနှင့် ထိုင်းဖိုက်ချန်ပီယံ ဆိုင်းယော့တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ အဆိုပါ ပြိုင်ပွဲကြီးကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူးပြီး H & S Group နှင့် ကီးမားတင်ဝင်း တို့ ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်သည်။**



ထွန်းထွန်းမင်း

မြန်မာ့ရိုးရာလက်ဝှေ့လောက၏(၁၀)ကြိမ်မြောက် ကျင်းပမည့် ရွှေခါးပတ်ချန်ပီယံ အထူးစိန်ခေါ်ပွဲကြီး၌ ၄၉ ဒသမ ၅၃ ကီလိုတန်းတွင် ပြိုင်ပွဲဝင် လေးဦး၊ ၅၁ ကီလိုတန်းတွင် ပြိုင်ပွဲဝင် ရှစ်ဦး၊ ၅၄ ကီလိုတန်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ရှစ်ဦး၊ ၅၇ ကီလိုတန်းတွင် ပြိုင်ပွဲရှစ်ဦး၊ ၆၀ ကီလိုတန်းတွင် ပြိုင်ပွဲဝင် ရှစ်ဦး၊ ၆၃ ဒသမ ၅ ကီလိုတန်းတွင် ပြိုင်ပွဲဝင် ခုနစ်ဦး၊ ၆၇ ကီလိုတန်းတွင် ပြိုင်ပွဲဝင် ရှစ်ဦး၊ ၇၁ ကီလိုတန်းတွင် ပြိုင်ပွဲဝင် ခြောက်ဦး စုစုပေါင်း ပြည်တွင်းလက်ဝှေ့ကလပ် ၂၁ ခုမှ ပြိုင်ပွဲဝင်ကစားသမားစုစုပေါင်း ၆၀ ဝင်ရောက်ယှဉ်ပြိုင် ထိုးသတ်ကြမည်ဖြစ်သည်။ အဆိုပါ ပြိုင်ပွဲကြီးကို ယနေ့ ဇူလိုင် ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ကွာတားဖိုင်နယ်ပွဲစဉ် စတင်ကျင်းပမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဇူလိုင် ၂၉ ရက်တွင် ရန်ကုန်မြို့ သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ ကျင်းပမည်ဖြစ်ပြီး နောက်ဆုံးဖိုင်နယ် ဗိုလ်လုပွဲစဉ်များကို အထက်မြန်မာပြည် မန္တလေးမြို့ ဒိုင်းမွန်းပလာဇာ ငါးလွှာ၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါရွှေခါးပတ်ချန်ပီယံပြိုင်ပွဲနှင့်ပတ်သက်၍ ပွဲစီစဉ်သူတစ်ဦးဖြစ်သည့် ဦးစိုင်းဇော်ဇော်က “ ပြီခဲ့တဲ့ ဇန်နဝါရီလထဲမှာ ထွန်းထွန်းမင်းပွဲ စီစဉ်ပါသေးတယ်။ ပွဲနီးမှ မထင်မှတ်ဘဲ ထွန်းထွန်းမင်း ဒဏ်ရာပြန်ပေါ်လာလို့ အခုလိုရွှေ့လိုက်ရတာ။ ဒီကြားထဲ လေ့ကျင့်ရင်းလေ့ကျင့်ရင်းနဲ့ အဆင်သင့်ဖြစ်ပြီဆိုတော့ အခုလိုစီစဉ်လိုက်တာပါ။ သူ့ပွဲတစ်ပွဲတည်း သီးသန့်လုပ်ဖို့ အဆင်မပြေဘူး။ ရွှေခါးပတ်ပွဲတွေမှာလည်း နှစ်တိုင်း အခုလိုပြည်သူစိတ်ဝင်စားတဲ့ ပွဲကြီးတွေ ထည့်ပေးခဲ့တယ်။ ခုလည်းဒုတိယနေ့ ကွာတားဖိုင်နယ်မှာပဲ ထွန်းထွန်းမင်းနဲ့ ဆိုင်းယော့ပွဲ ထည့်သွင်းခဲ့တာဖြစ်တယ်။ ထွန်းထွန်းမင်းအနေနဲ့ ခုချိန်မှာတော့ ဒဏ်ရာကလည်း ပြည့်စုံကောင်းမွန်နေပြီဆိုတော့ အခုလိုဆိုင်းယော့နဲ့ တွဲဖြစ်ခဲ့တာဖြစ်တယ်။ ဆိုင်းယော့က ထိုင်းဖိုက်မှာလည်း နာမည်ရနေတဲ့ လက်ဝှေ့ကျော်ချန်ပီယံတစ်ဦးဖြစ်တယ်။ ဆိုင်းယော့ဟာ ပြီးခဲ့တဲ့ လပိုင်းအတွင်းမှာပဲ ရှောင်လင်ဘုန်းကြီးလို့ လူသိများကျော်ကြားခဲ့တဲ့ ရိလုံကို အလဲထိုးနဲ့နိုင်ခဲ့တယ်။ ဆိုင်းယော့ဟာ ပြီးခဲ့တဲ့လအနည်းငယ်အတွင်းက အိကျူစံနဲ့ မြန်မာနိုင်ငံကို လိုက်လာပြီးတော့ မြန်မာ့လက်ဝှေ့ရေးတွေပြသပြီး မိတ်ဆက်ပေးခဲ့တယ်။ သူက ရိုးရာလက်ဝှေ့ကို စိတ်ဝင်စားနေတဲ့သူတစ်ဦးပါ။ ထိုင်းဖိုက်လက်ရွေးစင် ဆိုင်းယော့ကိုသာ ထွန်းထွန်းမင်းနိုင်ခဲ့ရင် အရင် ထွန်းထွန်းမင်း ပြန်လာပြီပေါ့။ အရင်တိုင်းပဲရှိနေပြီ ဆိုတာ ပေါ်လွင်သွားမယ်။ ဒီပွဲကို နိုင်သွားပြီဆိုရင်တော့ သူတစ်ချိန်က ရှုံးခဲ့တဲ့ ဒေ့ဗ်ကို ပြန်လည်စိန်ခေါ်ထိုးသတ်ရမှာပါ”ဟု ပြောကြားသည်။

မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံလုပွဲ ကျင်းပရခြင်းရည်ရွယ်ချက်မှာ ကိုယ်အလေးချိန် ဝိတ်တန်းအလိုက် ချန်ပီယံများရွေးချယ်ပေးခြင်းဖြင့် ထူးချွန်ထက်မြက်သော ရိုးရာလက်ဝှေ့သမားများပေါ်ထွန်းလာရေး၊ မိုးရာသီကာလ လက်ဝှေ့ပွဲများ ရှားပါးသဖြင့် အချို့ကလပ်အသင်းများစုစည်းမှုပြိုကွဲပြီး လက်ဝှေ့သမားများ အခြားလုပ်ငန်းများသို့ ပြောင်းရွှေ့သွားခြင်းများရှိနေရာ ယခုကဲ့သို့ ကလပ်အသင်း နှစ်ဆယ်ကျော်မှ ရိုးရာလက်ဝှေ့သမား ၆၀ ပါဝင်သောပြိုင်ပွဲကြီးမျိုး ကျင်းပပေးခြင်းဖြင့် လက်ဝှေ့သမားများ လေ့ကျင့်မှု၊ စုစည်းမှုမပျက်ဘဲ အရှိန်မပျက် ကြိုးစားလေ့ကျင့်နိုင်ကြရန်၊ ရွက်ပုန်းသီးများ၊ နယ်မှအရည်အချင်းရှိသူများ၊ ကြိုးစားနေသော လက်ဝှေ့သမားများအတွက် ထင်ပေါ်ကျော်ကြားလာစေမည့် ပြိုင်ပွဲတစ်ခုဖြစ်ပြီး ရွှေခါးပတ်ချန်ပီယံဖြစ်ပါက ဆုကြေးများမြင့်တက်လာပြီး ငှားရမ်းမည့်သူများမှ အလုအယက်ငှားရမ်းလာမည့် လက်ဝှေ့သမားများအတွက် အခွင့်အလမ်းကောင်း တစ်ခုအဖြစ် ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

“မိုးတွင်းကာလအခုလို လက်ဝှေ့ပွဲတွေရှားသွားတဲ့အချိန်မှာ လက်ဝှေ့သမားတွေ ပွဲဝေးပြီး အခြားကို ရောက်သွားမှာစိုးတယ်။ ပြောရရင် အဖွဲ့အစည်းလေးတွေ ပြိုပျက်သွားမှာစိုးတယ်။ ဒါကြောင့် ကလပ်အသင်းတွေမှာရှိတဲ့ အကောင်းဆုံးလက်ဝှေ့သမားတွေကို ဖိတ်ခေါ်လိုက်တယ်။ ဒီရွှေခါးပတ်ချန်ပီယံလုပွဲက အကောင်းဆုံးတွေကို ရွေးချယ်ပြိုင်တာဖြစ်တဲ့အတွက် ကလပ်အသင်းတွေရဲ့အကောင်းဆုံး၊ အတော်ဆုံး လက်ဝှေ့သမားတွေဝင်ပြိုင်တာဆိုတော့ ပြိုင်ပွဲတိုင်း ပြင်းထန်ကြတယ်။ ရွှေခါးပတ်ချန်ပီယံဆိုတာ လက်ဝှေ့သမားတိုင်းရဲ့ အိပ်မက်ပဲ။ နောက်ဆုံး အသက်ကြီး အနားယူသွားတဲ့အထိ ချန်ပီယံဆိုတာ သူတို့ဂုဏ်ပုဒ်ပဲ။ အဲဒီတော့ သူတို့က ရွှေခါးပတ်ချန်ပီယံဆိုတဲ့ဘွဲ့ကို လိုချင်ကြတယ်။ ငွေကြေးကို အဓိကမထားဘဲ ရွှေခါးပတ်ချန်ပီယံဖြစ်ခဲ့ရင် အရင်ထိုးကြေးထက် တိုးပြီးပိုရတယ်။ ဒါ့အပြင် ပွဲဆက်တွေလည်း များလာမယ်။ ဒီပွဲကြီးမှာ ဆုကြေးချီးမြှင့်တဲ့ သိန်း ၃၀၀ နီးပါးကို ပါဝင်ယှဉ်ပြိုင်ထိုးသတ်မယ့် ကလပ် ၂၁ ခုက လက်ဝှေ့သမားတွေကို မျှပေးလိုက်တဲ့သဘောပဲ။ မိုးတွင်းမှာ ပြိုင်ပွဲရှိတဲ့အတွက် ကလပ်အသင်းအစုအဖွဲ့တွေ ဝါးစည်းဖြည်သလိုမဖြည်ဘဲနဲ့ မီးခဲပြာဖုံးလေးတွေ၊ ရွက်ပုန်းသီးလေးတွေ ပေါ်ထွက်လာမယ်။ ဒီချန်ပီယံခါးပတ်ပွဲက တစ်နှစ်တစ်ကြိမ်ပဲလုပ်တာဆိုတော့ ချန်ပီယံက တစ်ဦးပဲပေါ်ထွက်လာမှာဖြစ်တယ်။ ပေါ်ထွက်လာတဲ့ချန်ပီယံက နိုင်ငံတကာ လက်ဝှေ့သမားတွေ စိန်ခေါ်ယှဉ်ပြိုင်ထိုးသတ်ရင် သူတို့နဲ့ပဲတွဲပေးရမှာဖြစ်တယ်။ နှစ်အလိုက် ချန်ပီယံရွေးထားတဲ့ သဘောဖြစ်တယ်။ အဲဒီရည်ရွယ်ချက်နဲ့ ချန်ပီယံခါးပတ်ပွဲကို ကျင်းပတာပါ။ အရင်နှစ်က ရပြီးသားသူတွေကိုလည်း ချန်ပီယံကာကွယ်ခွင့်ပေးထားပါတယ်” ဟု ပွဲစီစဉ်သူ ဦးစိုင်းဇော်ဇော်က ထပ်မံရှင်းပြသည်။

ယနေ့စတင်ကျင်းပမည့် (၁၀) ကြိမ်မြောက် မြန်မာ့ရိုးရာလက်ဝှေ့ချန်ပီယံခါးပတ် ပြိုင်ပွဲကြီးတွင် ကွာတားဖိုင်နယ်ပွဲစဉ်များ၌ ရုံဝင်ကြေးအဖြစ် ငွေကျပ် ငါးထောင်၊ တစ်သောင်း၊ နှစ်သောင်း၊ သုံးသောင်း သတ်မှတ်ထားပြီး ဒုတိယနေ့ ထွန်းထွန်းမင်းနှင့် ဆိုင်းယော့တို့ အဓိကပွဲစဉ်အဖြစ် ယှဉ်ပြိုင်ထိုးသတ်မည့်နေ့တွင် ရုံဝင်ကြေးများကို ငွေကျပ် ရှစ်ထောင်၊ နှစ်သောင်း၊ သုံးသောင်းနှင့် ငါးသောင်း သတ်မှတ်ပေးထားကာ လက်မှတ်များကို ယင်းနေ့နံနက်ပိုင်းမှ စတင်ကာ သိမ်ဖြူလက်ဝှေ့ရုံတွင် စတင်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

“ကျွန်တော် ဆိုင်းယော့နဲ့ ယှဉ်ပြိုင်ထိုးသတ်ဖို့ကို တစ်လခွဲလောက် လေ့ကျင့်ပြင်ဆင်ခဲ့ပါတယ်။ ဒီပွဲအတွက် အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ထားပါတယ်။ ဆိုင်းယော့ရဲ့ အားသာချက်က ဘယ်ခြေကန်ချက်နဲ့ တံတောင်ရိုက်ချက်က အဓိကပါ။ သူက အဓိက ထိုင်းဖိုက်မှာပဲ ယှဉ်ပြိုင်ထိုးသတ်တာဖြစ်ပြီး မြန်မာ့ရိုးရာလက်ဝှေ့ကို တစ်ကြိမ်တစ်ခါမှ ယှဉ်ပြိုင်ထိုးသတ်ဖူးခြင်းမရှိသေးပါဘူး။ လက်ဝှေ့ဝါသနာရှင် ပြည်သူများ နှစ်သက်သဘောကျအောင် ဒီပွဲကို ကြိုးစားယှဉ်ပြိုင်ထိုးသတ်သွားမှာပါ။ လက်ရှိချန်ပီယံနဲ့ပတ်သက်လို့ ဘယ်လိုပဲဖြစ်ဖြစ် ဒီ ၂၀၁၈ ခုနှစ်ထဲမှာ ဒေ့ဗ်ကို ကျွန်တော်ပြန်လည်ယှဉ်ပြိုင်ထိုးသတ်သွားဖို့ရှိပါတယ်။ အကောင်းဆုံး ယှဉ်ပြိုင်ထိုးသတ်သွားမယ်လို့လည်း ယုံကြည်ထားတယ်။ ဒီပွဲပြီးရင် ပွဲစီစဉ်သူတွေနဲ့ စာချုပ်ချုပ်



ဆိုင်းယော့

ဆိုသွားမှာပါ။ ကျွန်တော်နားခဲ့တဲ့ နှစ်နှစ်ဝန်းကျင်မှာ ဆိုင်းယော့ကတော့ လစဉ်လိုလို ပြိုင်ပွဲ Training တွေ ရှိနေပါတယ်။ ကျွန်တော့်အနေနဲ့ တစ်ကျော့ပြန် ပထမဆုံး စင်ပေါ်ပြန်တက်ရမှာဆိုတော့ နည်းနည်းတော့အခက်တွေ့နိုင်ပါတယ်။ တကယ်တော့ ကျွန်တော်လက်ဝှေ့ပြန်မထိုးတော့ဘူးလို့ ဆုံးဖြတ်ထားတယ်။ ဒါပေမယ့် One Championship အဖွဲ့ဝင်လာပြီးနောက်ပိုင်း ရိုးရာလက်ဝှေ့ပွဲတွေမှာ ရုံဝင်လူနည်းတာတွေ့ရပြီး ရိုးရာလက်ဝှေ့ကို ပြန်လည်ယှဉ်ပြိုင်ထိုးသတ်ဖို့ ဆုံးဖြတ်လိုက်တယ်။ အရင် ကျွန်တော်တို့ ယှဉ်ပြိုင်ထိုးသတ်တုန်းက ပွဲတိုင်းလိုလို ရုံပြည့်ရုံလျှံတာတွေများတယ်။ ခုနောက်ပိုင်း ရိုးရာလက်ဝှေ့က ရုံဝင်ကြည့်ရှုသူ နည်းလာတာတွေ့ရတယ်။ ဒါကြောင့် ဒဏ်ရာအမြန်ပြန်လည်ကောင်းအောင်လေ့ကျင့်ပြီး ထိုးဖို့ဆုံးဖြတ်ခဲ့တာ။ ဆိုင်းယော့ကို စိန်ခေါ်ယှဉ်ပြိုင်ထိုးဖြစ်တာက မြန်မာ့ရိုးရာလက်ဝှေ့ကို နောင်မျိုးဆက်သစ်တွေအတွက် လူသိများလာဖို့ရည်ရွယ်ပြီး စိန်ခေါ်ထိုးသတ်ခဲ့တာပါ။ ဒီပွဲထိုးပြီးရင် နောက်နှစ်နှစ်လောက်ပဲ ကျွန်တော်ကစားတော့မယ်။ ပွဲအများကြီး မထိုးတော့ပါဘူး။ ဒီနှစ်နှစ်အတွင်းမှာ အခုလို နာမည်ကြီးလက်ဝှေ့သမားတွေကို စိန်ခေါ်ပြီး ယှဉ်ပြိုင်ထိုးသတ်တော့မယ်။ မြန်မာ့လက်ဝှေ့သမားတွေကို မသိကြဘူး။ ဒါကြောင့် ကမ္ဘာမှာ နာမည်ရနေတဲ့ လက်ဝှေ့သမားတွေကို ကျွန်တော်စိန်ခေါ်ယှဉ်ပြိုင်ထိုးသတ်ဖို့ ဆုံးဖြတ်ထားပါတယ်”ဟု ရိုးရာလက်ဝှေ့ပြိုင်ပွဲများမှ နှစ်နှစ်ဝန်းကျင်ဝေးကွာသွားသော လက်ဝှေ့ကျော် ထွန်းထွန်းမင်းက ပြောသည်။

မြန်မာ့ရိုးရာလက်ဝှေ့လောက၏ လက်ဝှေ့ကျော် ထွန်းထွန်းမင်း တစ်ကျော့ပြန် စိန်ခေါ်ယှဉ်ပြိုင်ထိုးသတ်မည့် ထိုင်းနိုင်ငံမှ ထိုင်းဖိုက်လက်ရွေးစင် ချန်ပီယံခါးပတ်ပိုင်ရှင် ဆိုင်းယော့သည် ထိုင်းဖိုက်ပြိုင်ပွဲများတွင် နာမည်ကျော် လက်ဝှေ့သမားကောင်းတစ်ဦးဖြစ်ပြီး အထူးသဖြင့် ဘယ်ခြေကန်ချက်နှင့် တံတောင်ရိုက်ချက်များတွင် သူမတူထူးချွန်သော လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။ သို့ဖြစ်၍ နှစ်နှစ်ဝန်းကျင် လက်ဝှေ့ပြိုင်ပွဲများနှင့် အဆက်ပြတ်နေသော ထွန်းထွန်းမင်းအနေဖြင့် တစ်ကြိမ်တစ်ခါမှ ရိုးရာလက်ဝှေ့ကို ယှဉ်ပြိုင်ထိုးသတ်ဖူးခြင်းမရှိသေးသည့် ထိုင်းဖိုက်လက်ဝှေ့ကျော် ဆိုင်းယော့ကို အမှန်တကယ်ပဲ လွှမ်းမိုးအနိုင်ယူနိုင်မလား များမကြာမီလာမည့် ဇူလိုင် ၂၂ ရက်တွင် အဖြေပေါ်ထွက်လာတော့မည်ဖြစ်သည်။ ။



# တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အခြေခံပညာသင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲရေး အောင်မြင်စွာ ဆောင်ရွက်နိုင်ပြီ

**စစ်တွေ ဇူလိုင် ၂၀**

ပညာရေးဝန်ကြီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA -ဂျိုက်ကာ)တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရခိုင်ပြည်နယ်အပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အခြေခံပညာသင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲရေးကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း ဂျိုက်ကာ(မြန်မာ)ရုံးမှ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Mr. Masayuki KARASAWA က ပြောသည်။

စစ်တွေမြို့မင်းဂံရပ်ကွက် အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း၌ ဂျပန်အစိုးရအထောက်အပံ့ဖြင့် ဆောက်လုပ်ပေးသော ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားတွင် ဂျိုက်ကာဌာနေကိုယ်စားလှယ်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ အခြေခံပညာသင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲရေး စီမံချက်အောက်တွင် လုပ်ဆောင်လျက်ရှိသော ယမန်နှစ်ကထုတ်ဝေခဲ့သော Grade 1 ဖတ်စာအုပ်များနှင့် ယခုနှစ် ဇွန် ၁ ရက်တွင် စတင်ထုတ်ဝေခဲ့သော Grade 2 ဖတ် စာအုပ်သစ်များနှင့်လည်း မိတ်ဆက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း ရခိုင်ဒေသပညာရေး အဆင့်အတန်းမြင့်မားရေးအတွက် ကျောင်းဆောင်သစ်များနှင့် အတူ သင်ရိုးညွှန်းတမ်းဖတ်စာအုပ်သစ်များကို JICA က ပညာရေးဝန်ကြီးဌာနသို့ ပံ့ပိုးကူညီပေးလျက်ရှိကြောင်း ယနေ့ ၂ ဒသမ ၃ သန်းသော မြန်မာနိုင်ငံတစ်ဝန်း Grade 1 နှင့် Grade 2 ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအား JICA ထောက်ပံ့သော သင်ရိုးသစ်ဖတ်စာအုပ်များဖြင့် စတင်သင်ကြားပေးနေခြင်းဖြစ်ကြောင်း ၎င်းကထပ်လောင်း ပြောကြားသည်။

၂၀၁၄ ခုနှစ်ကတည်းက ကျောင်းသုံးဖတ်စာအုပ်များနှင့် ဆရာလမ်းညွှန်စာအုပ်များ ရေးဆွဲရေးတွင်လည်းကောင်း၊ ပညာရေးကောလိပ်ရှိ ဆရာ ဆရာမများအား လေ့ကျင့်သင်ကြားပေးရေးနှင့် အကဲဖြတ်စနစ်ပြုပြင်ပြောင်းလဲရေးတို့အတွက်လည်းကောင်း၊ ဂျပန်နိုင်ငံမှ ပညာရှင် ၄၀ ကျော်တို့နှင့်အတူ ပညာရေးဝန်ကြီးဌာန၏ မူလတန်းအဆင့်သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲရေးကို JICA မှ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ သင်ရိုးညွှန်းတမ်းဖတ်စာအုပ်သစ်များသည် ကလေးများ လက်တွေ့လုပ်ဆောင်ခြင်း၊ တွေးခေါ်စဉ်းစားနိုင်ခြင်း၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူအချင်းချင်း ဆက်သွယ်ပြောဆိုနိုင်မှုတို့ကို အလေးထားထည့်သွင်း ဆောင်ရွက်ထားကြောင်း သိရသည်။

ယင်းသင်ရိုးညွှန်းတမ်း အကြိုလေ့လာဆန်းစစ်ချက် အနေဖြင့် အပြုသဘောဆောင်သက် ရောက်မှုများကို ညွှန်ပြနေပြီး အကျိုးသက်ရောက်မှုခြုံလေ့လာချက် Impact



Survey & ယခု စနစ်သစ်ဖြင့်သင်ကြားသော Grade 1 ကျောင်းသား ကျောင်းသူများ၏ သချ်ာရမှတ်များမှာ ယခင်စနစ်ဟောင်းထက် ရမှတ်များ ပိုမိုကောင်းမွန်လာသည့်အတွက် စနစ်သစ်သင်ရိုး ညွှန်းတမ်းသည် အောင်မြင်သော ပြုပြင်ပြောင်းလဲမှုဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-မြင့်မောင်စိုး**

## ဘားအံ၌ အစာမကြေရောဂါအကြောင်း တိုင်းရင်းဆေးပညာရပ်ဖြင့် ပညာပေးဆွေးနွေး

**ဘားအံ ဇူလိုင် ၂၀**

ကရင်ပြည်နယ်တိုင်းရင်းဆေးဆရာအသင်းနှင့် ခုတင်(၅၀)ဆံ့ ဘားအံတိုင်းရင်းဆေးရုံတို့ပူးပေါင်း၍ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာစဉ်ဆက်မပြတ်ပညာပေး (CTME) အစီအစဉ်ဖြင့် မြန်မာ့တိုင်းရင်းဆေးကုထုံးများနှင့် ဆေးဝါးများပေါ်ထွက်လာစေရေးအတွက်ရည်ရွယ်ကာ အစာမကြေပိုက်အောင့်ရောဂါအကြောင်းနှင့် ကုထုံးများအကြောင်း ပြည်သူများအားအသိပညာပေးစာတမ်းဖတ်ခြင်းနှင့် ဆွေးနွေးခြင်းကို ဇူလိုင် ၂၀ ရက်က ခုတင်(၅၀)ဆံ့ တိုင်းရင်းဆေးရုံတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သဘာပတိကရင်ပြည်နယ်တိုင်းရင်းဆေးဆရာအသင်းမှ ဦးတင်အေးက အမှာစကားပြောကြားပြီးနောက် အစာမကြေခြင်းကြောင့်ဖြစ်တတ်သည့်ပိုက်အောင့်ပိုက်နာရောဂါအကြောင်းသိကောင်းစရာများဖြစ်သည့် ဖြစ်ပွားတတ်သည့်အကြောင်းအရင်းလက္ခဏာ၊ အစားအသောက်အပြုအမူများ၊ ရောဂါအားတိုင်းရင်းဆေးပညာဖြင့် ပြုစုစောင့်ရှောက်ကုထုံးများ၊ ဆေးဖက်ဝင်အပင်များဖြင့်ကုသခြင်းနှင့် ဆောင်ရန် ရှောင်ရန်အချက်များအား ဘားအံမြို့နယ်တိုင်းရင်းဆေးဦးစီးဌာန လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်မေသင်ဇာဝင်းနှင့် ခုတင်(၅၀)ဆံ့ ဘားအံတိုင်းရင်းဆေးရုံမှ တိုင်းရင်းဆေးမှူး ဒေါ်ချောစုလှိုင်တို့က စာတမ်းဖတ်ကြားကြသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## စပါးဖျက်ရွှေခရုအန္တရာယ်ကာကွယ်ရေး အသိပညာပေး

**ဝါးခယ်မ ဇူလိုင် ၂၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများအနေဖြင့် စပါးဖျက်ရွှေခရုအန္တရာယ်ကာကွယ်နှိမ်နင်းမှုများ ထိရောက်စွာဆောင်ရွက်နိုင်စေရန် အသိပညာပေးဆွေးနွေးမှုနှင့် လယ်ယာမြေများ၌ ကျရောက်နေသော ရွှေခရုများအား စုပေါင်းကောက်ခြင်းကို ဇူလိုင် ၁၈ ရက်က ကံကွင်းကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အသိပညာပေးဟောပြောပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ပိုးမွှားတာဝန်ခံ ဦးဝင်းစိုး၊ ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်၊ မြို့နယ်ဦးစီးမှူး ဦးချစ်ကိုနိုင်တို့က စပါးဖျက် ရွှေခရုအန္တရာယ်အကြောင်း၊ နောက်ဆက်တွဲဆိုးကျိုးများ၊ ရွှေခရုများနှင့် ယင်းတို့၏ဥများ ကောက်ယူဖျက်ဆီးခြင်း၊ သဘာဝဆေးဝါး၊ ဓာတုဆေးဝါးများဖြင့် နှိမ်နင်းခြင်းတို့ကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပေးကာ တက်ရောက်လာသော ကြာဖြူကျေးရွာ၊ သဲကုန်းကျေးရွာ၊ ကံကွင်းကျေးရွာနှင့် စိတ်ပါဝင်စားသော တောင်သူလယ်သမားများက သိလိုသည်များကို ပြန်လည်ဆွေးနွေးမေးမြန်းခဲ့ကြောင်း သိရသည်။

ထို့နောက် တက်ရောက်လာသော စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်တို့မှ ဝန်ထမ်းများ၊ ဒေသခံတောင်သူလယ်သမားများက ကံကွင်းကျေးရွာရှိ လယ်ယာမြေများ၌ ကျရောက်နေသော ရွှေခရုများ၊ ယင်းတို့၏ ဥများအား လိုက်လံကောက်ယူပြီး ဖျက်ဆီးပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



## ကျောက်မဲမြို့၌ လမ်းပေါ်တွင်ရောင်းချနေသော နံနက်ခင်းပျံကျဈေးတန်း ရွှေ့ပြောင်းရေးဆွေးနွေး

**ကျောက်မဲ ဇူလိုင် ၂၀**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့ မင်္ဂလာဈေးရှေ့မှစ၍ ရွှေဖီဦးလမ်းတစ်လျှောက် ရောင်းချနေသော နံနက်ခင်းပျံကျဈေးတန်း ရွှေ့ပြောင်းရေးနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၁၈ ရက်က အမှတ်(၁) ရပ်ကွက်ရှိ မြို့ကျက်သရေဆောင်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်းက အမှာစကားပြောကြားပြီး စည်ပင်အမှုဆောင်အရာရှိ ဦးမြတ်ခန့်အေးက နံနက်ခင်းပျံကျဈေးတန်း ရွှေ့ပြောင်းရေးနှင့်ပတ်သက်၍ မြို့အဂ်ါရပ်နှင့်အညီ ပျံကျဈေးတန်းတွင် ဈေးရောင်းသူ၊ ဈေးဝယ်သူများ စနစ်တကျရောင်းဝယ်နိုင်ရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး၊ လမ်းပိတ်ဆို့မှုမရှိစေရေး ၊ ကျူးကျော်ရောင်းချမှုမရှိစေရေးတို့အတွက် ပထမအဆင့်အနေဖြင့် ဇူလိုင် ၉ ရက်မှစ၍ ရွှေဖီဦးလမ်း ပျံကျဈေးတွင် ရောင်းချနေသည့် သားငါးဆိုင်များကို မင်္ဂလာဈေးအတွင်း သတ်မှတ်ထားသည့် အသားရုံတွင်သာ ပျံကျတည်ခင်းရောင်းချစေခဲ့ပြီး အများပြည်သူစားသုံးရန်မသင့်သော အအေးခဲ၊ ရက်လွန် သားငါးများ၊ မလတ်ဆတ်သော သားငါးများ ရောင်းချခြင်းမပြုရန် ၊ သန့်ရှင်းသပ်ရပ်စွာ ရောင်းချရန်၊ လက်ရှိရောင်းချနေသည့် ပျံကျဈေးသည်များကို စက်တင်ဘာ ၂၂ ရက်မှစ၍ ကျောက်မဲမြို့ချယ်ရီလမ်း ၊ မင်္ဂလာဈေးရှေ့မျက်နှာစာနှင့် ဈေးအတွင်းတွင်သာ ရောင်းချခွင့်ပြုတော့မည်ဖြစ်ပြီး နံနက် ၇ နာရီခွဲအထိသာ ရောင်းချခွင့်ပြုမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။



အဆိုပါ ဆွေးနွေးပွဲသို့ မင်္ဂလာဈေးအတွင်းမှ ဈေးသူဈေးသားများ ၊ ပျံကျဈေးတန်းတွင် ရောင်းချနေသော ဈေးသည်များ ၂၈၀ ခန့် တက်ရောက်ခဲ့ကြပြီး ဈေးရောင်းချသည့်သူများက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ စည်ပင်အမှုဆောင်အရာရှိက ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့သည်။

ဆက်လက်၍ မင်္ဂလာဈေးအတွင်း လစ်လပ်လျက်ရှိသော ဆိုင်ခန်း ၁၁၀ ခန်းနေရာတွင် ဈေးရောင်းချရန်ဆန္ဒရှိသူများကို မဲစနစ်ဖြင့် ပွင့်လင်းမြင်သာစွာ နေရာချထားပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မင်းဘူး(စကု) မြို့နယ်တွင် ပဲတီစိမ်းမျိုးစေ့ထုတ်သမအသင်းအတွက် ကျပ်သိန်း ၃၀၀ ထုတ်ချေး

**မင်းဘူး ဇူလိုင် ၂၀**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် သီးကုန်းကျေးရွာတွင် ၂၀၁၈ ခုနှစ် မိုးရာသီအတွင်း စိုက်ပျိုးရေးဦးစီးဌာနနှင့် သမဝါယမဦးစီးဌာနတို့ပူးပေါင်းပြီး ပဲတီစိမ်းမျိုးစေ့ထုတ် သမအသင်းအား အကျိုးဆောင် တောင်သူ ၂၉ ဦးဖြင့် ဧက ၁၀၀ ဆောင်ရွက်လျက်ရှိပြီး ဇူလိုင်လအတွင်းပဲတီစိမ်း ဧက ၁၀၀ မျိုးစေ့ထုတ်မည့် တောင်သူ ၂၉ ဦးအား ဇူလိုင် ၁၈ ရက်တွင် တစ်ဧကလျှင် ငွေကျပ်သုံးသိန်းနှုန်းဖြင့် ငွေကျပ်သိန်း ၃၀၀ကို ထပ်မံထုတ်ချေးပေးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းနိုင်ဝင်းထံမှ သိရသည်။

မင်းဘူး(စကု) မြို့နယ်အတွင်းမှ စိုက်ပျိုးရေးဦးစီးဌာနနှင့် သမဝါယမ ဦးစီးဌာနတို့ပူးပေါင်းပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်းက ကျေးရွာအုပ်စု ၁၀ အုပ်စုမှ မျိုးစေ့ထုတ်ခြင်းလုပ်ငန်းကို စိတ်ဝင်စားသော၊ နည်းပညာကို လက်ခံလိုက်နာဆောင်ရွက်နိုင်သော၊ စီးပွားရေးအသင့်အတင့်ရှိသော တောင်သူများကို စုစည်းပြီး နမ္မဒါမျိုးစေ့ထုတ်လုပ်ရေးအသင်း (SGA) ကိုဖွဲ့စည်းပေးနိုင်ခဲ့ပြီး သမဝါယမဦးစီးဌာနမှ အဆိုပါအဖွဲ့အား မှတ်ပုံတင်ပြီးမျိုးစေ့ထုတ်ခြင်းဆောင်ရွက်မည့်လုပ်ငန်းအတွက် တစ်ဧကလျှင် ငွေကျပ်သုံးသိန်းနှုန်းဖြင့် ဧက ၁၄၀ အတွက် ငွေကျပ်သိန်း ၄၂၀ အား နှစ်ရှည်ချေးငွေ ထုတ်ချေးပေးခဲ့ကြောင်း၊ ယခုနှစ်ဇူလိုင်လအတွင်းပဲတီစိမ်း ဧက ၁၀၀ မျိုးစေ့ထုတ်မည့် တောင်သူ ၂၉ ဦးအား ဇူလိုင် ၁၈ ရက်တွင် တစ်ဧကလျှင် ငွေကျပ်သုံးသိန်းနှုန်းဖြင့် ငွေကျပ်သိန်း ၃၀၀ကို ထပ်မံထုတ်ချေးပေးနိုင်ခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်အတွင်း မျိုးစေ့ထုတ်သမအသင်းနှစ်သင်း ဖွဲ့စည်းပြီး စုစုပေါင်း ငွေကျပ်သိန်း ၇၂၀ နှစ်ရှည်ချေးငွေထုတ်ချေးပေးနိုင်ခဲ့ကြောင်း သိရသည်။

မင်းဘူး(စကု) မြို့နယ်အတွင်း စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့် မျိုးစေ့များ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိဒေသအတွင်းရေ၊ မြေဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ အလွယ်တကူရရှိနိုင်စေရန်၊ သီးနှံစိုက်ပျိုးချိန်တွင် မျိုးစေ့ဈေးနှုန်းမှန်ကန်စွာနှင့် အချိန်မီရရှိစိုက်ပျိုးနိုင်စေရန်၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးခြင်းဖြင့် အရည်အသွေးကောင်းသောဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် စိုက်ပျိုးရေးထုတ်ကုန်များရရှိပြီး တောင်သူဝင်ငွေတိုးစေရန်တို့အတွက် ယခုကဲ့သို့ မျိုးစေ့ထုတ် သမအသင်းများ ဆောင်ရွက်နေတာဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးထံမှ သိရသည်။

"ကျွန်တော်တို့ မျိုးစေ့ထုတ်တောင်သူများအနေဖြင့် စိုက်ပျိုးရေးဦးစီးဌာနအကူအညီနဲ့ ပဲတီစိမ်းရေဆင်း(၁၄) မျိုးစေ့များရရှိခဲ့ကြောင်း၊ သမဝါယမဦးစီးဌာန အကူအညီနဲ့ တစ်ဧကကို ငွေကျပ်သုံးသိန်းနှုန်းဖြင့် ခြောက်လတစ်ကြိမ် အတိုးအရင်းဆပ်စနစ်နဲ့ နှစ်ရှည်ချေးငွေများလည်းရရှိခဲ့ပါကြောင်း၊ အခုလိုကူညီဆောင်ရွက်ပေးတဲ့အတွက် စိုက်ပျိုးရေးနဲ့ သမဦးစီးဌာနများကိုလည်း ကျေးဇူးတင်ပါကြောင်း၊ ပဲတီစိမ်းမျိုးကောင်း မျိုးသန့်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာပေးတဲ့အတိုင်း ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ထို့အတူစိုက်ပျိုးထုတ်လုပ်ရရှိသော မျိုးသန့်များကိုလည်း အသင်းအဖွဲ့ရဲ့ ဆုံးဖြတ်ချက်များအတိုင်း ဖြန့်ဖြူးဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း" သီးကုန်းကျေးရွာမှ တောင်သူဦးမျိုးညွှန့်ဦးက ပြောပြ၍ သိရသည်။

**မျိုးမြတ်(မင်းဘူး)**



# တနင်္သာရီမြို့နယ် ရေဘေးသင့်ပြည်သူများအား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ထောက်ပံ့လှူဒါန်း



**တနင်္သာရီ ဇူလိုင် ၂၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်အတွင်း မိုးအဆက်မပြတ်ဆက်တိုက်ရွာသွန်းနေသဖြင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိရာ ရေကြီးနစ်မြုပ်ခဲ့၍ ရိပ်သာကျောင်းရှိ ယာယီရေဘေးကယ်ဆယ်ရေးစခန်းတွင် ခိုလှုံနေကြရသော ရေဘေးသင့်ပြည်သူများအား ဇူလိုင် ၁၉ ရက်က မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဇာခြည်အောင် ဦးဆောင်သော အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက ထမင်းထုပ်နှင့်စားသောက်ဖွယ်ရာများကို သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ချောင်းငယ်ရပ်ကွက် မွန်စု-သီတာလမ်း ရိပ်သာကျောင်းတိုက်အတွင်းရှိ ရေဘေးသင့်ပြည်သူ၊ ကလေးနှင့် လူကြီး ၁၁၅ ဦးတို့အား ထမင်းထုပ်နှင့်စားသောက်ဖွယ်ရာများကို မြို့နယ်အစီအစဉ်အရ သွားရောက်ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေး

**ပွင့်ဖြူ ဇူလိုင် ၂၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးဇော်ရာဦးဆောင်သောဝန်ထမ်းများအဖွဲ့သည် ဇူလိုင် ၁၈ ရက်က ပွင့်ဖြူမြို့နယ် လယ်ကိုင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ လက်ဝယ်ကိုင်ဆောင်ခွင့်ရရှိရေး ကွင်းဆင်းပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

၎င်းနောက် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးမှ ဝန်ထမ်းများအဖွဲ့က လယ်ကိုင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှိ အသက် ၁၀ နှစ်ပြည့် ကျား ၄၈ ဦး၊ မ ၆၀ စုစုပေါင်း ၁၀၈ ဦးအား အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးခြင်းကိုလည်းကောင်း၊ လယ်ကိုင်းကျေးရွာရှိ ဒေသခံကျေးလက်နေပြည်သူ ကျား ၁၁ ဦး၊ မ ၁၄ ဦး စုစုပေါင်း ၂၅ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးခြင်းကိုလည်းကောင်းဆောင်ရွက်ပေးကြရာ မြို့နယ်ဦးစီးမှူး ဦးဇော်ရာက ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို အမြန်လက်ဝယ်ကိုင်ဆောင်ခွင့်ရရှိရေး စနစ်တကျဆောင်ရွက်ပေးသွားရန် ရှင်းလင်းဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# အင်ဂျင်နီယာကဏ္ဍတိုးတက်ရေး အင်ဂျင်နီယာကောင်စီနှင့် အသိအမှတ်ပြုလက်မှတ်ရ အင်ဂျင်နီယာများဆွေးနွေး

**ရန်ကုန် ဇူလိုင် ၂၀**

မြန်မာနိုင်ငံ အင်ဂျင်နီယာကဏ္ဍ တိုးတက်မြင့်မားရေး အင်ဂျင်နီယာကောင်စီနှင့် အသိအမှတ်ပြုလက်မှတ်ရ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ်(PE)၊ မှတ်ပုံတင်အကြီးတန်း အင်ဂျင်နီယာလက်မှတ် (RSE)၊ မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်



မြန်မာနိုင်ငံ အင်ဂျင်နီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် တွေ့ဆုံဆွေးနွေးကြစဉ်။

(RE) ရရှိထားပြီးသူများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီရုံး Function Hall ၌ ကျင်းပသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယက၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဝင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီအသိအမှတ်ပြု PE၊ RSE နှင့် RE လက်မှတ်ရ အင်ဂျင်နီယာ စုစုပေါင်း ၂၅၀ ကျော် တက်ရောက်ဆွေးနွေးကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌက မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ မျက်မှောက်ကာလဆောင်ရွက်နေမှုကိစ္စရပ်များကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ (၁) က Category of Engineering နှင့် Scope of Rgulated Engineering Works ကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ (၂) က Engineering Practice related to Public Safety ကိစ္စရပ်များကိုလည်းကောင်း၊ မှတ်ပုံတင်လက်မှတ်စိစစ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက Scope for Engineering Services ကိစ္စရပ်များကိုလည်းကောင်း အသီးသီးရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော PE၊ RSE နှင့် RE လက်မှတ်ရ အင်ဂျင်နီယာများက သိလိုသည်များကို ဆွေးနွေးမေးမြန်းရာ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင်များက မိမိတို့ တာဝန်ယူဆောင်ရွက်နေမှုများကို ကဏ္ဍအလိုက်အသီးသီးပြန်လည်ရှင်းလင်းဆွေးနွေးဖြေကြားသည်။

**သတင်း-မင်းခေတ်၊ ဓာတ်ပုံ- မိုးမခ**

# ပင်လည်ဘူးမြို့၌ စာပေချစ်သူ(BOOK CLUB)အသင်း စာဖတ်ဝိုင်းကျင်းပပြုလုပ်

**ပင်လည်ဘူး ဇူလိုင် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေချစ်သူ (BOOK CLUB)အသင်းတို့ဦးဆောင်ပြီး လူငယ်လူရွယ်များ စာပေကိုစိတ်ဝင်စားပြီး စာဖတ်အားကောင်း၍ စာပေ၏တန်ဖိုးကို သိရှိနားလည်စေရန်အတွက် စာဖတ်ဝိုင်းကို ဇူလိုင် ၁၉ ရက် မွန်းလွဲ ၁၂ နာရီတွင် မြို့နယ်ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး Community Center ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ စာဖတ်ဝိုင်းတွင် မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်တင်တင်စိုး၊ စာပေချစ်သူ (BOOK CLUB)အသင်း၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ စာရေးဆရာ မောင်လွန်းမြိုင်(ပင်လည်ဘူး)နှင့်စာရေးဆရာများ၊ စာပေဝါသနာရှင်များ တက်ရောက်ပြီး မြို့နယ်ပြန်/ဆက် ဦးစီးမှူးက စာရေးဆရာမ မြသင်းရီ(ပင်လည်ဘူး)၏ မေတ္တာလမ်းမှ နှောင်းနှောင်တဝတ္ထုရှည်အား ဖတ်ရှုပြောကြားကာ တက်ရောက်လာကြသည့် စာပေဝါသနာရှင်များက ယင်းစာအုပ်မှရရှိသော သုတရသ နာယူမှတ်သားဖွယ်ရာများ၊ ဆောင်ရန်ရှောင်ရန်နှင့် သင်ခန်းစာယူစရာများ၊ တွေးတောဆင်ခြင်ဖွယ်ရာများ ၊ စာပေရဲ့နှလုံးသားအာဟာရများကို ဖတ်ရှုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မျိုးလွင်(ပင်လည်ဘူး)**

# မတ္တရာမြို့နယ်တွင် သက်ငယ်မုဒိမ်းမှုလျော့နည်းကျဆင်းရေး အသိပညာပေးဟောပြော

**မတ္တရာ ဇူလိုင် ၂၀**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်ရှိ အခြေခံပညာကျောင်းနှင့် ကျေးရွာများတွင် သက်ငယ်မုဒိမ်းလျော့နည်းကျဆင်းရေး၊ မှုခင်းကျဆင်းရေးလုပ်ငန်းစဉ်များ၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၉ ရက်က ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ရေနံ့သာနယ်မြေရဲစခန်း ဒုရဲအုပ်ဝင်းထွန်းနိုင်နှင့်တပ်ဖွဲ့ဝင်များသည် တံငါတောင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ မှုခင်းကျဆင်းရေးလုပ်ငန်းစဉ်အဆင့်အဆင့်၊ သက်ငယ်မုဒိမ်းလျော့နည်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအကြောင်းကို အသိပညာပေးဟောပြောပြီး မှုခင်းကျဆင်းရေးအသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ အလားတူ ယင်းနေ့ မွန်းလွဲပိုင်းက ဆည်တော်ကြီးနယ်မြေရဲစခန်းဒုရဲအုပ် နောင်နောင်ဝင်းနှင့်အဖွဲ့ဝင်များသည် စလေကျေးရွာအုပ်စု သပြေအိုက်ကျေးရွာ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် မှုခင်းကျဆင်းရေးအသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပြီး မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးခြင်းများ ဟောပြောဆောင်ရွက်ခဲ့သည်။

ထို့အတူ ယင်းနေ့ ညနေ ၄ နာရီခွဲက မတ္တရာမြို့မရဲစခန်း ဒုရဲမှူး ခင်ဝင်းဇော်နှင့် တပ်ဖွဲ့ဝင် များသည် ပန်းယုကျေးအုပ်စုအုပ်ချုပ်ရေးမှူး ဦးစောမောင်နှင့်အတူ ၃၄၅ အုတ်စက်အတွင်းရှိ အုတ်စက်လုပ်သားများအား သက်ငယ်မုဒိမ်းလျော့နည်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးခြင်းနှင့် မှုခင်းကျဆင်းရေးလုပ်ငန်းများကို ဟောပြောခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# တပ်ကုန်းမြို့နယ်၌ ကိုယ့်အားကိုယ်ကိုး ထရန်စဖော်မာဖွင့်

**တပ်ကုန်း ဇူလိုင် ၂၀**

နေပြည်တော် တပ်ကုန်းမြို့နယ် ကံလုအုပ်စု ဂါတ်ကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်ဓာတ်အားပေး ထရန်စဖော်မာဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၇ ရက်က ကျင်းပပြုလုပ်ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ထို့နောက် ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သိန်းက ဂါတ်ကုန်းကျေးရွာသည် အိမ်ခြေ ၁၈၀ ကျော်ရှိပြီး လျှပ်စစ်မီးရရှိပါက စက်မှုလုပ်ငန်းများတိုးတက်ပြီး ကျောင်းသား ကျောင်းသူများ၊ ကျေးရွာသူ ကျေးရွာသားများ လူနေမှုဘဝတိုးတက်လာမည်ဖြစ်ကြောင်း၊ နဂါးတံခွန်ကုမ္ပဏီမှ ဦးဟန်ဝင်းအောင်က စုစုပေါင်းကုန်ကျငွေကျပ် သိန်း ၅၇၀ ကျော်ကုန်ကျပြီး လူထုဗဟိုပြု ကျေးလက်ဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ် သိန်း ၁၀၀ ကျော်နှင့် ပြည်သူလူထု ထည့်ဝင်ငွေကျပ် သိန်း ၄၇၀ ကျော်ကုန်ကျခဲ့သည်။

**တင်ထွန်းတာ(တပ်ကုန်း)**

# မကွေးမြို့တွင် (၇၁)နှစ်မြောက် အာဇာနည်နေ့၌ မကွေးဂုဏ်ရည်ဆုရှင်နှစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

**မကွေး ဇူလိုင် ၂၀**

မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် မကွေးပရဟိတအသင်းကြီးမှ မကွေးဂုဏ်ရည်ဆုရှင်နှစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်ပေးခြင်းကို ဇူလိုင် ၁၉ ရက်တွင်ကျရောက်သည့်(၇၁)နှစ်မြောက် အာဇာနည်နေ့၌ မကွေးမြို့ အထက(၁)လမ်းဘေးကန်သာဈေးအနီးတွင် မဏ္ဍပ်ထိုး၍ ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ၍ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်ဟု သိရသည်။

အဆိုပါ မကွေးဂုဏ်ရည်ဆုချီးမြှင့်ခြင်းအခမ်းအနားကို မကွေးပရဟိတအသင်းကြီးတည်ထောင်ခြင်း ခြောက်နှစ်ပြည့်မြောက်သည့် ၂၀၁၈ ခုနှစ် ဇူလိုင်လမှစတင်ကာ မကွေးမြို့နယ်အတွင်းရှိ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်အားကိုယ်ကျိုးမငဲ့ဘဲ ပရဟိတစိတ်အပြည့်ဖြင့် ကူညီပေးနိုင်သည့် လူပုဂ္ဂိုလ်နှစ်ဦးကို ဇူလိုင်လရောက်တိုင်း နှစ်စဉ်ရွေးချယ်ကာ မကွေးမြို့ကြီး ဂုဏ်မြင့်အောင် စွမ်းဆောင်နိုင်သူများအဖြစ် သတ်မှတ်၍ ဂုဏ်ပြုဆုငွေချီးမြှင့်ပေးအပ်သွားမည်ဖြစ်ပြီး ဇူလိုင် ၁၉ ရက်တွင်လည်း မကွေးဂုဏ်ရည်ဆုရှင်လူပုဂ္ဂိုလ် နှစ်ဦးဖြစ်သော ယာဉ်ထိန်းရဲတပ်ကြပ်ကြီး ခင်မောင်စိုးနှင့် ယာဉ်ထိန်းရဲမေတပ်သား ပပဝင်းတို့ကို မကွေးဂုဏ်ရည်ဆုရှင်များအဖြစ် ဆုချီးမြှင့်ပေးအပ်ခဲ့ကြောင်း မကွေးပရဟိတအဖွဲ့မှ ဦးမိုးထံက သိရသည်။

မကွေးဂုဏ်ရည်ဆုချီးမြှင့်ရာတွင် မကွေးဂုဏ်ရည်ဆုရှင်ပထမအဆင့် ယာဉ်ထိန်းရဲတပ်ကြပ်ကြီး ခင်မောင်စိုးအား ငွေကျပ်သုံးသိန်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုပန်းချီကား၊ ဂုဏ်ပြုပန်းစည်းနှင့် မကွေးဂုဏ်ရည် ဒုတိယအဆင့် ယာဉ်ထိန်းရဲမေတပ်သား ပပဝင်းအား ငွေကျပ်နှစ်သိန်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုပန်းချီကား၊ ဂုဏ်ပြုပန်းစည်းတို့ကို မကွေးပရဟိတအဖွဲ့ဝင်များက ပေးအပ်ခဲ့ကြသည်ဟု သိရသည်။

မကွေးဂုဏ်ရည်ဆုရှင် ပထမအဆင့်ရရှိသူ ယာဉ်ထိန်းရဲတပ်ကြပ်ကြီး ခင်မောင်စိုးက "ကျွန်တော်ကတော့ ကိုယ့်တာဝန်ကိုယ် ပုံမှန်အတိုင်းပဲထမ်းဆောင်ခဲ့တာပါ၊ တာဝန်ချိန်မဟုတ်လည်း သာရေးတို့၊ နာရေးတို့မှာ အကူအညီတောင်းရင်လည်း လိုက်ပြီးတော့ ကူညီပြီးတာဝန်ထမ်းဆောင်တာမျိုးတွေရှိတာပါ။ အခုလို ဆုရတော့ အံ့သြတာပေါ့၊ ဝမ်းလည်းသာတာပေါ့၊ သုံးလပိုင်း လောက်ကလည်း ရွှေခရာကြီးလာပြီး ချီးမြှင့်ခဲ့တာရှိတယ်။ မကွေးပရဟိတအဖွဲ့ကပဲ လာချီးမြှင့်တာပါ။ အခုတာဝန်ကျတဲ့နေရာမှာလေ ကြိုတင်ပြီး အကြောင်းကြားထားတာလည်းမရှိဘူး။ တာဝန်ကျတဲ့နေရာလာပြီးတော့ ရွှေခရာကြီးချီးမြှင့်သွားတာ၊ အခုဟာကဂုဏ်ပြုဆုချီးမြှင့်ခံရတာ နှစ်ကြိမ်မြောက်ပါ။ ကျေးဇူးလည်းတင်ပါတယ်။ ကိုယ်လုပ်တာပင်ပန်းတာတော့ ပင်ပန်းတာပေါ့။ အခုလိုပြည်သူကနေအသိအမှတ်ပြုတော့ အလွန်ဝမ်းသာတယ်"ဟု ပြောသည်။

မကွေးဂုဏ်ရည်ဆုဒုတိယအဆင့်ရရှိသူယာဉ်ထိန်းရဲမေတပ်သား ပပဝင်းက "သမီးက တကူးတကကြီး လမ်းပေါ်မှာနေတာမျိုးတော့မဟုတ်ဘူး။ တာဝန်ချထားတဲ့နေရာမှာရယ်လို့တော့ မဟုတ်ဘူး။ ဘယ်နေရာမှာပဲဖြစ်ဖြစ် တွေ့တဲ့နေရာမှာ ယာဉ်ကြောရှုပ်နေရင် ဝင်ရှင်းတဲ့ အကျင့်ရှိတယ်။ ယူနီဖောင်းပါတယ်ဆိုရင် တွေ့တဲ့နေရာမှာ ဝင်ရှင်းလိုက်တယ်။ အဲဒီလိုမျိုးတွေကို တော်တော်များများက သိတာများတယ်။ အဲဒါကြောင့်မို့လို့ သူတို့တွေအကုန်လုံးက သမီးကိုအကောင်းမြင်ပြီးတော့ ကောင်းတာလေးတွေပဲပြောကြတယ်။ အဲဒီအတွက် သမီးပင်ပန်းရကျိုးနပ်တယ်။ လုပ်ရကျိုးနပ်တယ်။ အခုလိုဆုရတော့ ဝမ်းလည်းသာပါတယ်။ ရှေ့ဆက်ပြီးတော့လည်း သမီးအဲဒီထက် ပိုလုပ်နိုင်အောင်ကြိုးစားသွားပါမယ်"ဟု ပြောသည်။

ယာဉ်ထိန်းရဲတပ်ကြပ်ကြီး ခင်မောင်စိုးမှာ မကွေးမြို့တွင် မသိသူမရှိဘဲ နေပူမရှောင် မိုးရွာမရှောင် တာဝန်ကျရာနေရာတွင် မခိုမကပ်ဘဲ လမ်းမပေါ်တွင် လမ်းရှင်းပေးနေသည့်အတွက် မြို့ခံပြည်သူများ၏ ချစ်ခင်လေးစားမှုကို အပြည့်အဝရရှိထားသော ပြည်သူ့ဝန်ထမ်းကောင်းဖြစ်သောကြောင့် မကွေးဂုဏ်ရည်ဆုဂုဏ်ပြုဆုချီးမြှင့်ရခြင်းဖြစ်ပြီး ယာဉ်ထိန်းရဲမေ တပ်သား ပပဝင်းသည် အသက်ငယ်ရွယ်ပြီး လုပ်သက်နုသေးသော်လည်း သူ တာဝန်ကျရာ ကျောင်း၊ ဈေးစသည့်နေရာများ၌ ယာဉ်လမ်းကြောင်းမရှုပ်ထွေးစေရန် ကူညီပေးနိုင်သူဖြစ်ပြီး သူသည် ကျန်းမာရေးချို့တဲ့သူတစ်ဦးဖြစ်သည့်အတွက် ဆေးသွင်းဆေးသောက်လုပ်နေရသော်လည်း ခွင့်မယူဘဲ တာဝန်ကျေပွန်စွာ ထမ်းဆောင်နေသည်ကို တွေ့မြင်ရသဖြင့် ယခုကဲ့သို့ မကွေးပရဟိတမှ မကွေးဂုဏ်ရည်ဆုကို ချီးမြှင့်ရခြင်းဖြစ်ပြီး နောင်နှစ်များတွင် ဝန်ထမ်းများသာမကဘဲ ပြည်သူလူထုအကျိုးကို ကိုယ်ကျိုးမဖက်ဘဲ အသက်စွန့်ဆောင်ရွက်နေသူ မည်သူ့ကိုမဆို မကွေးပရဟိတအသင်းကြီးက မကွေးဂုဏ်ရည်ဆုပေးအပ်သွားမှာပါဟု မကွေးပရဟိတအဖွဲ့ဝင်ဦးမိုးက ပြောသည်။

**အိမွန်ဆွေ(ရေစကြို)**

# ဒီးမော့ဆိုမြို့နယ်၌ လူထုအခြေပြု စီမံကိန်းလုပ်ငန်းများ အသိပေးတင်ပြ

**ဒီးမော့ဆို ဇူလိုင် ၂၀**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်အတွင်း World Vision Myanmar (ဒီးမော့ဆို)မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေး လူထုအခြေပြု စီမံကိန်းလုပ်ငန်းများ အသိပေးတင်ပြခြင်းနှင့် အတည်ပြုခြင်း အခမ်းအနားကို ဇူလိုင် ၂၀ ရက်က ဒီးမော့ဆိုမြို့ စိန်ဂျိုးဇက် ခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘော်ရယ်စိုးဝေက အမှာစကား ပြောကြားပြီး ဇုန်မန်နေဂျာ ဦးစရီးလိုက World Vision Myanmar မှ ဆောင်ရွက်မည့်လုပ်ငန်းစဉ်နှင့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဒေသဖွံ့ဖြိုးရေး စီမံကိန်း မန်နေဂျာ ဒေါ်နော်ကပေါ်မူးဖေါက မြို့နယ်အတွင်း ကျေးရွာများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သော ဒေသဖွံ့ဖြိုးရေးနှင့် သက်ဆိုင်သည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားကာ ကလေးသူငယ်ဖွံ့ဖြိုးရေးဆိုင်ရာ စီမံချက်ရေးဆွဲရေး ပံ့ပိုးမှုတာဝန်ခံ ဦးဂျွန်ထက်က လူထုအခြေပြုကျေးရွာများ၏ ဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်း အဆင့်ဆင့်နှင့် ဆောင်ရွက်ခဲ့သည့် ရည်ရွယ်ချက်များကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ကလေးသူငယ်အခွင့်အရေးနှင့် ပါဝင်ဆောင်ရွက်ရေး နည်းပညာ တာဝန်ခံ ဦးကိုကိုဝင်းက ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး စနစ်လေ့လာဆန်းစစ်ခြင်းတွင် တွေ့ရှိရသော အချက်များကို ပြန်လည်တင်ပြဆွေးနွေးခြင်း၊ စီမံကိန်းရေးဆွဲခြင်း ကာလတစ်လျှောက် တွေ့ရှိခဲ့သည့် လူထု၏ လိုအပ်ချက်များကို ထပ်မံဖြည့်စွက်ဆောင်ရွက်ရန် လိုအပ်သည့် အချက်အလက်များကို ဒေသဖွံ့ဖြိုးရေး စီမံကိန်းမန်နေဂျာက တင်ပြဆွေးနွေးသည်။



ထို့နောက် ဇုန်မန်နေဂျာက စီမံကိန်းကျေးရွာ ၃၁ ရွာမှ စာသင်ကျောင်း ၂၅ ကျောင်းအတွက် ရေသန့်စက်များကို မြို့နယ်ပညာရေးမှူး ဒေါ်နော်အယ်ဖောထံ ပေးအပ်သည်။

အဆိုပါ အခမ်းအနားတွင် World Vision Myanmar မှ မြို့နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေး လူထုအခြေပြု စီမံကိန်းလုပ်ငန်းများအဖြစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ အသိပညာဗဟုသုတများ တိုးမြှင့်ပေးရေး၊ အခြေခံကျန်းမာရေးပြုစုစောင့်ရှောက်မှု၊ မိခင်နှင့် ကလေး ကျန်းမာရေးပံ့ပိုးမှု၊ ပတ်ဝန်းကျင်သန့်ရှင်းမှု၊ မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်မှု၊ ကလေးသူငယ် ပြုစုပျိုးထောင်မှု၊ ကျောင်းနေအရွယ်လွန်ကလေးများ အသက်မွေးဝမ်းကျောင်း ပညာရပ်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပညာရေး၊ ကျန်းမာရေး၊ ကလေးသူငယ်ဖွံ့ဖြိုးရေးနှင့် လူကုန်ကူးမှု တိုက်ဖျက်ရေးစသည့် လုပ်ငန်းများတွင် World Vision Myanmar နှင့် ဌာနဆိုင်ရာများ၊ NGO များ၊ ရပ်ရွာကိုယ်စားပြု စေတနာ့ဝန်ထမ်း အစုအဖွဲ့များ ပူးပေါင်းပါဝင်ပံ့ပိုးဆောင်ရွက်နိုင်မည့် အကြံပြုချက်များ ရယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## အာဇာနည်နေ့ အခမ်းအနားများ မြို့နယ်များ၌ကျင်းပ

**သုဝဏ္ဏဝတီမြို့**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ အခြေခံပညာအထက်တန်းကျောင်း (သိမ်ဆိပ်)ဘောလုံးကွင်း၌ ဇူလိုင် ၁၉ ရက်က (၇၁) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရာ မြို့ပေါ်ရပ်ကွက်များနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် အာဇာနည်ကျောက်တိုင်ရှိရာသို့ လွမ်းသူ့ပန်းခွေများ ကိုင်ဆောင် ချီတက်နေရာယူကြပြီး အလေးပြုခဲ့ကြသည်။

**ခွန်(ဝင်းပ)**

**တောင်ငူ**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင် ဇူလိုင် ၁၉ ရက်က (၇၁) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို တောင်ငူမြို့ မြို့မဗိုင်ဒါ အားကစားကွင်း တောင်ဘက်ရှိ အာဇာနည်ကျောက်တိုင်ကြီး၌ ကျင်းပ၍ တက်ရောက်လာကြသူများက လွမ်းသူ့ပန်းခွေများ၊ ပန်းစည်းများချကာ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးလေပြီးသော အာဇာနည် ခေါင်းဆောင်ကြီးများအား ဦးညွှတ်အလေးပြုခဲ့ကြသည်။ ထို့နောက် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် တောင်ငူမြို့နယ် ရဲတပ်ဖွဲ့မှ ဦးဆောင်၍ နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား ဦးညွှတ်အလေးပြုခြင်း၊ တစ်မိနစ်ကြာခန့် ငြိမ်သက်ကာ ဥသြဆွဲအလေးပြုခြင်းတို့ ပြုလုပ်ခဲ့ကြသည်။

**သူရ(တောင်ငူ )**

**ပြည်**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် (၇၁) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ဇူလိုင် ၁၉ ရက်က ပြည်မြို့ ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကျောက်ရုပ်၌ ကျင်းပရာ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ပရဟိတအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်သူများက လွမ်းသူ့ပန်းခွေချ အလေးပြုခဲ့ကြသည်။

**မောင်ရွှေဝင်း (ပြည်)**

**ဖြူး**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်တွင် (၇၁)နှစ်မြောက် အာဇာနည်နေ့ကို ယခုနှစ်တွင် အထူးစည်ကားစွာကျင်းပခဲ့ပြီး ဖြူးမြို့ မြို့မအရှေ့ရပ်ကွက် မြို့နယ်ဂုဏ်ဆောင် သာသနာ့ဗိမာန်ရှေ့ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုကွင်းပြင်၌ ကျင်းပရာ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့ အစည်းများမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် အများပြည်သူများ တက်ရောက်ဂါရဝပြုကြသည်။

**ဖြူးမြင့်ဦး**


### အမည်မှန်

ဦးကျော်ဇောဝင်း၏ သမီး အထက(၄)၊ မြောက်ဥက္ကလာပ၊ အဋ္ဌမတန်း(D)မှ မအိသွေးသဉ္ဇာ၏ အမည်မှန်မှာ မအိသွေးသဉ္ဇာဦး ဖြစ်ပါကြောင်း။ **မအိသွေးသဉ္ဇာဦး**

### ဖခင်အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ မြင်သာကျေးရွာ၊ အထကကျောင်းဝင်အမှတ် ၅၂၂၀မောင်ဇော်မြင့်အောင် အဋ္ဌမတန်း၏ ဖခင်အမည်မှန်မှာ ဦးစိန်မောင် ၅/ ဟမလ(နိုင်)၀၈၃၀၈၂ ဖြစ်ပါကြောင်း။ **ဦးစိန်မောင်**

### ဖခင်အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ မြင်သာကျေးရွာ၊ အထက အဋ္ဌမတန်းမှ မသော်တာထွန်း၊ ပဉ္စမတန်းမှ မစန်းသော်တာ၊ စတုတ္ထတန်းမှ မကြူကြူသင်းတို့၏ ဖခင်အမည်မှန်မှာ ဦးကျော်သိုက် ၅/ဟမလ(နိုင်) ၁၂၇၃၀၉ ဖြစ်ပါကြောင်း။ **ဦးကျော်သိုက်**

### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ဇရပ်ကွင်း အထကတက္ကသိုလ်ဝင်တန်း(A)မှ မောင်ဝင်းသူထက်၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေး ကတ်ပြားအရ ဦးဝင်းဗိုလ် ၉/သပက (နိုင်)၀၂၄၅၆၀ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ရန်ကုန်မြောက်ပိုင်းခရိုင်၊ အနောက်ပိုင်းတက္ကသိုလ်၊ ဓာတုဗေဒပထမနှစ်မှ မစိုးစန္ဒာဝင်း၏ ဖခင်အမည်မှန်မှာ ဦးဆန်းဝင်း ၁၄/အဂပ(နိုင်)၀၆၇၈၅၁ ဖြစ်ပါသည်။ **ဦးဆန်းဝင်း**

### အိတ်ဖွင့်တင်ဒါခေါ်ယူမှုအား ပယ်ဖျက်ကြောင်းကြော်ငြာခြင်း

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနပိုင် အဆောက်အအုံတစ်ခု၊ နှစ်ခန်းတွဲသိုလှောင်ရုံတစ်လုံး၊ မြေကွက်တစ်ကွက်၊ အခန်းတစ်ခန်း၊ သိုလှောင် ရုံငါးလုံး၊ ရေဆင်းတံတားတစ်ခုတို့အား ၂၅-၇-၂၀၁၈ရက်တွင် တင်ဒါခေါ်ယူရန် ၂၀၁၈ခုနှစ်၊ ဇွန် ၂၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာထည့်သွင်းခဲ့မှုအား ပယ်ဖျက်ပါကြောင်း အသိပေးအပ်ပါသည်။ **တင်ဒါစိစစ်ရေးအဖွဲ့**

### ဖခင်အမည်မှန်

တမူးမြို့၊ တမူးအထက(၁) တက္ကသိုလ်ဝင်တန်းမှ ကျောင်းဝင်အမှတ်(၁၀၀/၁၂) မနှင်းဝေဝေလှိုင်၏ ဖခင်အမည်မှန်မှာ ဦးရှိထန်းလျံနာ ၅/တမန(နိုင်)၀၃၉၄၀၉ ဖြစ်ပါကြောင်း။ **ဦးရှိထန်းလျံနာ**

### ရောင်းမည်/ငှားမည်

၁။ အမှတ် ၄၄၇၊ နွယ်သာဂီလမ်းနှင့် အင်ကြင်းလမ်းထောင့် (၂)ရပ်ကွက်၊ရွှေပြည်သာမြို့နယ်၊
60'× 60' VIP နှစ်(၆၀)ဂရန်မြေ၊ ရေ၊ မီးစုံ။
ရောင်း- သိန်း ၁၂၀၀/ ငှား- ၅သိန်း

၂။ အမှတ် ၆၂၃/C၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ အောင်ဆန်းရပ်ကွက်၊ အင်းစိန်မြို့နယ်။
32 '× 55 ' ၊ RCနှစ်ထပ်၊ ရေ/မီးစုံ၊ ဘိုးဘွားပိုင်မြေ။
ရောင်း-သိန်း ၄၈၀၀/ ငှား- ၁၀သိန်း။

**ဖုန်း-၀၉-၅၁၉၈၅၄၁၊ ၀၉-၅၁၂၈၅၇၃၊ ၀၉-၅၁၅၂၇၂၃၊ ၀၁-၃၆၄၅၈၇၃**

### ဖခင်အမည်မှန်

အထက(၁)၊ လှိုင်သာယာ၊ တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားခဲ့သော မောင်သန့်ဇင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးဆန်းဝင်း ၁၄/အဂပ(နိုင်)၀၆၇၈၅၁ ဖြစ်ပါသည်။

### ဖခင်အမည်မှန်

အထက(၁)၊ လှိုင်သာယာ၊ နဝမတန်း(E)မှ မောင်ဇင်ကိုဝင်း၏ ဖခင်အမည်မှန်မှာ ဦးဆန်းဝင်း ၁၄/အဂပ(နိုင်)၀၆၇၈၅၁ ဖြစ်ပါသည်။

### ကန့်ကွက်နိုင်ပါကြောင်း

သဃ်ၤန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/၄၊ မြေကွက်အမှတ် ၆၉၉/က၊ မြေကွက်တည်နေရာအမှတ်-၆၉၉/က၊ သုမန(၄)လမ်း၊ ၁၆/၄ ရပ်ကွက်၊ သဃ်ၤန်းကျွန်းမြို့နယ် [ဒေါ်အုန်းလှိုင် ၁၂/သဃက(နိုင်)၀၂၆၈၄၀]အမည်ပေါက် နှစ် ၆၀ဂရန်မြေအား ဦးစိုးမင်း ၁၂/သဃက(နိုင်)၀၉၇၂၇၀၊ ဒေါ်မိုးမိုးကြည် ၁၂/သဃက(နိုင်)၀၂၅၃၉၅၊ မလဲ့လဲ့ဝင်း ၁၂/သဃက(နိုင်)၀၂၅၃၉၄တို့မှ အမည်ပေါက် မိခင်ဒေါ်အုန်းလှိုင်သည် ၁၀-၇-၉၈ရက်တွင် ကွယ်လွန်ခဲ့ပြီး သေစာရင်းရှာဖွေမတွေ့ရှိကြောင်း၊ တိုင်းကျန်းမာရေးအကြောင်းကြားစာ သေဆုံး သည်မှာမှန်ကန်ကြောင်း၊ ရပ်ကွက်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ဖခင်ဦးအေးမြင့် သေစာရင်း၊ မိဘနှစ်ပါးကွယ်လွန်ပြီးဖြစ်သဖြင့် ၎င်းတို့မှလွဲ၍ ပိုင်ဆိုင်ခွင့်မရှိဘဲ မောင်နှမ သုံးဦးသာပိုင်ဆိုင်ကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ် တရားသူကြီးထံတွင် ကျမ်းကျိန်အမှတ် စဉ်-၆/၄၉၅(၆-၆-၁၈)ဖြင့် ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာနှစ်စောင်၊ ဂရန်မူရင်း၊ အိမ်ထောင်စုစာရင်းများ တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာမှုအပေါ် မြေပြင်ကွင်းဆင်းစစ်ဆေးရာ၌ ကားဂိုဒေါင်ရှိပြီး မြေပေါ်နေထိုင်ခြင်း မရှိပါသဖြင့် မြေပြင်မနေထိုင်ခြင်းနှင့်ပတ်သက်၍ တာဝန်ယူကြောင်း ဝန်ခံကတိတင်ပြကာ အဆိုပါပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ပျောက်ဆုံးကြောင်း

ကျွန်တော် စောလင်းလင်းနိုင် ၃/ဘအန(နိုင်)၂၇၉၂၃၃၏ နိုင်ငံကူးလက်မှတ်အမှတ် MD-265133 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၃၆၄၆၆၅၈**

### အများသိစေရန်ကြေညာချက်

မောင်သန့်ဇင်အောင် ၁၃/ကခန(နိုင်)၀၈၈၆၄၇(ဘ) ဦးကြူချောက်လီ၊ နေရပ်လိပ်စာ- ရပ်ကွက်(၈)၊ ကွတ်ခိုင်မြို့(CV Formပါ လိပ်စာအတိုင်း)သည် Manager(Mandalay Marketing Service Centre)ရာထူးဖြင့် Myanmar Unilink Communication Co.,Ltd.တွင် ၁-၁၁-၂၀၁၇ရက်မှ ၂၄-၆-၂၀၁၈ ရက်အထိ တာဝန်ထမ်းဆောင်နေစဉ် ကာလအတွင်း ကုမ္ပဏီပိုင်ငွေကြေးများကို အလွဲသုံးစား ပြုလုပ်ခဲ့ပါသဖြင့် Myanmar Unilink Communication Co.,Ltd. မှ ၂၅-၆-၂၀၁၈ရက်မှစတင်၍ မောင်သန့်ဇင်အောင်အား အလုပ်မှထုတ်ပယ်လိုက်ပြီး သက်ဆိုင်ရာနယ်မြေရဲစခန်းတွင် ဥပဒေအတိုင်း အရေးယူဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ မောင်သန့်ဇင်အောင်နှင့် ပတ်သက်သော မည်သည့်ကိစ္စမဆို Myanmar Unilink Communication Co.,Ltd.နှင့်(လုံးဝ)သက်ဆိုင်မှု မရှိပါကြောင်းနှင့် ၎င်း၏တာဝန်သာဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**Myanmar Unilink Communication Co.,Ltd.**

### ကန့်ကွက်နိုင်ပါကြောင်း

မြောင်းမြမြို့၊ မရမ်းကုန်းရပ်ကွက်၊ ဇောင်းယားပင်ဆိပ်ကမ်းနားလမ်း၊ အမှတ် ၁နေ ဦးအေးဆွေ၏သား ဦးရန်နိုင်အောင် ၁၄/မမန(နိုင်)၁၅၆၃၁၆မှ မြောင်းမြမြို့၊ (၇)ရပ်ကွက်ရှိ မြေစာရင်းရပ်ကွက်အမှတ်(၇-က)သရက်ကုန်း၊ ဦးပိုင်အမှတ်(၂၀)၊ ဧရိယာ ၀ ဒသမ ၀၉၁ ဧကရှိ မြေသည် ယခင်က DOVNO.၂၄၀/၁၉၅၀-၁၉၅၁အရ(၃၁-၁၂-၁၉၅၂) အထိ တစ်နှစ်မြေငှားလိုင်စင်အား ဦးဂျက်ကရိန်းအမည်ဖြင့် ရရှိထားခဲ့ကြောင်း၊ ဦးဂျက်ကရိန်းကွယ်လွန်ပြီးနောက် ဇနီးဖြစ်သူ ဒေါ်မူနီထံမှ ၎င်းက(၁၈-၁၁-၂၀၁၃)ရက်တွင် မှတ်ပုံတင်စာချုပ်(၈၅/၂၀၁၄)ဖြင့်ဝယ်ယူခဲ့ကြောင်း၊ ယင်းမြေဝယ်ယူစဉ်ကတည်းက ယခင်တစ်နှစ်မြေငှားလိုင်စင်အား ရရှိခဲ့ဖူးခြင်းမရှိကြောင်းနှင့် ဦးရန်နိုင်အောင်အမည်ဖြင့် လူနေထိုင်ရန် ဂရန်ခွင့်ပြုပေးပါရန် လျှောက်ထားလာခဲ့ပါသည်။ အဆိုပါလျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဤရုံးသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်လာခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း ကြေညာအပ်ပါသည်။

**မြောင်းမြမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြောင်းမြမြို့**

### မိဘအမည်မှန်

မိုးညှင်းမြို့၊ အထက-၁၊ တက္ကသိုလ်ဝင်တန်း(F)မှ မဘောက်ခေါန်၏ဖခင်အမည်မှန်မှာ ဦးကျိုန်ထောင်ယော် ၁/မကန(နိုင်)၀၅၇၉၀၄ နှင့် မိခင်အမည်မှန်မှာ ဒေါ်ကွမ်ခီးခါး ၁/မကန (နိုင်)၀၅၇၉၇၇ ဖြစ်ပါသည်။ **ဦးကျိုန်ထောင်ယော်-ဒေါ်ကွမ်ခီးခါး**

### ကန့်ကွက်နိုင်ပါကြောင်း

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ အရှေ့စုရပ်ကွက်၊ ကွင်းအမှတ် ၈၊ ဦးပိုင်အမှတ်(၂၁)၊ မြေဧရိယာ ၀ ဒသမ ၁၁၇ ဧကရှိ ဒေါ်ချစ်ရီ(သမီး)ဒေါ်သန်းမေရီ အမည်ပေါက်မူလလိုင်စင်ဂရန်မူရင်းမှာ နေအိမ်ပြောင်းရွှေ့စဉ် ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း ဒေါ်သန်းမေရီမှ ၂၂-၁၀-၂၀၁၅ ရက်တွင် မိုးညှင်းမြို့နယ်တရားရုံး၌ ကျမ်းကျိန်ဆိုပြီးဖြစ်ပါသည်။ ယခုအခါမြေငှားဂရန်သက်တမ်းကုန်ဆုံးသည့်အပြင် ဒေါ်ချစ်ရီမှာ ကွယ်လွန်ခဲ့ပြီးဖြစ်သဖြင့် ဒေါ်သန်းမေရီမှ ၎င်း၏ညီမအရင်းဖြစ်သူ ဒေါ်နွယ်နွယ်သဉ္ဇာသို့ အမွေကြောင်းအရ ၀ ဒသမ ၀၇၉ ဧက ကို ခွဲဝေပြီးဖြစ်၍ ဒေါ်နွယ်နွယ်သဉ္ဇာအမည်ဖြင့် မြေငှားဂရန်ခွဲစိတ်အမည်ပြောင်း ပြန်လည်လျှောက်ထားသည်ကို ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိုးညှင်းမြို့သို့ အထောက်အထားပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
**ဦးစံဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၁၉၃၁**
**အမှတ် ၃၈၀၊ ၃×၄လမ်းကြား၊ အရှေ့ရပ်ကွက်၊ မိုးညှင်းမြို့၊ ဖုန်း-၀၉-၄၀၀၄၃၄၁၂၈**

### မိခင်အမည်မှန်

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ အထက ကလို့ တက္ကသိုလ်ဝင်တန်း(က)မှ မင်းသန့်ဇင် အောင်၏ မိခင်အမည်မှန်မှာ ဒေါ်မေဇင်ဦး ၁၀/ခဆန(နိုင်) ၀၇၈၁၀၇ ဖြစ်ပါကြောင်း။ **ဒေါ်မေဇင်ဦး**

### သားအဖြစ်မှရာသက်ပန်အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ၤန်းကျွန်းမြို့နယ်၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ တိုက်(၁၅)၊ အခန်း(၃)နေ ဦးအောင်လွင်(ကွယ်လွန်)နှင့် ဒေါ်မာမာဝေ ၁၂/မဂဒ(နိုင်)၀၆၁၆၂၇ တို့၏သား မောင်စည်သူအောင်လွင်(ခ)စိုးထွဋ်နောင် ၁၂/သဃက(နိုင်)၁၅၂၂၉၈ အသက်(၃၄)နှစ်သည် မိခင်၏ဆိုဆုံးမမှုကို မလိုက်နာဘဲစိတ်ငြိုငြင်ပင်ပန်းဆင်းရဲအောင် ကြိမ်ဖန်များစွာပြုလုပ်ခြင်း၊ သားသမီးဝတ္တရားနှင့်အညီ ပေးကမ်းထောက်ပံ့မှုမရှိခြင်း၊ ၅-၇-၂၀၁၈ရက်တွင် အမွေ အတွက်မိခင်၏အသက်ကိုပင် အန္တရာယ်ပြုလာသဖြင့်၎င်းသည် သွာနုတ္တသားဖြစ်ပါသဖြင့် ၎င်းအား အမွေစား အမွေခံသားအဖြစ်မှ ရာသက်ပန်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

**မိခင်**
**ဒေါ်မာမာဝေ**
**တိုက်(၁၅)၊ အခန်း(၃)နှင်းဆီကုန်းအိမ်ရာ**
**သဃ်ၤန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

### ဖခင်အမည်မှန်

ကျောက်ပန်းတောင်းမြို့၊ မြို့ရှေ့ အထက တက္ကသိုလ်ဝင်တန်း(C)မှ မသန်းမြင့်မွေး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စု လူဦးရေစာရင်းအရ ဦးကျော်တင် ၉/ကပတ(နိုင်)၀၆၄၆၉၃ ဖြစ်ပါကြောင်း။ **ဦးကျော်တင်**

### ကန့်ကွက်နိုင်ပါကြောင်း

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ အရှေ့စုရပ်ကွက်၊ ကွင်းအမှတ် ၈၊ ဦးပိုင်အမှတ်(၂၁)၊ မြေဧရိယာ ၀ ဒသမ ၁၁၇ ဧကရှိ ဒေါ်ချစ်ရီ(သမီး) ဒေါ်သန်းမေရီ အမည်ပေါက်မူလလိုင်စင်ဂရန်မူရင်းမှာ နေအိမ်ပြောင်းရွှေ့စဉ် ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း ဒေါ်သန်းမေရီမှ ၂၂-၁၀-၂၀၁၅ ရက်တွင် မိုးညှင်းမြို့နယ်တရားရုံး၌ ကျမ်းကျိန်ဆိုပြီးဖြစ်ပါသည်။ ယခုအခါမြေငှားဂရန်သက်တမ်းကုန်ဆုံးသည့်အပြင် ဒေါ်ချစ်ရီမှာ ကွယ်လွန်ခဲ့ပြီးဖြစ်သဖြင့် ဒေါ်သန်းမေရီမှ ၎င်း၏ညီမအရင်းဖြစ်သူ ဒေါ်ခင်သန်းဝေသို့ အမွေကြောင်းအရ ၀ ဒသမ ၀၃၈ ဧကကို ခွဲဝေပြီးဖြစ်၍ ဒေါ်ခင်သန်းဝေအမည်ဖြင့် မြေငှားဂရန်ခွဲစိတ်အမည်ပြောင်း ပြန်လည်လျှောက်ထားသည်ကို ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိုးညှင်းမြို့သို့ အထောက်အထားပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
**ဦးစံဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၁၉၃၁**
**အမှတ် ၃၈၀၊ ၃×၄လမ်းကြား၊ အရှေ့ရပ်ကွက်၊ မိုးညှင်းမြို့၊ ဖုန်း-၀၉-၄၀၀၄၃၄၁၂၈**

### ကန့်ကွက်နိုင်ပါသည်

